www.burmeseclassic.com

တက္ကသိုလ်

# ဝင်းကြွယ်

မဟူရာမြားကာညှာ

ချင်းယုန်၏ ဝင်လို့ပြောင်း

ပထမပိုင်း



www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၁၃၀၂၀၄၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၁၂၆၅၀၄၀၄

၂၀၀၄ ခုနှစ်၊
ပထမအကြိမ်၊ အုပ်ရေ-၅၀၀
တန်ဖိုး ၁၀၀/-ကျပ်

ထုတ်ဝေသူ
ဒေါ်မိုးကေခိုင်၊ (ချိုတေးသံစာပေ)
ရွှေနှံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

အတွင်းပုံနှိပ်
ဦးသော်လွင်မြင့်၊ (စန္ဒကူး ပုံနှိပ်တိုက်)
၉ (H)၊ နဝရတ်ရိပ်သာလမ်း
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးပုံနှိပ်
ဦးဝင်းကျော်ထွန်း၊ (မုံရွေး ပုံနှိပ်တိုက်)
အမှတ် (၁၄၀)၊ ၄၅- လမ်း၊
ဗိုလ်တစ်ထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်

# ဝင်းကြွယ်

# မဟူရာမြားကညာ

(ပထမပိုင်း)

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ရွှေကွပ်ထားသော အနက်ရောင်မြားလေးတစ်စင်း....

သာမန်မြားတစ်စင်းမဟုတ်။

ဝိညာဉ်ခြွေအဆိပ်မြားဖြစ်သည်။

သိုင်းလောကဌ်...

မဟူရာဒေဝီဟူ၍လူသိများသော လက်နက်ပုန်းဖြစ်သည်။

အဆိုပါလက်နက်ပုန်းသည် လွန်စွာသေးငယ်သော မြားတစ်စင်းဖြစ်၏။

အရှည်မှာ နှစ်လက်မခန့်သာရှိသည်။

အလေးချိန် တစ်မတ်သားခန့်ရှိသောရွှေဖြင့် မြားတံကို အနားကွပ်ထားသည်။ မြား၏အမြီးပိုင်းတွင် အနီရောင်ပိုးကြိုးလေး ချည်ထားသည်။

ထူးခြားလှပပြီး တန်ဖိုးအားဖြင့်လည်း...

www.burmeseclassic.com

www.burmeseclassic.com



နည်းလှမည်မဟုတ်ချေ။

သို့သော် ဤမြားသည် အလှအပပစ္စည်းမဟုတ်ပါ။

လူကို အန္တရာယ်ပေးကာ အသက်ဇီဝိန်ကိုချွေယူနိုင်သည့် လက်နက်ပုန်းတစ်ခုသာဖြစ်ပေသည်။

တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှုသည်....

အနက်ရောင်မြားလေးကို သေသေချာချာစစ်ဆေးကြည့်ရှုနေသည်။

မြားပေါ်ပေကျံနေသောသွေးစသွေးနများကို ပဝါဖြင့်သုတ်ပစ်လိုက်သည့်အခါ မြားတံပေါ်ရေးထွင်းထားသည့်စာလုံးလေးများပေါ်လာလေသည်။

"မဟူရာဒေဝီ"

ဤစာလုံးမှာမြားလေး၏အမည်လား။

သို့မဟုတ်

ဤမြား လေးကိုအသုံးပြုသောသူ၏အမည်လား ဆိုသည်ကိုကား ကြူးလန်းရှု ဝေခွဲ၍မရချေ

သို့သော်....

ဤမြားလက်နက်ပုန်းကိုအသုံးပြုသူသည် သိုင်းပညာထူးချွန်ထက်မြက်ရုံသာမက....



ငွေကြေးမနေလည်းပြည့်စုံကာ ဟိတ်ဟန်ကြီးမားသူဖြစ်မည်ဟူ၍ကား ကောက်ချက်ချမိသည်။

ကြူးလန်းရှုသည် အနက်ရောင်မြားလေးကိုစစ်ဆေးနေရာမှ ကြမ်းပြင်ပေါ်အသာမျက်စိကစားလိုက်သည်။

ကြမ်းပြင်ပေါ်တွင် လူတစ်ယောက်လဲကျနေ၏။

ထိုသူမှာ ကြူးလန်းရှုနှင့်အလွန်ရင်းနှီးခင်မင်သော သိုင်းလုလင်ချီကျောင်းဖြစ်သည်။

ချီကျောင်းသည် ကြူးလန်းရှုကိုနှုတ်ဆက်စကားပြောနိုင်စွမ်းမရှိတော့။ သူ၏ရင်ဘတ်တွင် ခြောက်သွေ့သောသွေးခဲများဖြင့်ဒီရဲနေသည်။

အနက်ရောင်မြားလေးတစ်စင်းက ချီကျောင်း၏အသက်ဇီဝိန်ကိုချွေယူခဲ့ပြီးဖြစ်သည်။

ကြူးလန်းရှုသည် မိတ်ဆွေရောင်းရင်းဖြစ်သူ ချီကျောင်းကိုလာရောက်တွေ့ဆုံရာတွင် ချီကျောင်းကိုအသက်ရှင်လျက်နှင့်မတွေ့ရဘဲအလောင်းကိုသာတွေ့ရလေသည်။

ကြူးလန်းရှုတွေ့ရှိချိန်ဝယ် ချီကျောင်း၏အလောင်းမှာ အေးတော်တောင့်တင်းနေပြီဖြစ်၏။

အသက်ပျောက်ခဲ့သည်မှာ နှစ်ရက်ခန့်ကြာပြီဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုအကဲခတ်မိသည်။

ချိုကျင်းကို မည်သူသတ်ဖြတ်သွားသနည်း။

ဤမဟူရာမြားလက်နက်ပုန်းကိုအသုံးပြုသူမှာ မည်သူဖြစ်သနည်း။

ဤကိစ္စနှင့်ပတ်သက်၍ လက်သည်အစစ်အမှန်ကို မဖြစ်မနေစုံစမ်းဖော်ထုတ်ရန် ကြူးလန်းရှုစိတ်ပိုင်းဖြတ်လိုက်လေသည်။

✦

ငါးရက်ခန့်လွန်မြောက်ပြီးနောက်....

တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှုသည်... စီထိန်တောင်ခြေရှိ အိမ်တစ်အိမ်၏ဝင်းတံခါးရှေ့သို့ ရောက်ရှိလာခဲ့သည်။

ထိုအိမ်မှာ.... သိုင်းလောကတွင်အမည်ထင်ရှားလှသော သိုင်းသမားကြီးလောင်စီပိုက်၏နေအိမ်ဂေဟာဖြစ်လေသည်။

လောင်စီပိုက်သည် လက်နက်ပုန်းအမျိုးမျိုးပစ်ခတ်မှုတွင် အလွန်ကျွမ်းကျင်လိမ္မာသူဖြစ်၏။

လက်နက်ပုန်းပစ်ခတ်သည့်အတတ်ပညာတွင်လည်း ပြိုင်စံရှားသည်ဟုထင်ရှားကျော်ကြားသည်။

ထို့ကြောင့်....



သိုင်းသမားများက လက်နက်စကြာလောင်စီပိုက်ဟုပင် တင်စားခေါ်ဝေါ်ကြသည်။

လက်နက်စကြာ လောင်စီပိုက်၏ နေအိမ်ဝင်းတံခါးသို့ ကြူးလန်းရှုရောက်ရှိလာချိန်မှာ နံနက်ပိုင်းအချိန်ဖြစ်သည်။

ထိုအချိန်တွင်....

လောင်စီပိုက်သည် သမီးငယ်လောင်ရှောက်မေနှင့်အတူ ပန်းခြံထဲတွင် ပန်းပင်တစ်ပင်ကိုပြုစုပေးလျက်ရှိသည်။

အိမ်အမှုထမ်းတစ်ယောက်က တစ်ကိုယ်တော်သိုင်းသမား ကြူးလန်းရှု အိမ်ရှေ့တွင်ရောက်နေကြောင်း လာရောက်အကြောင်းကြားသည့်အခါ....

လောင်စီပိုက်မှာအံ့ဩသွားရသည်။

"ဘာ.... တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှု ငါ့အိမ်ရှေ့ရောက်နေတယ်ဟုတ်လား"

လောင်စီပိုက်ကမျက်မှောင်ကြုတ်ကာပြောသည်။

အိမ်အမှုထမ်းက ခေါင်းညိတ်၏။

"ဟုတ်ပါတယ်ခင်ဗျာ"

လောင်စီပိုက်က အလိုမကျဟန်ဖြင့်....

"ဒီသူငယ်က ဘာကိစ္စနဲ့ငါ့အိမ်ကိုရောက်လာရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ကျွန်တော်လဲမသိပါဘူး... သူက သခင်ကြီးကိုတွေ့ချင်တယ်လို့ပဲပြောပါတယ်"

"ကောင်းပြီ... သူ့ကိုဒီနေရာခေါ်လာခဲ့ပါ"

"ဟုတ်ကဲ့ပါသခင်ကြီး"

အိမ်အမှုထမ်းသည် လောင်စီပိုက်ကို ဦးညွှတ်အရိုအသေပေးပြီး ပြန်လည်ထွက်ခွာသွားသည်။

"သမီးရှောက်မေ... အိမ်ထဲကိုဝင်နေစမ်း"

လောင်စီပိုက်က သမီးဖြစ်သူကိုပြောသည်။

သူ၏မျက်နှာမှာ အနည်းငယ်ခက်ထန်တင်းမာနေသည်။ အရေးကြီးသောကိစ္စတစ်ခုကို ရင်ဆိုင်ရတော့မည့်အသွင်မျိုး။

လောင်စီပိုက်သည် အသက်(၅၀)ကျော်ရှိသည်။

မျက်နှာကျ ခန့်ထည်သည်။

ဝတ်စားဆင်ယင်ပုံယဉ်ကျေးကာ အထက်တန်းကျ၏။

စာတတ်ပေတတ် လူရေတတ်တစ်ယောက်အသွင်ရှိသည်။ လက်ချောင်းဆယ်ချောင်းမှာ သေးသွယ်ရှည်လျားကာ ပျော့ပျောင်းနူးညံ့သည်။

အမူအရာမှာလည်း အမြဲပင်အေးအေးဆေးဆေးရှိသည်။

ယခုမူ...



မျက်နှာထားတင်းမာနေသောကြောင့် သမီးဖြစ်သူ လောင်ရှောက်မေမှာ အံ့သြသွားမိလေသည်။

"သမီး ဘာကြောင့်အိမ်ထဲကိုဝင်နေရမှာလဲဖေဖေ"

လောင်ရှောက်မေကမေးသည်။

ရှောက်မေသည် အသက်(၁၇)နှစ်ခန့်ရှိသည်။

မျက်နှာသွယ်ကာ... နှာတံပေါ်ပေါ် မျက်လုံးကြည်ကြည်နှင့်လှပချောမော၏။

ကိုယ်နေကိုယ်ဟန်ထားကလည်း တောင့်တင်းအချိုးကျဖွံ့ဖြိုးသည်။

ပွင့်ဖူးစပန်းလေးတစ်ပွင့်နှယ် အလှသွေးကြွယ်သည်။

"သမီးကိုကြူးလန်းရှုနဲ့ မတွေ့စေချင်လို့ပါ၊ ကဲ... အိမ်ထဲကိုမြန်မြန်ဝင်"

လောင်စီပိုက်က အရေးကြီးဟန်ဖြင့်ထပ်မံပြောသည်။

"သူ သမီးကိုမြင်သွားတော့ကောဘာဖြစ်မှာမို့လဲ"

"စကားမရှည်နဲ့... အိမ်ထဲကိုဝင်မှာသာမြန်မြန်ဝင်စမ်း"

"ဘာကြောင့်သူနဲ့အတွေ့မခံရသလဲဆိုတာ ပြောမပြရင် သမီးအိမ်ထဲကိုမဝင်ဘူး"

ရှောက်မေက နှုတ်ခမ်းစူကာ မူနွဲ့ဟန်ဖြင့်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



သမီးဖြစ်သူ အချိန်မီ ရှောင်မသွားမည်စိုးသောကြောင့် လောင်စီပိုက်က အကြောင်းရင်းမှန်ကိုရှင်းပြရတော့သည်။

"ကြူးလန်းရှုဟာ အချစ်မင်းသားရယ်လို့ နာမည်သတင်းကျော်ကြားနေတဲ့လူဖြစ်တယ်၊ ချောမောလှပတဲ့မိန်းကလေးတွေကိုမြင်ရင် အတင်းပိုးပန်းပြီး အချစ်ကိုရအောင်ယူတတ်တယ်တဲ့၊ ဒါကြောင့် သမီးအနေနဲ့ သူနဲ့မတွေ့ရှောင်နေသင့်တယ်"

"ဒီလူက မိန်းမမှုပွေပြီးရမ်းကားဆိုးဝါးနေလို့လား"

"အင်း... ဒီလိုတော့လဲမဟုတ်ပါဘူး၊ မိန်းမမှုပွေပြီး ရမ်းကားနေတဲ့လူတစ်ယောက်ဆိုရင် ဖေဖေကိုယ်တိုင်ဘယ်အတွေ့ခံမှာလဲ၊ အခု... ထူးထူးဆန်းဆန်း ဖေဖေဆီကို သူရောက်လာတာဟာ သမီးကိုးပိုးပန်းချင်လို့လားမသိဘူး၊ ကဲ... ဘာပဲဖြစ်ဖြစ်၊ သမီးအိမ်ထဲဝင်ပေတော့"

"မိန်းကလေးလှလှမြင်တိုင်း ချစ်တမ်းကစားချင်တဲ့လူမျိုးကိုသမီးကြည့်လို့မရဘူး၊ သူ့ကိုဆုံးမခွင့်ပေးပါဖေဖေ"

"မဖြစ်နိုင်တာတွေပြောမနေနဲ့ ကြူးလန်းရှုရဲ့သိုင်းပညာကသိပ်ပြီးအစွမ်းထက်မြက်တယ်၊ သမီးအနေနဲ့ သူ့ကိုအနိုင်မတိုက်နိုင်ဘူး၊ ကဲ... အိမ်ထဲသာဝင်စမ်းပါ"

လောင်စီပိုက် စိတ်မရှည်နိုင်ဟန်ဖြင့်ပြောလိုက်သည်။



ရှောက်မေလည်း ဖခင်၏စကားကိုမလွန်ဆန်နိုင်သောကြောင့် ထိုနေရာမှခပ်သုတ်သုတ်လေးထွက်သွားသည်။

ရှောက်မေ ထွက်သွားပြီး မရှေးမနှောင်းမှာပင် ထိုနေရာသို့ ကြူးလန်းရှုရောက်ရှိလာသည်။

ကြူးလန်းရှုသည်....

မျက်စိအလွန်လျင်သူဖြစ်ရာ ရှောက်မေကို ရိပ်ခနဲတွေ့လိုက်ရသည်နှင့် ရုပ်သွင်သဏ္ဍာန်နှင့် ကိုယ်နေဟန်ထားကို ကောင်းစွာသိလိုက်သည်။

အလှဘုရင်မလေးတစ်ယောက်ဟု စိတ်ထဲမှချီးမွမ်းကာ ရှောက်မေထွက်သွားရာဘက်သို့ လိုက်၍ငေးကြည့်မိသည်။

ထိုအခိုက်မှာပင်....

ကျောက်ခဲလေးသုံးလုံးသည် လမ်းကြောင်းသုံးကြောင်းခွဲကာ ကြူးလန်းရှုရှိရာသို့ဦးတည်ဝင်ရောက်လာသည်။

မိန်းမချောလေးကို လိုက်လံငေးမောကြည့်နေမိသော ကြူးလန်းရှုသည် လေခွင်းသံခပ်သဲ့သဲ့ကိုကြားမိသည်တွင် ကပျာကယာခြေကိုကွေးကာ ကိုယ်ခန္ဓာကိုကိုင်း၍တိမ်းရှောင်လိုက်သည်။

လွင့်ပျံ့ဝင်ရောက်လာသော ကျောက်ခဲသုံးလုံးအနက် တစ်လုံးကိုလွတ်အောင်ရှောင်လိုက်နိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျန်နှစ်လုံးကိုမူ.... ဘယ်ညာလက်နှစ်ဖက်ဖြင့် ကမန်းကတန်းဖမ်းယူလိုက်ရသည်။

ထို့နောက်.... ကျောက်ခဲများလာရာဘက်သို့ လှမ်းကြည့်လိုက်ရာ....

လက်နက်စကြာလောင်စီပိုက်ကိုတွေ့ရသည်။

"သိပ်ကောင်းတဲ့လက်နက်ပုန်းပစ်နည်းပဲ၊ အဘရဲ့နာမည်သတင်းကိုကြားရတာကြာပါပြီ၊ လက်စွမ်းလက်စကိုတော့ အခုမှ ကိုယ်တိုင်မြင်ဖူးတော့တယ်"

ကြူးလန်းရှုက ဤသို့ပြောပြီး....

ဦးညွှတ်အရိုအသေပေးလိုက်သည်။

"ကဲ... ဒီတစ်ခုကိုထပ်ဖမ်းကြည့်ပါဦး"

လောင်စီပိုက်က ပြောပြောဆိုဆို ညာလက်ကို 'ဆတ်'ခနဲ ဝှေ့ယမ်းလိုက်သည်။

သေးငယ်သောလက်နက်ပုန်းတစ်ခု ကြူးလန်းရှုရှိရာသို့ တန်းဝင်လာသည်။

ဤလက်နက်ပုန်း ဝင်လာသည့်အချိန်အဟုန်မှာ စောစောက ကျောက်ခဲသုံးလုံး၏အချိန်ထက် ပိုပြင်းသည်။

ကြူးလန်းရှုကလည်း....



မိမိ၏အစွမ်းအစကိုပြသသည့်အနေဖြင့်.... ထိုလက်နက်ပုန်းကိုအမိအရဖမ်းယူရန် ကြိုတင်ပြင်ဆင်ထားလိုက်၏။

သို့ရာတွင်....

ထိုလက်နက်ပုန်းမှာ ကြူးလန်းရှုရှိရာသို့မရောက်မီ သုံးပေခန့်အကွာတွင် 'ဝုန်း'ခနဲပေါက်ကွဲသွားသည်။

မည်းမှောင်သောအခိုးအငွေ့များက ကြူးလန်းရှုကို လွှမ်းမိုးသွားတော့မည့်အလား ပျံ့လွင့်လာသည်။

ကြူးလန်းရှုမှာ ထိတ်လန့်သွားပြီး နောက်သို့ခြေလှမ်းငါးလှမ်းခုန်ဆုတ်လိုက်သည်။

"အဘဆီလာတဲ့ဧည့်သည်တစ်ယောက်ကို ဒီလို ဆီးကြိုနှုတ်ဆက်ဖို့မသင့်ပါဘူး"

ကြူးလန်းရှုကပြောလိုက်သည်။

"ဟား... ဟား... ဟား... ကျုပ်က ဧည့်သည်တွေကို လက်နက်ပုန်းနဲ့ဧည့်ခံတာဟာ အကြီးအကျယ်ဂုဏ်ပြုမှုပဲ၊ မင်းနဲ့ကျုပ်က ချောင်းရေနဲ့တွင်းရေလို တသီးတခြားနေကြတဲ့လူတွေ ဖြစ်တယ်၊ ဘယ်လိုမှပတ်သက်စရာအကြောင်းမရှိဘူး၊ အခု... ဘယ်လိုအကြောင်းကိစ္စရှိလို့ ကျုပ်ဆီကိုလာတာလဲ"

လောင်စီပိုက်က ရယ်မောပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်မောပြောဆိုနေသော်လည်း....

လောင်စီပိုက်၏မျက်လုံးများထဲတွင် မယုံသင်္ကာသည့်အရိပ်အသွင်များရှိနေကြောင်း ကြူးလန်းရှုအကဲခတ်မိသည်။

"ကျွန်တော့်ကို အထင်မလွဲပါနဲ့... ကျွန်တော်က မိတ်ဆွေတစ်ယောက်အဖြစ်လာခဲ့တာပါ၊ အဘကို အန္တရာယ်ပေးဖို့မဟုတ်ပါဘူး"

လောင်စီပိုက်ခေါင်းညိတ်လိုက်သည်။

"ကောင်းပြီ... ဒီလိုဆိုရင် ကျုပ်တို့အေးအေးဆေးဆေးစကားပြောကြတာပေါ့၊ လာ... ဟိုနားကိုသွားကြမယ်"

လောင်စီပိုက်သည်....

ကြူးလန်းရှုအား ပန်းခြံအတွင်း အပန်းဖြေနားနေရန် ပြုလုပ်ထားသောထိုင်ခုံလေးများရှိရာသို့ခေါ်ဆောင်လာခဲ့လေ၏။



အခန်း ( ၂ )

"ကိုင်း... ကျုပ်ဆီကိုလာခဲ့ရတဲ့အကြောင်းကိစ္စကို ပြောပါဦး"

ထိုင်ခုံများတွင် နေရာယူထိုင်မိကြပြီးသောအခါ လောင်စီပိုက်ကပြောသည်။

"အဘဟာ လက်နက်ပုန်းပစ်တဲ့အတတ်ပညာမှာ သိပ်ကျွမ်းကျင်တယ်... လက်နက်ပုန်းအမျိုးမျိုးကိုလဲ လေ့လာစုဆောင်းဖို့ဝါသနာပါတယ်လို့ ကျွန်တော်သတင်းကြားရပါတယ်၊ ဒီသတင်းမှန်ရဲ့မဟုတ်လား"

"အင်း... မှန်ပါတယ်"

"လက်နက်ပုန်းအမျိုးမျိုးတွေနဲ့ပတ်သက်ပြီး အဘအနေနဲ့အတော့်ကိုကျွမ်းကျွမ်းကျင်ကျင်နားလည်ထားမှာပေါ့နော်"

www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျုပ်ကိုသိပ်ချီးမွမ်းလွန်းနေပြီ၊ ကျုပ်က လက်နက်ပုန်းပါရဂူတစ်ယောက်တော့ မဟုတ်ပါဘူး၊ ဒီလက်နက်ပုန်းတွေကို ဝါသနာအလျှောက်လေ့လာနေလို့ တခြားလူတွေထက် နည်းနည်းပါးပါး ပိုသိနေတဲ့သဘောပါပဲ"

"အဘဆီမှာ လက်နက်ပုန်းဘယ်နှစ်မျိုးလောက် စုဆောင်းထားပြီးပါပြီလဲ"

"အမျိုးပေါင်းသုံးရာနီးပါးတော့ ရှိနေပါတယ်"

"ဟောဒီလက်နက်ပုန်းမျိုးကော အဘဆီမှာရှိပါသလား"

ကြူးလန်းရှုက ဤသို့ပြောပြီး အိတ်ထဲမှ 'မဟူရာဒေဝီ' လက်နက်ပုန်းကိုထုတ်ယူ၍ပြလိုက်သည်။ လောင်စီပိုက်သည် မဟူရာမြားကိုလှမ်းယူကာ စစ်ဆေးကြည့်သည်။

လောင်စီပိုက်၏မျက်နှာတွင် ထူးခြားသောအမူအရာတစ်ခု ရိပ်ခနဲပေါ်လာသည်။

"ဒီလက်နက်ပုန်းကို မင်းဘယ်နေရာကရခဲ့တာလဲ"

လောင်စီပိုက်က ကြူးလန်းရှုကို စူးစိုက်ကြည့်ပြီးမေး၏။

"ကျွန်တော့်မေးခွန်းကို အလျှင်ဖြေပါဦး"

"ကဲ... မင်းကျုပ်နဲ့ခဏလိုက်ခဲ့ပါ"

လောင်စီပိုက်က ဤသို့ပြောပြီးထိုင်ရာမှထလိုက်သည်။



ကြူးလန်းရှုလည်း ထိုင်ရာမှထသည်။ လောင်စီပိုက်က ကြူးလန်းရှုကို အိမ်တွင်းရှိစာကြည့်ခန်းထဲသို့ခေါ်ဆောင်သွားသည်။ စာကြည့်ခန်းထဲရှိ စာအုပ်ဗီရိုတစ်ခုမှအံဆွဲတစ်ခုကိုဆွဲဖွင့်ကာ လေးထောင့်သေတ္တာပြားလေးတစ်ခုကို ထုတ်ယူလိုက်သည်။

"ဒါဟာ ကျုပ်စုဆောင်းထားတဲ့လက်နက်ပုန်း အမျိုးမျိုးထဲက တစ်မျိုးပါပဲ"

လောင်စီပိုက်က ဤသို့ပြောပြီး လေးထောင့်သေတ္တာပြားလေးကိုဖွင့်ပြသည်။ သေတ္တာလေးထဲဝယ် အဝါရောင်ဖဲပြားတစ်ခုခင်းထားသည်။ ထိုဖဲပြားပေါ်ဝယ် (၂)လက်မခန့်ရှိသော မြားတိုများ (၃)ခုရှိနေသည်။ တစ်ခုက အဝါရောင်ကြေးပြား၊ တစ်ခုက ဖြူရောင်ငွေမြား၊ တစ်ခုက အနက်ရောင်မဟူရာမြား။

သေတ္တာပြားလေးထဲရှိအနက်ရောင်မြားသည် ကြူးလန်းရှု ဆောင်လာသော 'မဟူရာဒေဝီ'နှင့် တစ်ထေရာတည်း တူညီနေသည်။

"ဟောဒီမြားက မင်းယူလာတဲ့မြားနဲ့တူနေတယ် မဟုတ်လား၊ ကြည့်စမ်းပါဦး"

လောင်စီပိုက်က သေတ္တာပြားလေးထဲမှ အနက်ရောင်မြားများကိုကောက်ယူကာ ကြူးလန်းရှုကိုကမ်းပေးပြီးပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက ထိုမြားလေးကိုယူကာ စစ်ဆေးကြည့်လိုက်သည်။ မြားလေးပေါ်တွင် 'မဟူရာဒေဝီ'ဟူသောစာလုံး ရေးထွင်းထားကြောင်းတွေ့ရသည်။

"ဟုတ်ကဲ့... တစ်ထေရာတည်းတူနေပါတယ်"

ကြူးလန်းရှုက မြားလေးကိုစစ်ဆေးကြည့်ပြီးပြော၏။

ထို့နောက် မြားလေးကိုသေတ္တာပြားလေးထဲသို့ ပြန်ထည့်လိုက်သည်။ လောင်စီပိုက်ကလည်း ကြူးလန်းရှုထံမှ ယူထားသော မြားလေးကို ကြူးလန်းရှုထံသို့ပြန်ပေးလိုက်သည်။

"မဟူရာဒေဝီမြားနဲ့ပတ်သက်ပြီး အဘသိထားတာ အတော်များမယ်ထင်တယ်"

ကြူးလန်းရှုက အားတက်သရောမေးသည်။

"အင်း... သိသင့်သလောက်တော့သိထားတယ်"

လောင်စီပိုက်က ပြန်ပြောသည်။

"အဘသိတဲ့အကြောင်းတွေကို ကျေးဇူးပြုပြီး ပြောပြပါလား"

"ပြောတာပေါ့လေ... ကဲ... အေးအေးဆေးဆေး ထိုင်ပါဦး"

ကြူးလန်းရှုသည် စာကြည့်ခန်းထဲရှိထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။ လောင်စီပိုက်ကလည်း ကြူးလန်းရှုနှင့်မလှမ်းမကမ်းတွင်ထိုင်သည်။



"ဒီမြားလက်နက်ပုန်းရဲ့နာမည်က ဝိညာဉ်ခြွေအဆိပ်မြားပါ။ ဒီလက်နက်ပုန်းကိုသုံးတဲ့လူကတော့ အမျိုးသမီးသိုင်းပညာရှင်တစ်ယောက်ပဲ၊ သူ့ကို မဟူရာဒေဝီလို့ခေါ်တယ်... သူ့နာမည်ရင်းကိုတော့မသိဘူး၊ မဟူရာဒေဝီဆိုတဲ့နာမည်ကိုတော့ မင်း ကြားဖူးမှာပေါ့"

"ဟင့်အင်း... မကြားဖူးပါဘူး"

"မဟူရာဒေဝီဟာ အတော့်ကိုချောမောလှပတယ်၊ သိုင်းလောကမှာ အချောအလှဆုံးလို့တောင် ပြောစမှတ်ပြုကြတယ်၊ ရုပ်ရည်ချောမောလှပပေမဲ့ သူ့ရဲ့စိတ်ထားက ခက်ထန်ကြမ်းကြုတ်တယ်၊ ရက်စက်တယ်၊ အရာရာမှာ အနိုင်ရချင်တဲ့စိတ်ရှိတယ်... သူဟာ မိုးနတ်မယ်အဖွဲ့ကိုထူထောင်ပြီး လူတွေကို အမျိုးမျိုးဒုက္ခပေးတော့တာပဲ"

"ဘယ်လိုဒုက္ခပေးတာလဲ"

"မိုးနတ်မယ်အဖွဲ့ဝင်တွေဟာ ချောမောလှပတဲ့မိန်းကလေးတွေချည်းပဲဖြစ်တယ်၊ သူတို့ဟာ ထူးချွန်ထက်မြက်တဲ့သိုင်းလုလင်တွေကို သူတို့ရဲ့အလှအပနဲ့မြူဆွယ်ဖြားယောင်းတယ်၊

www.burmeseclassic.com

www.burmeseclassic.com



သူတို့ရဲ့မြူဆွယ်မှုမှာပါသွားရင်တော့ သူတို့စေခိုင်းရာလုပ်ရ
လက်ပါးစေဘဝ ရောက်ရတော့တာပဲ”

“သူတို့က ဘာကြောင့်ဒီလိုလုပ်ရတာလဲ”

“မိန်းမသားတွေစိုးမိုးတဲ့လောကကြီးကို ထူထောင်မယ်
လေ၊ အစွမ်းထက်တဲ့သိုင်းလုလင်မှန်သမျှ သူတို့ရဲ့လက်အောက်
ဖြစ်ရမယ်လို့လဲကြုံးဝါးထားကြတယ်”

“တယ်ထူးဆန်းပါလား .... ဒီလိုကိစ္စမျိုးဖြစ်နေတာ
ကျွန်တော်မကြားမိပါလား”

“မင်းအသက်ဘယ်လောက်ရှိပြီလဲ”

“နှစ်ဆယ့်သုံးနှစ်ပါ”

“အေး.. မင်းသာအနှစ်နှစ်ဆယ်ကျော်လောက်စောမွေး
ရင် မင်းကိုယ်တိုင် မိုးနတ်မယ်အဖွဲ့လက်ထဲကိုရောက်မှာအမှန်ပဲ

“ဟာ...ဒီကိစ္စတွေဟာ လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ဆယ်ကျေ
ကဖြစ်ခဲ့တာလား”

“ဟုတ်တယ်... မိုးနတ်မယ်အဖွဲ့လက်ချက်ကြောင့် သိုင်
လုလင်အတော်များများ ဘေးဒုက္ခတွေ့ခဲ့ကြရတယ်၊ နောက်ဆုံ
တော့ သိုင်းလောကရဲ့ ထိပ်သီးသိုင်းသမားကြီး ဆယ်ယောက်
ပူးပေါင်းပြီး မိုးနတ်မယ်အဖွဲ့ကို ချေမှုန်းဖျက်ဆီးပစ်လိုက်တယ်



“ဒီလိုဆိုရင် မဟူရာဒေဝီလဲ သေဆုံးသွားပြီပေါ့”

အေး...နောက်ဆုံးတိုက်ပွဲမှာ မဟူရာဒေဝီအပါအဝင် မိုး
နတ်မယ်ဂိုဏ်းရဲ့ထိပ်တန်းဂိုဏ်းဝင်တွေ သေဆုံးကုန်ကြတယ်၊ ကျန်
တဲ့ဂိုဏ်းဝင်တွေလဲ ဖမ်းဆီးအပြစ်ပေးခြင်းခံကြရတယ်”

“မိုးနတ်မယ်အဖွဲ့က ဂိုဏ်းဝင်မိန်းကလေးအားလုံးဟာ ဒီ
မဟူရာလက်နက်ပုန်းကိုသုံးကြသလား”

“မဟုတ်ဘူး... မဟူရာဒေဝီနဲ့ သူရဲ့ကိုယ်ရံတော် မဟူရာ
ကညာ ဆယ့်နှစ်ဖော်တို့ပဲ ဒီမဟူရာလက်နက်ပုန်းကိုသုံးတယ်၊
ကျန်တဲ့ ဂိုဏ်းဝင်တွေကတော့ သူတို့ရဲ့ အဆင့်အလိုက် ငွေမြား
လက်နက်ပုန်းနဲ့ ကြေးမြားလက်နက်ပုန်းတွေကိုသုံးတယ်၊ ငွေမြား
လက်နက်သုံးတဲ့ မိန်းကလေးတွေကို ငွေမြားကညာလို့ခေါ်တယ်”

“ဒါဖြင့် မိုးနတ်မယ်အဖွဲ့မှာ မဟူရာမြားကညာတွေက
အဆင့်အမြင့်ဆုံးဖြစ်ပြီး ကြေးမြားကညာအဆင့်က အနိမ့်ဆုံးပေါ့”

“ဟုတ်တယ်၊ ဒါနဲ့ မင်းက မဟူရာလက်နက်ပုန်းကို ဘယ်
နေရာကရလာတာလဲ”

“လူသေအလောင်းတစ်ခုရဲ့ ရင်ဘတ်ပေါ်မှာစိုက်နေတာ
ကိုတွေ့လို့ နှုတ်ယူခဲ့တာပါ”

“ဘယ်သူ့အလောင်းလဲ၊ အခု အချိန်ဆိုရင် အရိုးစုပဲရှိနေ

www.burmeseclassic.com

www.burmeseclassic.com



တော့မှာပေါ့"

"မဟုတ်ပါဘူး၊ ကျွန်တော် တွေ့ခဲ့ရတဲ့ အချိန်ဆိုမှာ အဲဒီလူဟာ သေဆုံးပြီး နှစ်ရက်လောက်ပဲကြာပါဦးမယ်"

"ဟေ့...မိုးနတ်မယ်အဖွဲ့ကို အမြစ်ပါမကျန်အောင် ချေမှုန်းပစ်ခဲ့တာ နှစ်ပေါင်းနှစ်ဆယ်လောက်ရှိနေပြီ၊ ဒီမဟူရာလက်နက်ပုန်းကို ဘယ်သူကလာအသုံးပြုမှာလဲ"

လောင်စီပိုက်က အံ့သြဟန်ဖြင့် ပြောသည်။

"အဲဒါကိုတော့ ကျွန်တော်လဲ မပြောနိုင်ဘူး၊ မိုးနတ်မယ်အဖွဲ့အချေမှုန်းခံရတုန်းက လွတ်မြောက်ကျန်နေတဲ့ ဂိုဏ်းဝင်တွေတစ်စခန်းပြန်ထွက်လာတာ ဖြစ်မယ်ထင်တယ်"

"မဖြစ်နိုင်ဘူး... မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်မဟူရာဒေဝီလို အစွမ်းထက်မြက်တဲ့သိုင်းပညာရှင်တစ်ယောက်ဟာ အနှစ်တစ်ရာမှာတစ်ယောက်ပေါ်ခဲ့တယ်၊ ဒါနဲ့ အသတ်ခံရတဲ့လူကိုကောမင်းသိသလား"

"သိပါတယ်၊ သိရုံတင်မကပါဘူး၊ အဲဒီလူဟာ ကျွန်တော်နဲ့ သိပ်ကိုရင်းနှီးတဲ့မိတ်ဆွေရောင်းရင်းတစ်ယောက်လဲဖြစ်ပါတယ်"

"ဘယ်သူများလဲကွယ့်... ပြောစမ်းပါဦး"

"သိုင်းလုလင်ချီကျင်းဖြစ်ပါတယ်"



ထို့နောက်....

ကြူးလန်းရှုက ချီကျင်း၏အလောင်းတွေ့ခဲ့ပုံအကြောင်းများအား ပြန်ပြောပြလိုက်လေသည်။

ဤတွင်....

လောင်စီပိုက်က...

"လွန်ခဲ့တဲ့ နှစ်ပေါင်းနှစ်ဆယ်ကျော်က မိုးနတ်မယ်အဖွဲ့ ဌာနချုပ်စခန်းကို သိုင်းလောကရဲ့ထိပ်သီးသိုင်းသမားကြီး ဆယ်ယောက်ဝိုင်းဝန်းတိုက်ခိုက်ကြတဲ့အခါမှာ... မဟူရာဒေဝီနဲ့မဟူရာကညာဆယ့်နှစ်ဖော်တို့အပါအဝင်အဖွဲ့ဝင်အားလုံး ချေမှုန်းခံလိုက်ရတယ်လို့ကြားသိရတယ်"

ကြူးလန်းရှုက ငြိမ်၍နားထောင်နေလိုက်သည်။

လောင်စီပိုက်က ဆက်ပြောသည်။

"ဒါပေမဲ့.... အဲဒီအချိန်တုန်းက ဌာနချုပ်စခန်းမှာမရှိဘဲ ခရီးဝေးကိုရောက်နေတဲ့ ဂိုဏ်းဝင်တစ်ယောက်စ နှစ်ယောက်စတော့ ကြွင်းကျန်နေကောင်း ကျန်နေနိုင်ပါတယ်၊ ဒါပေမဲ့.... အဲဒီအကြွင်းအကျန်တွေအနေနဲ့ မိုးနတ်မယ်အဖွဲ့ကိုပြန်လည်အသက်သွင်းပြီး တစ်စခန်းပြန်ထဖို့ဆိုတာတော့ လုံးဝမဖြစ်နိုင်ဘူး၊ ဂိုဏ်းတစ်ခုကို ထူထောင်လှုပ်ရှားဖို့ဆိုတာ လွယ်တဲ့ကိစ္စမှမဟုတ်ဘဲ၊ မဟူရာဒေဝီ

www.burmeseclassic.com

www.burmeseclassic.com



လို သိုင်းပညာလဲထူးချွန် ဦးဆောင်မှုလဲ ပေးနိုင်တဲ့အမျိုးသမီး ပေါ်ပေါက်ဖို့ဆိုတာ အတော့်ကိုခက်ခဲပါတယ်"

လောင်စီပိုက်က မိုးနတ်မယ်အဖွဲ့နှင့်ပတ်သက်၍ သူသိသမျှပြောသည်။ ကြူးရှုလန်းကမူ လက်ခံချင်ပုံမရချေ။

"ချီကျင်းဟာ စိတ်သဘောကောင်းမွန်ပြီး အများအကျိုးကို ဆောင်ရွက်တဲ့သိုင်းလုလင်တစ်ယောက်ဖြစ်ပါတယ်၊ လူချစ်လူခင်များတဲ့အတွက် ရန်ငြိုးဖွဲ့မဲ့လူလဲမရှိနိုင်ပါတယ်၊ ကျွန်တော့်အထင်တော့ မိုးနတ်မယ်အဖွဲ့ဟာ တစ်စခန်းပြန်ထဖို့ ကြံစည်လှုပ်ရှားရင်း အင်အားစုဆောင်းတဲ့အခါမှာ ချီကျင်းကိုလဲမြှူဆွယ်စည်းရုံးပါလိမ့်မယ်၊ ချီကျင်းက သူတို့မြှူဆွယ်တဲ့စက်ကွင်းထဲကို မဝင်လို့ အသေသတ်ပစ်ကြတာဖြစ်မယ်ထင်တယ်"

လောင်စီပိုက်ကဘာမျှမပြော။

နှုတ်ဆိတ်၍နေသည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်က မိုးနတ်မယ်အဖွဲ့ကိုချေမှုန်းခဲ့တဲ့ထိပ်သီးသိုင်းသမားဆယ်ဦးကော ဒီနေ့အထိ ကျန်းကျန်းမာမာရှိသေးလား... သူတို့ကိုသွားမေးမြန်းစုံစမ်းကြည့်ရင် ကောင်းမယ်ထင်တယ်"

ကြူးလန်းရှုကပြောသည်။



"အင်း... မင်းပြောမှပဲထူးခြားတာကို ကျုပ်စဉ်းစားမိတယ်၊ မိုးနတ်မယ်အဖွဲ့ကိုချေမှုန်းပြီးလို့ မကြာမီမှာပဲ သူတို့ဆယ်ယောက်စလုံး ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားခဲ့ကြတယ်၊ သူတို့ဟာ အသက်အရွယ်ကြီးရင့်နေကြသူတွေဖြစ်လို့ ကွယ်လွန်ကုန်ကြတာမဆန်းဘူးဆိုပေမဲ့.... ရှေ့ဆင့်နောက်ဆင့် ကွယ်လွန်သွားကြတာကတော့ စဉ်းစားစရာပဲ"

"သူတို့က အသက်အရွယ်ဘယ်လောက်ရှိနေကြလို့လဲ"

"မိုးနတ်မယ်အဖွဲ့ကို ချေမှုန်းတိုက်ခိုက်တဲ့အချိန်တုန်းက သူတို့ဆယ်ယောက်လုံးဟာ အသက်ခြောက်ဆယ်အရွယ်တွေချည်းပဲဖြစ်တယ်... ခုနစ်ဆယ်ကျော်တဲ့လူ နှစ်ယောက်လောက်ပဲပါမယ်ထင်တယ်"

"ထိပ်သီးသိုင်းသမားဖြစ်တဲ့လူတွေအဖို့ အသက်ခြောက်ဆယ် ခုနစ်ဆယ်အရွယ်ဟာ မအိုသေးပါဘူး၊ ဒါနဲ့.... ဟောဒီကြေးမြား... ငွေမြား... မဟူရာမြားတွေကို မိုးနတ်မယ်အဖွဲ့ဝင်တွေ ကိုယ်တိုင်ပြုလုပ်တာလား"

လောင်စီပိုက် ခေါင်းခါလိုက်သည်။

"မဟုတ်ပါဘူး... ပန်းထိမ်ဆရာတစ်ယောက်ကိုသွန်းလုပ်ခိုင်းတာပါ၊ သူတို့အတွက် မြားလက်နက်တွေ သွန်းလုပ်ပေးတဲ့

www.burmeseclassic.com

www.burmeseclassic.com



ပန်းထိမ်ဆရာရဲ့နာမည်ကိုတောင် ကျုပ်မှတ်မိနေပါသေးတယ်"

လောင်စီပိုက်၏စကားမှာ... ပျောက်နေသောကွင်းဆက်လမ်းစကိုဖော်ပေးလိုက်သလိုဖြစ်နေသဖြင့် ကြူးလန်းရှုမှာ အတော်ပင် ဝမ်းသာအားတက်ဖြစ်သွားလေသည်။

"အဲဒီပန်းထိမ်ဆရာက ဘယ်သူလဲ... ပြောစမ်းပါဦး"

ကြူးလန်းရှုက အားတက်သရောမေးလိုက်သည်။

"ပန်းထိမ်ဆရာရဲ့နာမည်က ရင်ကျုံးရှန်လို့ခေါ်တယ်"

"ရင်ကျုံးရှန်ရဲ့ပန်းထိမ်ဖို ဘယ်မှာရှိသလဲ"

ကြူးလန်းရှုက.... အလောတကြီးလေသံဖြင့် မေးလိုက်မိသည်။ လောင်စီပိုက်က ....

"ဟန်ကျုံးမြို့မှာရှိတယ်၊ သူ့ရဲ့ထိန်ဖုရွှေဆိုင်ဟာ ဟန်ကျုံးမြို့မှာတော့ နာမည်အကြီးဆုံးပဲ"

ကြူးလန်းရှု ကျေနပ်သွားသည်။

"ချိကျင်းရဲ့ရင်ဘတ်က နှုတ်ယူလာခဲ့တဲ့လက်နက်ပုန်းဟာ သိပ်မဟောင်းသေးဘူး၊ အသစ်အတိုင်းရှိသေးတယ်၊ ထုလုပ်တာ သိပ်မကြာသေးဘူး၊ ရင်ကျုံးရှန်ဆီကိုသွားပြီးစုံစမ်းကြည့်ရင်...."

ကြူးလန်းရှု၏စကားမဆုံးသေးမီမှာပင်.... လက်နက်ဝိဇ္ဇာ လောင်စီပိုက်က ကြားဖြတ်ပြောလိုက်လေသည်။



"သိပ်လဲဝမ်းသာမနေနဲ့ဦး၊ ရင်ကျုံးရှန်ကွယ်လွန်သွားတာ ငါးနှစ်ကျော်နေပြီ"

အားတက်သရောပြောနေသော ကြူးလန်းရှု၏စကားမှာ လောင်စီပိုက်ကြားဖြတ်ပြောဆိုမှုကြောင့် တစ်ပိုင်းတစ်စနှင့် ပြတ်သွားလေသည်။

"ရင်ကျုံးရှန်က မိုးနတ်မယ်အဖွဲ့အတွက် မြားလက်ပုန်းတွေကိုပြုလုပ်ပေးနေတဲ့အကြောင်းကို အဘကဘယ်လိုသိတာလဲ"

ကြူးလန်းရှုက မေးလိုက်သည်။

လောင်စီပိုက်က....

"ရင်ကျုံးရှန်ဆီမှာ ကျုပ်ဟာ ရတနာပစ္စည်းတွေအပ်နေကျ ဖောက်သည်တစ်ယောက်ပဲ၊ သူနဲ့ခင်မင်ရင်းနှီးပါတယ်၊ ကျုပ်ဟာ လက်နက်ပုန်းတွေကိုဝါသနာပါတဲ့အကြောင်း သိတဲ့အတွက် ရင်ကျုံးရှန်က မိုးနတ်မယ်အဖွဲ့အတွက် မြားလက်နက်ပုန်းတွေကို ထုလုပ်ပေးခဲ့ဖူးတဲ့အကြောင်းပြောပြခဲ့တယ်"

"အဲဒီမြားလက်နက်ပုန်းတွေကို ဘယ်သူက လာအပ်တာတဲ့လဲ"

ကြူးလန်းရှုက မဆိုင်းမတွပင် ပြန်မေးလိုက်သည်။

လောင်စီပိုက်က....

www.burmeseclassic.com

www.burmeseclassic.com



"လူငယ်သိုင်းသမားတစ်ယောက်က လာအပ်တာလို့ပြောတာပဲ၊ မိုးနတ်မယ်အဖွဲ့က လက်ပါးစေသိုင်းလုလင်တစ်ယောက်ပဲ နေမှာပေါ့"

"မဟူရာလက်နက်ပုန်းတွေနဲ့ပတ်သက်ပြီး နောက်ထပ်ဘာများပြောစရာရှိပါသေးလဲ"

ကြူးရှုလန်းက နောက်ထပ်ထူးခြားမှုတစ်စုံတစ်ရာ ရှိမရှိ သိချင်သဖြင့် မေးလိုက်ခြင်းဖြစ်သည်။

လောင်စီပိုက်က ပခုံးတွန့်ကာ....

"ကျုပ်သိသမျှတော့ ဒီလောက်ပါပဲ"

"အဘရဲ့တန်ဖိုးတဲ့အချိန်တွေကို လာဖြုန်းသလိုဖြစ်နေတဲ့အတွက်တောင်းပန်ပါတယ်၊ အဘသိထားသမျှ ကျွန်တော့်ကို ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကြူးလန်းရှုသည် လောင်စီပိုက်ကိုဦးညွှတ်အရိုအသေပေးပြီးနောက် အိမ်ပြင်သို့ထွက်လာခဲ့သည်။ ပန်းခြံထဲဝယ် ရိပ်ခနဲမြင်လိုက်ရသည့်မိန်းမချောကိုတွေ့ရလိုတွေ့ရငြား မျက်စိကစားကြည့်လိုက်သေးသည်။ သို့သော် အချည်းနှီးသာတည်း။



## အခန်း ( ၃ )

ရက်အနည်းငယ်ကြာသောအခါ....

တစ်ကိုယ်တော်သိုင်းသမား ကြူးလန်းရှုသည် ဟန်ကျူးမြို့ကိုရောက်ရှိလာသည်။

ဟန်ကျူးမြို့မှာ စည်ကားလှသောမြို့ကြီးတစ်မြို့ဖြစ်၏။ အိမ်ကြီးလမ်းငယ်အသွယ်သွယ်ဖြင့် ကြီးမားကျယ်ပြန့်လှသဖြင့် သွားလိုရာနေရာရောက်ရန် သိပ်မလွယ်ချေ။

တောသားမြို့ရောက်ဆိုသလို ယောင်ချာချာနှင့် မျက်စိလည် လမ်းမှားမှာသေချာသည်။

သို့ရာတွင်....

ထိန်ဖုရွှေပန်းထိမ်မှာနာမည်ကြီး ပန်းထိမ်တစ်ခုဖြစ်ပေရာ ကြူးလန်းရှုအတွက် ရှာဖွေရန် သိပ်မခက်လှပေ။

အလွယ်တကူပင် ရှာဖွေစုံစမ်း၍ရလေသည်။

www.burmeseclassic.com



ထို့ပြင်....

ရင်ကျိုးရှန်ကွယ်လွန်သွားပြီးနောက် သားဖြစ်သူ ရင်ပေ လုံက ထိန်ဖုရွှေပန်းထိမ်ကိုဆက်လက်ဦးစီးလုပ်ဆောင်နေကြောင်း သတင်းများကိုပါ သိရပြန်လေသည်။

ကြူးလန်းရှုသည်.... စားသောက်ဆိုင်တစ်ဆိုင်တွင် ဝင် ရောက်စားသောက်ပြီးနောက် ထိန်ဖု ပန်းတိမ်ဆိုင်သို့ထွက်လာခဲ့ သည်။

ထိန်ဖုပန်းတိမ်ဆိုင်တည်ရှိရာ အဆောက်အအုံမှာ ယောင်း နွမ်းနေပြီဖြစ်သည်။

သို့ရာတွင်.... ဆိုင်ထဲဝယ် ရတနာပစ္စည်းများကြည့်ရှုဝယ် ယူနေသူများဖြင့် အထူးပင်စည်ကားနေပေသည်။

"ဆရာလေး... ဘာများအလိုရှိပါသလဲ"

ဆိုင်ထဲသို့ဝင်ရောက်လာသော ကြူးလန်းရှုကို ဆိုင်အမှု ထမ်းလူငယ်လေးတစ်ယောက်က ဦးညွှတ်အရိုအသေပေးပြီး မေး မြန်းသည်။

"ကျွန်တော့်နာမည်ကြူးလန်းရှုပါ.... ခင်ဗျားတို့ရဲ့ပိုင်ရှင် ရင်ပေလုံနဲ့တွေ့ချင်ပါတယ်.... တဆိတ်လောက် အကြောင်းကြား ပေးပါ"



"ဟုတ်ကဲ့... ခဏစောင့်နေပါဦးခင်ဗျာ"

ဆိုင်အမှုထမ်းငယ်လေးသည် ဤသို့ပြောပြီးနောက် ဆိုင် အတွင်းဘက်အခန်းထဲသို့ဝင်သည်။

ခဏအကြာဝယ်....

ပြန်ထွက်လာပြီးနောက် ကြူးလန်းရှုကိုဆိုင်အတွင်းဘက် ခန်းထဲသို့ခေါ်ဆောင်သွားသည်။

ထိုအခန်းထဲဝယ်....

အသက်(၄၀)ခန့် မွန်မွန်ရည်ရည်ရှိသောလူတစ်ယောက် ထိုင်လျက်ရှိသည်။

"ဟောဒါက ကျွန်တော်တို့ရဲ့ဆိုင်ရှင်ပါပဲ"

ဆိုင်အမှုထမ်းလူငယ်လေးက ဤသို့ပြောပြီး အခန်းအပြင် သို့ပြန်ထွက်သွားလေသည်။

ဤတွင်....

"ကျွန်တော့်နာမည်ကြူးလန်းရှုပါ... ပန်းထိမ်ဆရာကြီး ရင်ပေလုံကို အခုလိုတွေ့ဆုံခွင့်ရတဲ့အတွက်ဝမ်းသာပါတယ်"

ကြူးလန်းရှုက ဤသို့ပြောပြီးအရိုအသေပေးသည်။

"ထိုင်ပါဦးခင်ဗျာ"

ရင်ပေလုံက ဖော်ဖော်ရွေရွေပြောကာ....

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုကို နေရာထိုင်ခင်းပေးသည်။

သူကိုယ်တိုင်လည်း... ကြူးလန်းရှုနှင့်မျက်နှာချင်းဆိုင်ရှိ ထိုင်ခုံတွင်ဝင်ထိုင်လိုက်သည်။

"မောင်ရင်လေးက ကျုပ်ကိုတွေ့ချင်တာ ဘာကိစ္စရှိလို့ပါ လဲ"

ထိုင်ခုံများတွင်ထိုင်ပြီးသောအခါ ရင်ပေလုံကမေးသည်။

"ခင်ဗျားရဲ့ပန်းထိမ်လက်ရာဟာ ကွယ်လွန်သွားတဲ့ဆရာ ကြီးရင်ကျုံးရှန်ထက်တောင် ပိုပြီးလက်ရာမြောက်တယ်လို့ သတင်း ကြားရပါတယ်"

ရင်ပေလုံက အသာအယာပြုံးကာ....

"မောင်ရင်လေးက ကျုပ်ကိုမြှောက်ပင့်လွန်းနေပါပြီ"

"ကျွန်တော်ခုလိုလာရောက်တွေ့ဆုံတာကတော့ သီးသန့် ပစ္စည်းတစ်ခုထုလုပ်ချင်လို့ပါပဲ"

ရင်ပေလုံ မျက်မှောင်ကုတ်သွားသည်။

"ဘယ်လိုပစ္စည်းကို ဘယ်လိုပုံမျိုးနဲ့ထုချင်လို့ပါလဲ"

"ဟောဒီပစ္စည်းမျိုးပါပဲ"

ကြူးလန်းရှုက ဤသို့ပြောပြီး အိတ်ထဲမှမဟူရာလက်နက် ပုန်းကိုထုတ်ပြလိုက်သည်။



မဟူရာလက်နက်ပုန်းကိုမြင်လိုက်သည်တွင် ရင်ပေလုံမှာ မျက်နှာကွက်ခနဲပျက်သွားသည်။

မျက်စိပျက်မျက်နှာပျက်နှင့်....

"စိတ်တော့မရှိပါနဲ့... ကျုပ်တို့ပန်းထိမ်ဆိုင်က လက်နက် ပုန်းတွေဘာတွေမထုလုပ်ပါဘူး၊ လက်ဝတ်ရတနာပစ္စည်းတွေသာ ထုလုပ်ပါတယ်"

ရင်ပေလုံက ပျာယီးပျာယာပြန်ပြောသည်။

ကြူးလန်းရှုက....

"ဟုတ်ပါ့မလား... ခင်ဗျားရဲ့ဖခင် ရင်ကျုံးရှန်ရှိစဉ်တုန်း ကကော လက်နက်ပုန်းတွေဘာတွေမထုလုပ်ခဲ့ဘူးလား"

ရင်ပေလုံမှာ မျက်နှာကွက်ခနဲပျက်သွားပြန်လေသည်။

ချက်ချင်းပင် ခေါင်းခါကာ....

"ဟင့်အင်း... မထုလုပ်ခဲ့ဖူးပါဘူး"

ကြူးလန်းရှုက အသာအယာပြုံးလိုက်၏။

ပြီးနောက်....

"အတင်းဘူးကွယ်ပြီး မငြင်းချင်စမ်းပါနဲ့၊ ကျုပ် ဒီကိုမလာ ခင်က ကြိုတင်စုံစမ်းထားပြီးပါပြီ၊ မိုးနတ်မယ်အဖွဲ့ထင်ရှားခဲ့တဲ့ အချိန်က သူတို့ သုံးသမျှမဟူရာမြား၊ ငွေမြား၊ ကြေးမြားလက်နက်

www.burmeseclassic.com

www.burmeseclassic.com



တွေကို ခင်ဗျားရဲ့ဖခင်ကထုလုပ်ပေးခဲ့တယ်ဆိုတာ ကျုပ်စုံစမ်းခဲ့ပြီး ပါပြီ၊ ဒါကြောင့် အမှန်အတိုင်းပြောပါဗျာ"

"ကျုပ်အမှန်အတိုင်းပြောတာပါ... ကျုပ်တို့ရဲ့ပန်းထိမ်ဆိုင် မှာဘာလက်နက်ပုန်းမှလုပ်မပေးပါဘူး၊ ကဲ ဒီကိစ္စနဲ့ပတ်သက် ပြီး ဘာမှထပ်ပြောစရာမရှိတဲ့အတွက် မောင်ရင်လေးပြန်နိုင်ပါပြီ"

ရင်ပေလုံက ခြေ့နှင်စကားဆိုသည်။

သို့သော်... ကြူးလန်းရှုက ထိုင်ရာမှမထဘဲ ထိုင်မြဲတိုင်း ထိုင်နေသည်။

"ကျွန်တော့်အပေါ်မှာ ဘာမှမယုံသင်္ကာဖြစ်ပြီး ကြောက် လန့်မနေနဲ့.... ကျွန်တော်လာတာ ခင်ဗျားတို့ကို အန္တရာယ်ပေးဖို့ မဟုတ်ပါဘူး... ကျွန်တော်သိချင်တာတွေကို အမှန်အတိုင်းပြော ကြားပြီးရင် ကျွန်တော်ချက်ချင်းပြန်သွားမှာပါ"

ကြူးလန်းရှုသည်... စကားကိုဖြတ်ပြီး ရင်ပေလုံကိုတ ချက်အကဲခတ်လိုက်၏။

ပြီးမှ စကားဆက်လိုက်ပြန်လေသည်။

"ခင်ဗျားတို့ဟာ... မိုးနတ်မယ်အဖွဲ့ရဲ့လက်အောက်ခံ ဆက်အသွယ်တွေဖြစ်တယ်လို့ ကျွန်တော်မစွပ်စွဲပါဘူး... ခင်ဗျား တို့ဟာ မလွဲမရှောင်သာတဲ့ အကြောင်းတစ်ခုခုကြောင့် မိုးနတ်မယ်



အဖွဲ့အတွက် လက်နက်ပုန်းတွေလုပ်ပေးနေရတာကိုလဲ ကျွန်တော် နားလည်ပါတယ်.... ခင်ဗျားကသာ ကျွန်တော်မေးတာကို အမှန် အတိုင်းမဖြေဘဲ ဖြောင်လိမ်ပြီး ဘူးကွယ်နေမယ်ဆိုရင်တော့... ခင်ဗျားတို့ရဲ့ပန်းထိမ်ဆိုင်ဟာ မိုးနတ်မယ်အဖွဲ့အတွက် လက်နက် ပုန်းတွေ ထုလုပ်ပေးနေတဲ့နေရာပါလို့... သတင်းလွှင့်လိုက်မယ်၊ ခင်ဗျားသိတဲ့အတိုင်း... မိုးနတ်မယ်အဖွဲ့ရဲ့ လက်ချက်ကြောင့် ဘေး ဒုက္ခတွေ့ခဲ့ရတဲ့လူတွေဟာ မနည်းပါဘူး.... သူတို့ရဲ့ သားစဉ်မြေး ဆက်ဆွေမျိုးတွေက ခင်ဗျားတို့ကို ဘယ်လိုအရေးယူကြမယ်ဆို တာ ခင်ဗျားဘာသာစဉ်းစားကြည့်ပေါ့"

ကြူးလန်းရှုက ရင်ပေလုံကိုစူးစိုက်ကြည့်ပြီး လေသံအေး အေးဖြင့်ပြောသည်။

ရင်ပေလုံ ဘာမျှပြန်မပြော။

ငေးငိုင်တွေဝေနေ၏။

ကြူးလန်းရှုက....

"ကောင်းပြီလေ... ခင်ဗျားအနေနဲ့ ဘာမှမပြောချင်ဘူးဆို ရင်လဲ ရပါတယ်၊ ကျွန်တော်သွားတော့မယ်"

ကြူးလန်းရှုသည် ဤသို့ပြောပြီးထိုင်ရာမှထသည်။

ရင်ပေလုံ ပျာယီးပျာယာဖြစ်သွားကာ....

www.burmeseclassic.com

www.burmeseclassic.com



"မောင်ရင်လေး ခဏနေပါဦး"

ကြူးလန်းရှု အခန်းတံခါးဝနားသို့ရောက်လုဆဲဆဲ အချိန်တွင် ရင်ပေလုံကလှမ်းတားလိုက်သည်။

ဤတွင်.... ကြူးလန်းရှုသည် နောက်ကြောင်းပြန်လှည့်လာပြီး....

ထိုင်ခုံတွင် အသာအယာပြန်ထိုင်လိုက်လေသည်။

ရင်ပေလုံက ခပ်လေးလေးလေသံဖြင့်ပြောသည်။

"ကျုပ်ရဲ့ဖခင်ကြီးလက်ထက်တုန်းက မိုးနတ်မယ်အဖွဲ့အတွက် လက်နက်ပုန်းတွေကို တစ်ခါနှစ်ခါလောက်ပဲ လုပ်ပေးခဲ့ဖူးပါတယ်၊ ဒီနောက်တော့ သူတို့နဲ့မပတ်သက်တော့ပါဘူး"

ကြူးလန်းရှု သက်ပြင်းချလိုက်သည်။

"ခင်ဗျား ခုထက်ထိ ဖုံးကွယ်နေချင်သေးတာကိုး၊ မိုးနတ်မယ်အဖွဲ့ကသုံးခဲ့သမျှ လက်နက်ပုန်းအားလုံးဟာ ခင်ဗျားအဖေရဲ့လက်ရာတွေချည်းပါပဲ၊ ပြီးတော့... အခုလောလောဆယ်မှာလဲ ခင်ဗျားဟာ အဖေ့ခြေရာကိုနင်းပြီး မဟူရာလက်နက်ပုန်းတွေ ထုလုပ်ပေးနေပြန်တယ်မဟုတ်လား၊ ကဲ.. အမှန်အတိုင်းပြောစမ်းပါ မဟူရာလက်နက်ပုန်းတွေကို ဘယ်အချိန်ကစပြီးလုပ်ပေးခဲ့တာလဲ"

ရင်ပေလုံအနေဖြင့် ရှောင်နှုတ်ပိတ်နေ၍မရတော့ချေ။



ထို့ကြောင့်....

"လွန်ခဲ့တဲ့နှစ်ဝက်လောက်စပြီး လုပ်ပေးခဲ့ရတာပါ"

မလွှဲမရှောင်သာတော့သဖြင့် ရင်ပေလုံသည် သက်ပြင်းတစ်ချက်ချပြီးပြောသည်။

ကြူးလန်းရှုက ရင်ပေလုံကိုစူးစိုက်ကြည့်ကာ....

"အခုအချိန်ထိ ဘယ်လောက်လုပ်ပေးပြီးပြီလဲ"

ဟုမေးလိုက်သည်။

ရင်ပေလုံက....

"ပထမအသုတ် အစင်းတစ်ရာလုပ်ပေးပြီးပါပြီ"

"မဟူရာမြားလုပ်ပေးဖို့လာအပ်တဲ့လူက ဘယ်သူလဲ"

"မိန်းကလေးတစ်ယောက်ပါ"

"မိန်းကလေးရဲ့နာမည်ကိုကော မသိဘူးလား"

ရင်ပေလုံ ခေါင်းခါလိုက်သည်။

"မသိပါဘူး"

"အဲဒီမိန်းကလေးက မိုးနတ်မယ်အဖွဲ့ဝင်လား"

ရင်ပေလုံ ခေါင်းခါလိုက်ပြန်၏။

"မပြောတတ်ပါဘူး"

"ခင်ဗျား မေးမြန်းမကြည့်ဘူးလား"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက အားမလိုအားမရလေသံဖြင့်မေးသည်။

ရင်ပေလုံ ခေါင်းညိတ်ပြသည်။

"မေးကြည့်ဖူးပါတယ်... သူက မပြောဘူး၊ ဒီအကြောင်းနဲ့ ပတ်သက်ပြီး စပ်စပ်စုစုမလုပ်တာ အကောင်းဆုံးလို့တောင် သတိပေးသွားပါသေးတယ်"

"မဟူရာမြား ဘယ်နှစ်လက်အပ်ထားသလဲ"

"ငါးရာပါ... တစ်သုတ်ကိုတစ်ရာစီ ငါးသုတ်ခွဲပြီး သူတို့လက်ကိုအပ်ဖို့အစီအစဉ်ရှိပါတယ်"

ကြူးလန်းရှု ခဏမျှနှုတ်ဆိတ်သွား၏။

အနည်းငယ်တွေးတောနေဟန်ရှိသည်။

ခဏအကြာတွင် ခေါင်းတဆတ်ဆတ်ညိတ်ကာ....

"တစ်လက်ကို ရွှေစင်တစ်မတ်သားနဲ့ အလက်ငါးရာဆိုတော့ ရွှေချိန်မနည်းပါလား၊ ဒီအတိုင်းဆိုရင် အဲဒီမိန်းကလေးဟာ မိုးနတ်မယ်အဖွဲ့ကပဲဖြစ်ရမယ်"

ကြူးလန်းရှုမှတ်ချက်ချသည်။

ရင်ပေလုံက မျက်မှောင်ကုတ်ကာ....

"မိုးနတ်မယ်အဖွဲ့ဆိုတာက... လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်လောက်က ပျက်စီးပျောက်ကွယ်သွားခဲ့ပြီမဟုတ်လား"



"အခု မိုးနတ်မယ်အဖွဲ့က ပြန်အသက်ဝင်ပြီး တစ်စခန်းထလာပြန်ပြီလေ၊ ကဲ... ဆက်ပြောပါဦး"

ရင်ပေလုံ ဆက်ပြောသည်။

"ကျုပ်က မဟူရာမြားလက်နက်ပုန်းတွေကို လုပ်မပေးနိုင်ဘူးလို့ငြင်းပါသေးတယ်၊ သူက ခိုင်းတာကိုမလုပ်ရင် ကျုပ်ကိုရော ကျုပ်ရဲ့မိသားစုတစ်စုလုံးကိုပါ အသေသတ်ပစ်မယ်လို့ ခြိမ်းခြောက်တယ်၊ ဒီတော့ ကျုပ်လဲမငြင်းရဲဘဲ လက်ခံလိုက်ရပါတယ်"

ကြူးလန်းရှု ခေါင်းညိတ်လိုက်သည်။ ပြီးမှ....

"အဲဒီမိန်းကလေးက တော်တော်ချောသလား"

ဟုပြန်မေးသည်။ ရင်ပေလုံက....

"ချောတယ်... ဆွဲဆောင်မှုလဲအပြည့်ရှိပါတယ်"

ကြူးလန်းရှုသည် ရင်ပေလုံကိုဖျတ်ခနဲကြည့်လိုက်ပြီး...

"အဲဒီမိန်းကလေးကိုကျုပ်တွေ့ချင်တယ်၊ ဘယ်လိုအဆက်အသွယ်လုပ်ရသလဲ"

ရင်ပေလုံ ခေါင်းခါလိုက်သည်။

"အဲဒါကိုတော့ ကျုပ်မသိဘူး"

ကြူးလန်းရှုက....

"ဒါဖြင့် လုပ်ပြီးသွားတဲ့မြားတွေကို သူတို့ဆီ ဘယ်လိုအပ်

www.burmeseclassic.com

www.burmeseclassic.com



သလဲ"

ကြူးလန်းရှုက ကောက်ကာငင်ကာမေးလိုက်ရာ....

"ပစ္စည်းတွေပို့ပေးရမယ့်နေရာနဲ့နေ့ရက်ကို ကြိုတင်ချိန်းဆိုထားပါတယ်.... ပထမအသုတ်ပြုလုပ်ပြီးသွားတဲ့ မြားအလက်တစ်ရာကို.... မြို့မြောက်ဘက်တံခါးနားက ဘုရားကျောင်းနားကို သွားပို့ပေးရပါတယ်"

"ပစ္စည်းလက်ခံယူတဲ့လူရဲ့ပုံပန်းသဏ္ဍာန်ကို ပြောစမ်းပါဦး"

ရင်ပေလုံက ကြူးလန်းရှု၏အမေးကိုပြန်ဖြေသည်။

"ပစ္စည်းယူသွားတဲ့လူကို ကျုပ်မမြင်ရပါဘူး၊ ပစ္စည်းပို့ပေးရတဲ့အချိန်က ညဘက်မှောင်မှောင်မည်းမည်းကြီး၊ မှောင်ရိပ်ထဲက နေပြီးမြားထည့်ထားတဲ့သေတ္တာကိုအောက်အချခိုင်းတယ်၊ သေတ္တာချပြီးတာနဲ့ ပြန်ခိုင်းလို့.... ကျုပ်လဲ မြင်းလှည်းကို မြို့ထဲပြန်မောင်းထွက်လာခဲ့ရတယ်"

ကြူးလန်းရှု အနည်းငယ်တွေးလိုက်ပြီး...

"ဒါနဲ့.... ငွေကြေးနဲ့ပတ်သက်ပြီး ဘယ်လိုရှင်းသလဲ၊ ရွှေကော သူတို့ပဲပေးသလား"

"ကျုပ်ဆီမှာရှိတဲ့ရွှေနဲ့ပဲထုလုပ်ခိုင်းပြီး ကျသင့်တဲ့ငွေကြေး



ကိုတော့ လာအပ်တဲ့အချိန်မှာကတည်းက တစ်ခါတည်း အကျေအလည်ရှင်းပေးသွားပါတယ်"

"ဒုတိယအသုတ် မြားအလက်တစ်ရာ ဘယ်တော့ထုလုပ်ပြီးမှာလဲ"

"အားလုံးပြီးစီးနေပါပြီ"

"ဒါဖြင့် ဒုတိယအသုတ်ပစ္စည်းကို ဘယ်တော့အပ်ရမှာလဲ"

"သန်ဘက်ခါညမှာပါ"

"အပ်ရမယ့်နေရာကကော"

"ပထမအခေါက် ပစ္စည်းအပ်ရတဲ့နေရာဟောင်းပါပဲ"

"ဟုတ်ကဲ့... ဒီလောက်သိရတာကို အများကြီးကျေးဇူးတင်ပါတယ်၊ ကျွန်တော်သိချင်တာတွေသိရပြီးတဲ့နောက်... ခင်ဗျားကို ဘယ်လိုမှအနှောင့်အယှက်မပေးတော့ပါဘူး... မြားတွေကို စီစဉ်ထားတဲ့အတိုင်းသွားအပ်ပါ.... ကျွန်တော် ဘယ်လိုမှမနှောင့်ယှက်ပါဘူး၊ ကဲ... သွားလိုက်ပါဦးမယ်"

ကြူးလန်းရှုသည်... ရင်ပေလုံကိုနှုတ်ဆက်စကားဆိုပြီးနောက် ပန်းထိမ်ဆိုင်မှပြန်ထွက်လာခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄ )

ပစ္စည်းအပ်ရမည့်ညသို့ရောက်လာသည်။

ထိုညမှာ လမသာကြယ်မလင်းသောညဖြစ်သည်။

ဟန်ကျူးမြို့မှာ ညအမှောင်အောက်တွင် အိပ်မောကျနေသယောင်ငြိမ်သက်တိတ်ဆိတ်နေသည်။

မြင်းလှည်းတစ်စီးသည် မြို့မြောက်ဘက်တံခါးအနီးသို့ ဘုရားကျောင်းရှေ့တွင်ရပ်လိုက်သည်။

ထိုဘုရားကျောင်းမှာ ကြီးကျယ်ခမ်းနားခြင်းမရှိလှပေ။

မီးရောင်လည်း မရှိ။

မှောင်မည်းတိတ်ဆိတ်၍နေသည်။

မြင်းလှည်းကိုမောင်းလာသောမြင်းလှည်းသမားမှာ မြက်ဦးထုပ်ဆောင်းကာ ဖျင်ကြမ်းထည်များကိုဝတ်ဆင်ထားသည်။

ထိုမြင်းလှည်းသမားမှာ ....



မြင်းလှည်းသမားအစစ်မဟုတ်။

မြင်းလှည်းသမားအသွင် ရုပ်ဖျက်အယောင်ဆောင်ထားသော ထိန်ဖုရွှေပန်းထိမ်ဆိုင်ပိုင်ရှင် ရင်ပေလုံဖြစ်သည်။

ရင်ပေလုံသည် မြင်းလှည်းကိုရပ်ပြီးနောက်....

ပတ်ဝန်းကျင်ကိုမျက်စိ ကစားကာကြည့်လိုက်သည်။

ယခုတစ်ခေါက်သည်.... မြားအစင်းတစ်ရာကို ဒုတိယအကြိမ်လာရောက်ပေးအပ်ခြင်းဖြစ်သည်။

ရင်ပေလုံသည် ပထမအကြိမ်ပေးအပ်စဉ်ကထက်ပင် ပို၍စိတ်လှုပ်ရှားနေသည်။

ကြူးလန်းရှ ရုတ်တရက်ပေါ်ပေါက်လာပြီး... အနှောင့်အယှက်ပေးမည်ကို ရင်ပေလုံအလွန်စိုးရိမ်နေသည်။

အမှောင်ထုထဲမှ စကားသံတစ်သံထွက်ပေါ်လာသည်။

"ပန်းထိမ်ဆရာကြီးရင်ပေလုံ ခင်ဗျားရောက်လာပြီလား"

အသံမှာ ယောကျာ်းသံဖြစ်သည်။

စိတ်လှုပ်ရှားနေသောရင်ပေလုံမှာ ရုတ်တရက် အသံကြားလိုက်ရသည့်အတွက် အလန့်တကြားဖြစ်သွားသည်။

သူသည် ပျာပျာသလဲလေသံဖြင့်....

"ဟုတ် .... ဟုတ်ကဲ့၊ ကျုပ်ရောက်လာပါပြီ.... ဒုတိယ

www.burmeseclassic.com

www.burmeseclassic.com



အသုတ်ပစ္စည်းတွေလာပို့ပေးတာပါ"

ရင်ပေလုံက ကမန်းကတန်းပြန်ပြောလိုက်သည်။

"ခင်ဗျားနောက်က နောက်ယောင်ခံလိုက်လာတဲ့လူကော ရှိသေးလား"

ရင်ပေလုံခေါင်းခါလိုက်၏။

"မရှိပါဘူး"

"သေချာတယ်နော်"

ရင်ပေလုံခေါင်းညိတ်လိုက်သည်။

"သေချာပါတယ်"

"တတိယအသုတ်ပစ္စည်းတွေ ဘယ်တော့လောက်ရနိုင်မှာလဲ"

မှောင်ထဲမှ အသံရှင်ကမေးသည်။

ရင်ပေလုံက ပြန်ဖြေသည်။

"နောက်သုံးလလောက်ကြာရင် ရနိုင်ပါလိမ့်မယ်"

"ကောင်းပြီ... နောက်သုံးလကြာတဲ့အခါ အခုလိုအချိန်မှာ ဒီနေရာကစောင့်နေမယ်၊ တတိယအသုတ်ပစ္စည်းတွေ ဆက်ဆက်ယူလာခဲ့"

"ဟုတ်... ဟုတ်ကဲ့... ကောင်းပါပြီ"



"ကဲ... ပစ္စည်းတွေ လှည်းအောက်ကိုချပေတော့"

ရင်ပေလုံသည် မြင်းလှည်းပေါ်မှ သေတ္တာပြား လေးဆယ်ကိုအောက်သို့ချသည်။ သေတ္တာပြားလေးများမှာ သိပ်မကြီးလှသော်လည်း အတော်ပင်လေးလံသည်။

"ကိုင်း... ခင်ဗျားပြန်နိုင်ပြီ"

သေတ္တာဆယ်လုံးချပေးပြီးသောအခါ မှောင်ထဲမှစကားသံပေါ်လာသည်။

ရင်ပေလုံသည် ဘာမျှမပြောဘဲ မြင်းလှည်းပေါ်ပြန်တက်ကာ လာလမ်းအတိုင်းပြန်လှည့်၍ မောင်းနှင်ထွက်ခွာသွားသည်။

ရင်ပေလုံ၏မြင်းလှည်း မောင်းနှင်ထွက်ခွာသွားပြီး အချိန်အနည်းငယ်ကြာသောအခါ....

အမှောင်ရိပ်ထဲမှ မြင်းလှည်းတစ်စီး ညင်သာစွာမောင်းထွက်လာလေသည်။ မြင်းလှည်းမောင်းသူမှာ အဖြူရောင်ဝတ်စုံဝတ်ဆင်ထားသောလုလင်ပျိုတစ်ယောက်ဖြစ်သည်။

အသက် နှစ်ဆယ့်သုံးနှစ်ခန့်ရှိသည်။

ရုပ်ရည်ချောမောပြီး ကိုယ်ကာယ ကျစ်လစ်သန်မာသည်။

ဝတ်စုံဖြူလူရွယ်က....

မြင်းလှည်းကိုသေတ္တာများ ဘေးနားဝယ်ရပ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်....

မြင်းလှည်းပေါ်မှခုန်ဆင်းကာ သေတ္တာများကိုမြင်းလှည်းပေါ်သို့လျင်မြန်စွာတင်သည်။

သေတ္တာဆယ်လုံးစလုံးတင်ပြီးသည်နှင့် မြင်းလှည်းပေါ်သို့ လွှားခနဲခုန်တက်ကာ....

အရှေ့ဘက်စူးစူးသို့ မောင်းနှင်ထွက်ခွာသွားလေသည်။



## အခန်း ( ၅ )

ဝတ်စုံဖြူလူရွယ်သည်... မြင်းလှည်းကိုတစ်ညလုံး မရပ်မနား မောင်းနှင်လာခဲ့သည်။

ထိုနေ့ မွန်းလွဲပိုင်းအချိန်တွင်....

စီထိန်ပုံတောင်ခြေနားသို့ရောက်ရှိသွားသည်။

တောင်ခြေတစ်နေရာရှိ တောလမ်းကလေးအတိုင်း မြင်းလှည်းကိုမောင်းနှင်လာခဲ့ရာ....

ရုတ်တရက် လမ်းဘေးရှိသစ်ပင်များကြားမှ အနက်ရောင်ဝတ်စုံဝတ်ဆင်ထားသည့်လူရွယ်တစ်ယောက် ခုန်ထွက်လာသည်။

ဝတ်စုံဖြူလူရွယ်က မြင်းလှည်းကိုချက်ချင်း ဇက်တုံ့ကာရပ်လိုက်သည်။

"ဘယ်လိုပြဿနာရှိလို့လဲပိတုန်းနှစ်"

ဝတ်စုံဖြူလူရွယ်က တီးတိုးလေသံနှင့်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



“ပိတုန်းတစ်... ခင်ဗျားနောက်ကို နောက်ယောင်ခံလိုက်နေတဲ့လူရှိတယ်”

ပိတုန်းနှစ်အခေါ်ခံရသူ အနက်ရောင်ဝတ်စုံဝတ်လူရွယ်က တိုးတိုးလေသံဖြင့်ပြန်ပြောသည်။

“အဲဒီလူဘယ်မှာလဲ”

ပိတုန်းတစ် မျက်နှာတစ်ချက်ပျက်သွားပြီးမေးသည်။

ပိတုန်းနှစ်က မြင်းလှည်းခြေနင်းခုံပေါ်အသာတက်ပြီး တိုးတိုးလေသံဖြင့်ပြောလိုက်သည်။

ထို့နောက်....

ဆက်လက်ထွက်ခွာလာရာ နံနက်မိုးသင်းသောအခါ...

လင်အန်းမြို့သို့ရောက်သည်။

မြို့ထဲဝယ်ခေတ္တနားကာ....

နံနက်စာစားသောက်ပြီးနောက်....

အနောက်မြောက်ဘက်အရပ်သို့ ခရီးဆက်ပြန်လေသည်။

မကြာမီ.... ပိတုန်းနှစ်က....

“ခင်ဗျား မြင်းလှည်းနောက်ဘက် ပေတစ်ထောင်လောက်အကွာကနေပြီး ခြေရာခံလိုက်လာနေတယ်၊ လူငယ်သိုင်းသမားတစ်ယောက်ပဲ”



ပိတုန်းတစ်သည် အတော်ပင် မကျေမနပ်ဖြစ်သွားကာ...

“ခင်ဗျားတို့က ဘာဖြစ်လို့ အဲဒီလူကိုရှင်းမပစ်ကြတာလဲ” ဟုပြန်ပြောလိုက်သည်။

ထိုအခါ ပိတုန်းနှစ်က....

“ပစ္စည်းတွေသယ်လာတဲ့အချိန်မှာ ဘယ်လိုပြဿနာမျိုးမှ မဖြစ်စေနဲ့လို့ ဂိုဏ်းခွဲမှူးကမှာထားတာ ခင်ဗျားမေ့နေပြီလား”

ပိတုန်းနှစ် သက်ပြင်းချလိုက်သည်။

“မမေ့ပါဘူး... ဒါပေမဲ့ နောက်ယောင်ခံလိုက်လာတဲ့လူကိုတော့ ရှင်းမပစ်လို့ဘယ်ဖြစ်မှာလဲ”

“ရှင်းပစ်တာထက် အဲဒီလူကိုမျက်စိလည်အောင်လုပ်ပြီး ခြေရာဖျောက်လိုက်တာ ပိုမကောင်းဘူးလား”

ပိတုန်းနှစ်က ပြောလိုက်ရာ...

“အင်း... အဲဒါလဲကောင်းသားပဲ... ခင်ဗျားမှာ အစီအစဉ်လုပ်ထားတာရှိလို့လား”

ပိတုန်းတစ် သဘောကျသွားပြီး....

ပြန်မေးလိုက်ခြင်းဖြစ်သည်။

ပိတုန်းနှစ်က....

“အစီအစဉ်လုပ်ထားပြီးပါပြီ... မြင်းလှည်းကိုသာ ညာ

www.burmeseclassic.com

www.burmeseclassic.com



ဘက်ကသစ်ပင်တွေကြားထဲမောင်းသွင်းလိုက်ပါ”

ပိတုန်းတစ်လည်း မြင်းလှည်းကို တောလမ်းကလေး၏ ညာဘက်ဘေးရှိ သစ်ပင်များကြားသို့မောင်းနှင်ဝင်လိုက်သည်။

သစ်ပင်အုပ်ထဲဝယ်.... မြင်းဆယ်ကောင်နှင့် လူ၅ယ်ရှစ် ယောက် အသင့်ရှိနေကြလေသည်။

“ကျွန်တော်တို့ပိတုန်းမင်းသားဆယ်ယောက်က သေတ္တာ ဆယ်လုံးကိုတစ်ယောက်တစ်လုံးစီယူပြီး လမ်းကြောင်းဆယ်ခု ခွဲ သွားကြမယ်၊ ဒီလိုဆိုရင်.... ဟိုလူ ဘယ်လိုမှနောက်ယောင်ခံလိုက် နိုင်တော့မှာမဟုတ်ဘူး၊ နောက်သုံးရက်ကြာမှ.... လျှို့ဝှက်စခန်း အမှတ်သုံးမှာ ကျွန်တော်တို့ဆယ်ယောက်ပြန်ဆုံကြမယ်၊ ဒီအစီအ စဉ် မကောင်းဘူးလား”

ပိတုန်းနှစ်ကပြောသည်။

ပိတုန်းတစ်က ဘာမျှမပြောဘဲခေါင်းညိတ်ပြလိုက်သည်။

ပိတုန်းတစ်နှင့်ပိတုန်းနှစ်တို့အပါအဝင်....

လူ၅ယ်ဆယ်ယောက်တို့သည် မြင်းလှည်းပေါ်မှသေတ္တာ ပြား ဆယ်လုံးကို တစ်ယောက်တစ်လုံးစီယူကာ မြင်းကုန်းနှီးများ၏ အိတ်များထဲသို့ထည့်လိုက်ကြ၏။

ထို့နောက်....



မြင်းကိုယ်စီစီးကာ တစ်ယောက်ပြီးတစ်ယောက် ထိုနေရာ မှထွက်ခွာသွားကြလေတော့သည်။

✦✦

စီထိန်ပုံတောင်ခြေမှမြင်းကိုစိုင်းနှင်ထွက်လာသော ပိတုန်း တစ်သည် ညနေစောင်းအချိန်တွင် မြို့လေးတစ်မြို့သို့ရောက်လာ ခဲ့သည်။

ဝမ်းဟာလာပြီဖြစ်သောကြောင့် စားသောက်ဆိုင်တစ်ဆိုင် ထဲသို့ဝင်ရောက်ကာစားသောက်သည်။

သူ့တွင်ကြီးမားသော တာဝန်တစ်ခုရှိနေသောကြောင့် အ ရက်ကိုမသောက်၊ ထမင်းနှင့်ဟင်းလျာများကိုသာ...

မှာယူစားသောက်လေသည်။

ခရီးဆက်ရန်လည်းရှိသေးသောကြောင့် ပိတုန်းတစ်သည် ခေါင်းငုံ့ကာ ထမင်းဟင်းလျာများကိုစပ်သုတ်သုတ်စားသည်။

ဆာလောင်နေသည့်အပြင်.... ဟင်းလျာများမှာလည်း ကောင်းမွန်လှသောကြောင့် ခေါင်းမဖော်တမ်း အားရပါးရစားနေ မိသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟေး... ခင်ဗျား ကျူပင်းမဟုတ်လား"

ရုတ်တရက် နှုတ်ဆက်သံကိုကြားရသောကြောင့် ပိတုန်းတစ်သည် စားသောက်နေရာမှခေါင်းမော့၍ကြည့်လိုက်သည်။

စားပွဲနားဝယ် အပြာရောင်အင်္ကျီဝတ်ဆင်ထားသော လူရွယ်တစ်ယောက်ကိုတွေ့ရသည်။

ပိတုန်းတစ်၏စိတ်ထဲဝယ် ဤလူကို မြင်ဖူးသလိုလိုရှိနေသည်။ သို့သော်...

ဤလူမည်သူမည်ဝါဖြစ်ကြောင်းကိုမူ ရုတ်တရက်စဉ်းစား၍မရပေ။

ထိုသူ၏မျက်နှာကို အကဲခတ်သလိုဖြင့်သာ စူးစိုက်ကြည့်နေမိလေတော့သည်။

"ဘယ့်နှယ်လဲ... ကျုပ်ကိုမမှတ်မိဘူးလား"

အင်္ကျီပြာဝတ်ထားသောလူရွယ်က ပြုံး၍မေးသည်။

ပိတုန်းတစ်က အားကို့အားနာဟန်ဖြင့်...

"စိတ်တော့မရှိပါနဲ့ဗျာ... ခင်ဗျားကိုမြင်ဖူးသလိုလိုတော့ရှိတယ်၊ ဒါပေမဲ့... မှတ်မိသလိုလို မမှတ်မိသလိုလိုဖြစ်နေတယ်"

ပိတုန်းတစ်ကပြန်ပြောသည်။

လူရွယ်ကပြုံးလိုက်ပြီး...



"မတွေ့ကြတာလဲအတော်ကြာပြီကိုး၊ မမှတ်မိတော့ အပြစ်ဆိုနိုင်ပါဘူး၊ ကဲ... အစလေးဖော်ပေးမယ်... ခင်ဗျားနဲ့ကျုပ်နဲ့ တွေ့ခဲ့ကြတာက ဟို... မျိုင်းဖြူဆိုင်းပညာသင်ကျောင်းမှာလေ"

ဆိုအခါမှ... ပိတုန်းတစ်သည် သတိရလာဟန်ဖြင့်...

"ဟာ... မှတ်မိပြီ...မှတ်မိပြီ၊ ခင်ဗျား တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှူမဟုတ်လား"

ဟု ဝမ်းသာအားရပြန်မေးလိုက်လေသည်။

လူရွယ်က ခေါင်းညိတ်ကာ...

"ဟုတ်ပါတယ်... ခင်ဗျားမှတ်မိပြီကိုး"

ပိတုန်းတစ်က...

"ကျွန်တော်တို့မတွေ့ကြတာ ငါးနှစ်နီးပါးရှိသွားပြီပဲ... ထိုင်ပါဦးလေ... ဘာစားမလဲ"

ကျူပင်းဟုအခေါ်ခံရသောပိတုန်းတစ်က ပြောသည်။

"ဘာမှမစားတော့ပါဘူး"

ကြူးလန်းရှူက ဤသို့ပြောပြီး ကျူပင်း၏စားပွဲမှထိုင်ခုံတစ်ခုတွင်ဝင်ထိုင်သည်။

"ခင်ဗျားက ဘာကိစ္စနဲ့ဒီမြို့ကိုရောက်နေတာလဲ"

ထိုင်ခုံတွင်ထိုင်ပြီးသောအခါ ကြူးလန်းရှူကမေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဖခင်ရဲ့မိတ်ဆွေတစ်ယောက် နှစ်ခြောက်ဆယ်မြောက်မွေးနေ့မင်္ဂလာလုပ်တာမှာ ဖေဖေမလာနိုင်တဲ့အတွက် အဖေ့ကိုယ်စား မွေးနေ့မင်္ဂလာပွဲကိုတက်ပြီးပြန်လာတာပါ... ခင်ဗျားကကော ဘာကြောင့်ဒီကိုရောက်နေတာလဲ"

ကျူပင်းကပြန်မေးသည်။

ကြူးလန်းရှုက....

"ကျုပ်မိတ်ဆွေတစ်ယောက် ဒီမြို့မှာနေတယ်လေ၊ အဲဒါသူ့ဆီလာတွေ့တာပါ၊ ဒါပေမဲ့... သူကဒီမှာမရှိတော့ဘူး တခြားမြို့ကိုပြောင်းသွားပြီ... ကျုပ် ဒီကိုလာတာ အလကားအချိန်ဖြုန်းသလိုဖြစ်နေတယ်"

"ခင်ဗျားက စစ်သူကြီးရန်ချီခိုင်ရဲ့အနားမှာ ကိုယ်ရံတော်သိုင်းသမားအဖြစ် အမှုထမ်းသေးတယ်မဟုတ်လား"

ကျူပင်းကမေးလိုက်သည်။

ကြူးလန်းရှုက ခေါင်းညိတ်ကာ....

"ဟုတ်ပါတယ်... ဒါပေမဲ့ ရန်ချီခိုင်ကျဆုံးပြီးနောက်ပိုင်းမှာ ကျုပ်လဲအလုပ်လက်မဲ့ဖြစ်ပြီး အတော်လေးကို ကသီလင်တနိုင်ခဲ့တယ်လေ"

ကျူပင်း မျက်မှောင်ကုတ်သွားသည်။



"ခင်ဗျားက သိုင်းပညာထက်မြက်တဲ့လူတစ်ယောက်ပဲ၊ ခင်ဗျားအတွက် အလုပ်မရှားပါးဘူးလေ"

ကြူးလန်းရှုက မချိုပြုံးပြုံးကာ....

"မထင်ပါနဲ့ဗျာ၊ သိုင်းပညာတတ်တာနဲ့ အလုပ်ရတာနဲ့က တခြားစီပါ... ကျုပ်ဖြင့် အလုပ်ရယ်လို့ မယ်မယ်ရရမရှိတာကြောင့် ထမင်းတောင်ငတ်တော့မလိုဖြစ်နေရပြီ"

ကြူးလန်းရှုက ခပ်ညည်းညည်းပြောလိုက်ရာ... ကျူပင်းသည် အံ့အားသင့်သွားပြီး....

"ခင်ဗျား အလုပ်လက်မဲ့ဖြစ်နေတာ တကယ်ပဲလား"

"တကယ်ပါ ခင်ဗျားဟာလိမ်ပြောရမယ့်လူမှမဟုတ်တာ"

ဤတွင် ကျူပင်းသည် အနည်းငယ်စဉ်းစားလိုက်ပြီး ချင့်ချင့်ချိန်ချိန်လေသံဖြင့်....

"တကယ်လို့ ခင်ဗျားအတွက် သင့်တော်မယ့်အလုပ်တစ်ခုကိုရှာပေးမယ်ဆိုရင်ကော ခင်ဗျားလုပ်နိုင်မလား"

ကြူးလန်းရှုသည် စိတ်ဓာတ်တက်ကြွလာဟန်ဖြင့်...

"ဘယ့်နှယ်ပြောပါလိမ့်ဗျာ... အခုရရင် အခုပဲလုပ်မှာပါ၊ ဘယ်လိုအလုပ်မျိုးများလဲ ပြောစမ်းပါဦး"

အားတက်သရော ပြန်ပြောလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုအလုပ်မျိုးလဲဆိုတာကိုတော့ အခုနေ မပြောပါရစေနဲ့ဦး၊ တကယ်လို့ အဲဒီအလုပ်အဆင်ပြေမယ်ဆိုရင် တစ်လကို လခ အသပြာတစ်ရာကျော်ရမယ် တခြားအကျိုးခံစားခွင့်တွေလဲ အတော်များများရနိုင်သေးတယ်"

ထိုခေတ်ထိုအခါက... အသပြာတစ်ရာဆိုသည့်ငွေကြေး မဟာအသည် နည်းနည်းနောနောမဟုတ်ချေ။

အလွန်တန်ဖိုးကြီးလှ၏။

ထို့ကြောင့်....

ကြူးလန်းရှုက မဆိုင်းမတွပင်....

"တခြားအကျိုးခံစားခွင့်တွေကိုဖယ်ထားပြီး တစ်လကို အသပြာတစ်ရာဆိုတဲ့လခကိုက မနည်းပါဘူး၊ ဘာအလုပ်လဲ ဆိုတာသာပြောစမ်းပါ"

ကျူပင်းက ခပ်ဆိုင်းဆိုင်းလေသံဖြင့်...

"အဲဒီအလုပ်ကို ခင်ဗျားအနေနဲ့ လက်မခံနိုင်ပါ့မလားလို့ ကျွန်တော်စိုးရိမ်မိတယ်"

ကြူးလန်းရှုမျက်မှောင်ကုတ်သွားသည်။

"ဒီလောက် လစာများများရနေမှာတော့ ဘယ်လိုအလုပ်မျိုးပဲဖြစ်ဖြစ်လုပ်မှာပါ"



"သိပ်အပြောမကြီးပါနဲ့ဦး၊ အလုပ်က ဆင်း... ပြောရရင် နည်းနည်းတော့ တရားနည်းလမ်းမကျဘူး၊ ဒါကြောင့် ခင်ဗျားလို လူတစ်ယောက်အနေနဲ့ လုပ်ချင်မှလုပ်နိုင်...."

ကျူပင်း၏စကားမဆုံးမီမှပင်.....

ကြူးလန်းရှုက ကြားဖြတ်ပြောလိုက်၏။

"ကျုပ်မှာ အရင်က ကြူးလန်းရှုမဟုတ်ပါဘူး၊ ထမင်းတော်တော့မယ့်အခြေမျိုးရောက်နေပြီ၊ ဒီတော့ အလုပ်ကိုသိပ်မရွေးနိုင်တော့ဘူး၊ ဒုစရိုက်လုပ်ငန်းတစ်ခုမဟုတ်ရင် ဘာပဲဖြစ်ဖြစ် လုပ်မှာချည်းပဲ"

ကျူပင်း ခေါင်းညိတ်လိုက်သည်။

"ဒီလိုဆိုရင်လဲ... အလုပ်ပေးမယ့်လူကို ကျွန်တော်ပြောဆိုပေးပါ့မယ်... အလုပ်ရဖို့ကတော့ ရှစ်ဆယ်ရာခိုင်နှုန်းလောက် သေချာပါတယ်"

"အလုပ်လုပ်ရမယ်နေရာကကော ဘယ်မှာလဲ"

"အဲ့ဒါကိုလဲ အခုမပြောနိုင်သေးဘူး"

ကြူးလန်းရှုမျက်မှောင်ကုတ်သွားသည်။

"ဒါဖြင့် အလုပ်ရမရ ကျုပ်အနေနဲ့ ဘယ်လိုလုပ်သိနိုင်မှာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှေ့လငါးရက်နေ့မှာ ချိုကျူးမြို့ပြင်မှာရှိတဲ့ ဟုန့်ဟွမ်ဘုံကျောင်းမှာ ခင်ဗျားနဲ့ကျွန်တော်နဲ့ပြန်ဆုံကြတာပေါ့၊ အဲဒီအခါကျတော့ အကျိုးအကြောင်းသေသေချာချာသိရမယ်"

ကြူးလန်းရှု စိတ်ခုတ်ကျသွားပုံရသည်။

မျက်နှာလေးညိုးငယ်သွားကာ....

"ဒါဖြင့်.... ရက်နှစ်ဆယ်လောက်တောင် လိုသေးတာပေါ့၊ အလုပ်ပေးမယ့်လူဆီကို ခင်ဗျားနဲ့အတူတူ တစ်ခါတည်းလိုက်ပြီး တွေ့ဆုံပြောဆိုရင်ကော မဖြစ်ဘူးလား"

ကျူပင်း မျက်လုံးပြူးသွားသည်။

"ဟာ...ဒီလိုတော့မဖြစ်ဘူး၊ အလုပ်ပေးမယ့်လူရဲ့သဘောကိုအရင်ပြောဆိုတီးခေါက်ဖို့လိုသေးတယ်"

ကြူးလန်းရှုက....

"ခင်ဗျားပြောတဲ့အလုပ်နဲ့ပတ်သက်ပြီး နည်းနည်းပါးပါးလောက်အကျိုးအကြောင်း မသိရဘူးလား"

ကျူပင်းသည် အနည်းငယ်စဉ်းစားပြီးနောက် ဘေးဘီကိုအသာအကဲခတ်ကြည့်လိုက်သည်။

ထို့နောက်.... လေသံကိုနှိမ့်ကာ ကြူးလန်းရှုကြားရုံမျှတီးတိုးလေသံဖြင့်ပြောသည်။



"အဲဒီအလုပ်က အင်မတန်ချောမောလှပပြီး စွဲမက်စရာအပြည့်ရှိတဲ့မိန်းမချောလေးတွေနဲ့ပတ်သက်တယ်ဗျ"

ကြူးလန်းရှုမှာ မျက်လုံးများပြူးကျယ်သွားကာ....

"ဘာလဲ... ဆောင်ကြာမြိုင်လုပ်ငန်းလားဗျ"

ကြူးလန်းရှု၏အထိတ်တလန့် စကားသံကြောင့်....

"ဟာ.... မဟုတ်ပါဘူး၊ ခင်ဗျားလိုလူတစ်ယောက်ကိုဆောင်ကြာမြိုင်မှာအလုပ်လုပ်ဖို့ ပြောပါ့မလားဗျ"

ကျူပင်းက မျက်လုံးပြူးမျက်ဆန်ပြူးနှင့်ပြန်ပြောသည်။

"မိန်းမချောလေးတွေ အများကြီးရှိတဲ့အလုပ်ဟာ ဆောင်ကြာမြိုင်အလုပ်အပြင် တခြားဘာအလုပ်များရှိသေးလို့လဲ"

ကျူပင်းက ပခုံးတွန့်လိုက်ပြီး....

"အားနာစရာတော့ကောင်းနေပြီ... အလုပ်ပေးမယ့်လူရဲ့ခွင့်ပြုချက်မရဘဲ အလုပ်အကြောင်းကို ကျွန်တော်မပြောနိုင်ပါဘူး၊ ပြောချင်ရင်တောင် ပြောခွင့်မရှိပါဘူး"

ကြူးလန်းရှုက စိတ်လျှော့လိုက်ဟန်ဖြင့်....

"ကောင်းပါပြီ... ဆောင်ကြာမြိုင်လုပ်ငန်းလဲမဟုတ်ဘူး၊ မိန်းမချောတွေအများကြီးလဲရှိတယ်ဆိုရင်တော့ ကျုပ်အဖို့အကြိုက်ပါပဲ၊ ရေငတ်တုန်းရေတွင်းထဲကျဆိုသလိုတောင်ဖြစ်နေပြီ"

www.burmeseclassic.com

www.burmeseclassic.com



"အင်း... ဟုတ်တယ် ဟုတ်တယ်၊ အချစ်မင်းသားရယ်လို့ကျော်ကြားနေတဲ့ခင်မျိုးအဖို့ ဒီအလုပ်ထဲကိုရောက်ရင် ကောင်းကောင်းအစွမ်းပြနိုင်မှာ အသေအချာပဲ"

ကြူးလန်းရှ အတော်ပင် စိတ်ဝင်စားသွားသည်။

"အဲဒီအလုပ်မှာ ငွေကြေးလခအပြင် မိန်းမချောလေးတွေကိုပါရနိုင်မယ့်သဘောလား"

"ဟုတ်တယ်... ဒီအတိုင်းပါပဲ"

"အင်း... ဒီလိုအလုပ်မျိုးရရင်တော့ သေပျော်ပါပြီလေ၊ ကဲ .... ခင်မျိုးကိုကြိုတင်ဂုဏ်ပြုတဲ့အနေနဲ့ အရက်ဝအောင်တိုက်ပါရစေ"

ကြူးလန်းရှက ဤသို့ပြောပြီး စားပွဲထိုးလူငယ်လေးအား အရက်တစ်အိုးနှင့် အမဲကြော်တစ်ပွဲလှမ်းမှာလိုက်သည်။

"ကျွန်တော့်မှာ ခရီးသွားရင်း လမ်းခုလတ်မှာဖြစ်နေကာကြောင့် အရက်မသောက်ပါရစေနဲ့"

ကျူပင်းကတောင်းပန်သည်။

"ခင်မျိုးကလဲမဟုတ်တာ... ခရီးပန်းလာတာကို အပန်းပြေအောင်သောက်ပေါ့"

"ဟို... ကျွန်တော့်မှာတာဝန်ယူပြီး သယ်သွားရမယ့်ပစ္စည်းပါလာလို့ပါ"

"ဘာလဲ... ဒီသေတ္တာလေးကိုပြောတာလား... အဲဒီအထဲမှာ ဘာတွေပါလို့လဲ"

ကြူးလန်းရှက ကျူပင်း၏လက်နား ချထားသောသေတ္တာလေးကိုမေးငေါ့ပြပြီးမေးသည်။

"ဖေဖေရဲ့မိတ်ဆွေက ဖေဖေအတွက် တုံ့ပြန်ပေးလိုက်တဲ့လက်ဆောင်ပါ၊ ကဲ... ကျွန်တော်ခရီးဆက်စရာရှိသေးလို့ ခွင့်ပြုပါဦး၊ ရွှေလငါးရက်နေ့ကျမှ ပြန်ဆုံကြတာပေါ့"

ကျူပင်းသည် ဤသို့ပြောဆိုနှုတ်ဆက်ပြီး သေတ္တာပြားလေးကိုကောက်ယူကာ ခပ်သုတ်သုတ်ထွက်သွားသည်။

စားပွဲဝိုင်းတွင် ကြူးလန်းရှကထိုင်လျက်ကျန်နေခဲ့သည်။

✦✦



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၆ )

လေးရက်ခန့်ကြာသောအခါ ကျူပင်းသည် စချင်မြို့သို့ ရောက်လာခဲ့သည်။

မိမိနောက်သို့ခြေရာခံလိုက်လာသူကို မျက်ခြည်ပြတ်ထားနိုင်ခဲ့ပြီဟုထင်မှတ်သောကြောင့်....

ကျူပင်း၏စိတ်ထဲဝယ် အတော်ပင် ပေါ့ပါးချင်လန်းသွားလေသည်။

ကျူပင်းသည် စချင်မြို့ကိုဖြတ်ကျော်ကာ မြို့အရှေ့ဘက်အစွန်တွင်ရှိသော အိမ်ဂေဟာကြီးတစ်ခုသို့လာခဲ့သည်။

ထိုဂေဟာမှာ....

ကျယ်ဝန်းသောခြံဝင်းကြီးနှင့်အတူ....

ခန့်ထည်သောအုတ်တံတိုင်းနှင့် အလွန်ပင် ခမ်းနားထည်ဝါလှပေသည်။



အထက်တန်းအစိုးရအရာရှိကြီးတစ်ယောက်၏ နေအိမ်ဂေဟာမျိုးဖြစ်သည်။

သို့သော် အိမ်ဂေဟာတွင် ဆေးရောင်များပျက်ပြယ်ပြီး ကြွယ်ပိတ်ပေါင်းများလည်းဖုံးအုပ်နေသောကြောင့်....

ယခုလောလောဆယ်တွင်....

ဤအိမ်ဂေဟာ၌ အထက်တန်းအစိုးရအရာရှိကြီးများ နေထိုင်ခြင်းမရှိတော့ကြောင်းထင်ရှားသည်။

ကျူပင်းသည် ပိတ်နေသော ခြံဝင်းတံခါးကြီး၏ရှေ့တွင် မြင်းကိုရပ်လိုက်သည်။

ထို့နောက်... သေတ္တာပြားလေးကို ညာလက်ဖြင့်ကိုင်ပြီး မြင်းပေါ်မှဆင်းသည်။

ဝင်းတံခါးကြီးတွင် ချိတ်ဆွဲထားသောကြေးကွင်းနှစ်ခုအနက်မှ တစ်ခုကိုလှုပ်ယမ်းပြီးတံခါးခေါက်သည်။

"ဂျောက်ဂျောက်.... ဂျောက်ဂျောက်"

"ဘယ်သူလဲ"

ခဏကြာသောအခါ တံခါးအတွင်းဘက်မှမေးသံထွက်ပေါ်လာသည်။

"ကျူပင်း...."

www.burmeseclassic.com

www.burmeseclassic.com



ကျူပင်းကပြန်ပြောသည်။

ကျူပင်း၏ပြန်ဖြေသံအဆုံးဝယ် ပိတ်နေသောဝင်းတံခါး ကြီးပွင့်သွားလေသည်။

တံခါးဖွင့်ပေးသူမှာ လှပချောမောသောမိန်းမပျိုလေးတစ်ယောက်ဖြစ်သည်။

သူမသည် အိမ်စေအဝတ်အစားများဝတ်ထားသည်။

"ဟော... ဆရာကျူပင်းပါပြန်ရောက်လာပြီကိုး"

တံခါးဖွင့်ပေးသူ မိန်းကလေးကပြောသည်။

"ဟုတ်တယ်... ဟိုလူတွေကောရောက်နေကြပြီလား"

ကျူပင်းက မြင်းဇက်ကြိုးကိုလှမ်းဆွဲပြီးပြောသည်။

ထို့နောက်... မြင်းကိုဆွဲကာ ပွင့်နေသောဝင်းတံခါးကြီး အိမ်ထဲသို့ဝင်လိုက်သည်။

အိမ်ဖော်ဖြစ်ဟန်ရှိသောမိန်းမပျိုက....

"သူတို့ကိုးယောက်စလုံး မနေ့ကပဲ ပြန်ရောက်လာကြပါ တယ်"

ဟုပြောလိုက်သည်။ ကျူပင်းက...

"သူတို့ဘယ်မှာရှိနေကြသလဲ"

မိန်းမပျိုက....



"ပန်းခန်းမဆောင်ထဲမှာပါ"

အိမ်စေမိန်းမပျိုသည် ယင်းသို့ပြောပြီး ကျူပင်းကမ်းပေးသောမြင်းဇက်ကြိုးကိုယူသည်။ ကျူပင်းလည်း အိမ်ဂေဟာထဲသို့ လျှောက်လှမ်းဝင်ရောက်လိုက်၏။

ထို့နောက်.... ပန်းခန်းမဆောင်ရှိရာသို့ ဦးတည်သွားလေတော့သည်။

အိမ်ဂေဟာကြီးထဲဝယ် အဆောင်ဆောင်အခန်းခန်းနှင့် စင်္ကြံလမ်းများ အတော်များများရှိသော်လည်း လူရိပ်လူယောင်မှု လုံးဝမတွေ့ရဘဲရှိလေသည်။

ပကတိတိတ်ဆိတ်ခြောက်ကပ်နေ၏။

အိမ်ဂေဟာကြီးကကြီးမားခန့်ထည်သလောက် နေထိုင်သူ ဦးရေကနည်းပါးဟန်တူသည်။

ပန်းခန်းမဆောင်သည် အိမ်ဂေဟာကြီး၏အလယ်ဗဟို တွင်ရှိသည်။ အိမ်ဂေဟာကြီး၏ပင်မခန်းမဆောင်လည်းဖြစ်၏။

ပန်းခန်းမဆောင်ထဲသို့ ရောက်သောအခါမှသာ ကျူပင်း သည် လူရိပ်လူယောင်ကိုတွေ့ရတော့သည်။

ပန်းခန်းမဆောင်ထဲဝယ်... ပိတုန်းတစ်အုပ်အဝင် လူရွယ် နှစ်ယောက်တို့ စုံစုံညီညီရှိနေကြသည်ကိုတွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူပင်းဝင်ရောက်လာသည်ကိုမြင်ရသည်တွင် လူရွှယ်အားလုံးက ထိုင်နေရာမှမတ်တတ်ထရပ်ကာ အရိုအသေပေးလိုက်ကြသည်။

"ခင်ဗျား ရောက်မလာသေးလို့ တစ်ခုခုများဖြစ်နေပြီထင်ပြီးကျွန်တော်တို့စိုးရိမ်နေမိကြတယ်"

လူရွှယ်ရှစ်ယောက်ထဲမှတစ်ယောက်ကပြောသည်။

ပိတုန်းတစ်ကျူပင်းက....

"နောက်ယောင်ခံလိုက်လာတဲ့လူရှိသေးရင် မျက်ခြည်ပြတ်သည်ထက်ပြတ်သွားအောင် လေးငါးပတ်လောက် လှည့်ပတ်သွားနေလိုက်တာမို့ တစ်ရက်နောက်ကျသွားတာပါ၊ ခင်ဗျားတို့ကော လမ်းမှာ ဘယ်လိုပြဿနာမျိုးတွေတွေ့ခဲ့ကြသေးလဲ"

ပြောလည်းပြော၊ ပြန်လည်းမေးလိုက်သည်။

"ဘာမှမဖြစ်ဘူး"

လူရွှယ်ရှစ်ယောက်က တစ်ပြိုင်တည်းဖြေသည်။

"ဂိုဏ်းခွဲမှူးကော"

ကျူပင်းကထပ်မေးသည်။

"ကျွန်မ ဒီမှာရှိပါတယ်"

ကြည်လင်ချိုအေးသောအသံနှင့်အတူ....



ပန်းခန်းမဆောင်ထဲသို့ အမျိုးသမီးတစ်ဦး လျှောက်လှမ်းဝင်ရောက်လာလေသည်။

ပိတုန်းအမှတ်တစ်ကျူပင်းအပါအဝင်... ကျန်လူရွှယ်အားလုံး၏အကြည့်သည်... အသံရှင်အမျိုးသမီးထံ စုပြုံရောက်ရှိသွားလေတော့သည်။

ထို့အတူ ခန်းမဆောင်ကြီးတစ်ခုလုံးလည်း ရုတ်တရက်တိတ်ဆိတ်ငြိမ်သက်သွားလေ၏။

✦✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

ပန်းခန်းမဆောင်ထဲသို့... အမျိုးသမီးတစ်ဦးလျှောက်လှမ်းဝင်ရောက်လာသည်။ လွန်စွာလှပကျော့ရှင်းသော အမျိုးသမီးတစ်ဦးဖြစ်သည်။

"ကျွန်တော်ပိတုန်းတစ် အရောက်နောက်ကျတာကို... ခွင့်လွှတ်ဖို့တောင်းပန်ပါတယ်ဂိုဏ်းခွဲမှူး"

ကျူပင်းက... ထိုအမျိုးသမီးကိုဦးညွှတ်အရိုအသေပေးပြီးပြောသည်။

ထိုအမျိုးသမီးမှာ... အသက်(၃၀)ခန့်ရှိသည်။

ရုပ်ရည်ချောမောလှပသည်။

အသားအရည်က နှင်းပွင့်လိုဖြူဖွေးသည်။

ကိုယ်ခန္ဓာအချိုးအဆစ်က... အထူးပင် ဖွံ့ဖြိုးတောင့်တင်းသည်။



ပါးလှပ်သော ပန်းနုရောင် ပိုးသားအဝတ်အစားများကိုအတွင်းခံမပါဘဲ တစ်ထပ်အညီးဝတ်ထားရာ....

အမျိုးသမီး၏ရှိုက်ဖိုကြီးငယ် အသွယ်သွယ်တို့မှာ မြင်ရသူအဖို့ အသက်ရှူမှားဖွယ်ဖြစ်နေသည်။

လျှောက်လှမ်းလာဟန်ကမူ နန်းဆန်လှသည်။

အထက်တန်းလွှာမှ ကတော်တစ်ပါး၏အသွင်မျိုး....

ကျူပင်းတို့(၁၀)ယောက်မှာ အားကောင်းမောင်းသန် လူငယ်များဖြစ်ကြသော်လည်း ဂိုဏ်းခွဲမှူး၏ ရှိုက်ဖိုကြီးငယ်များကိုမျက်စိပင် သန်းရှုမကြည့်ကြပေ။

မျက်နှာလွှဲထားကြသည်။

ဂိုဏ်းခွဲမှူးသည် နန်းဆန်သောခြေလှမ်းများဖြင့် အသာအယာလျှောက်လှမ်းလာပြီး....

ခန်းမဆောင်၏အလယ်ဗဟိုကျကျတွင်ရှိသော ထိုင်ခုံကြီးတွင် ကြော့ကြော့မော့မော့လေး ဝင်ထိုင်လိုက်သည်။

"ရှင် တာဝန်ယူပြီးသယ်လာခဲ့တဲ့ပစ္စည်းတွေကော"

ထိုင်ခုံကြီးတွင်ထိုင်မိသောအခါ ဂိုဏ်းခွဲမှူးကမေးသည်။

"ကျွန်တော့်ဆီမှာပါလာပါတယ် ဂိုဏ်းခွဲမှူးကိုယ်တိုင်စစ်ဆေးကြည့်ပါ"

www.burmeseclassic.com

www.burmeseclassic.com



ကျူပင်းက ဤသို့ပြောပြီး အသင့်ကိုင်ထားသောသေတ္တာပြားလေးကိုလက်နှစ်ဖက်ဖြင့် ရိုရိုသေသေကမ်းပေးသည်။

ဂိုဏ်းခွဲမှူးကလှမ်းယူပြီး သေတ္တာပြားလေးကိုဖွင့်ကြည့်သည်။ သေတ္တာပြားလေးထဲဝယ် အရောင်တလက်လက်တောက်နေသော မြား (၁၀)စင်းရှိသည်။

"တာဝန်ကျေပွန်အောင် ထမ်းဆောင်တဲ့အတွက် ရှင့်ကို ဆုချီးမြှင့်တဲ့အနေနဲ့ ဒီနေ့ည ကျွန်မရဲ့စက်တော်ခန်းမဆောင်ထဲကို ဝင်ခွင့်ပြုမယ်"

ဂိုဏ်းခွဲမှူးက သေတ္တာပြားလေးကိုပြန်ပိတ်ပြီးပြောသည်။

ကျူပင်း မျက်နှာဝင်းထိန်သွားသည်။

ဂိုဏ်းခွဲမှူး၏ တောင့်တင်းအချိုးကျသောအလှအပများကိုလည်း တစ်ချက်မျက်စိကစားကာကြည့်လိုက်မိသည်။

ပြီးနောက်....

"အခုလိုချီးမြှင့်တဲ့အတွက် ဂိုဏ်းခွဲမှူးကို ကျေးဇူးတင်ပါတယ်"

ကျူပင်းက ဦးညွှတ်အရိုအသေပေးပြီး ပြောလိုက်သည်။

"နောက်ထပ် ဘာများပြောစရာရှိသေးလဲ"

ဂိုဏ်းခွဲမှူးက မေးလိုက်သည်။



"ဟုတ်ကဲ့... ကျွန်တော်တို့အဖွဲ့အတွက် အသုံးချနိုင်မဲ့လူ တစ်ယောက်တွေ့ထားပါတယ်.... သူ့ကိုဂိုဏ်းခွဲမှူးက ကျေနပ်လက်ခံမယ်ဆိုရင် ကျွန်တော်တို့အဖွဲ့အတွက် အင်အားတိုးလာနိုင်ပါတယ်"

ဂိုဏ်းခွဲမှူး မျက်မှောင်ကုတ်သွားသည်။

"ဘယ်သူများလဲ"

ကျူပင်းက....

"သိုင်းပညာထူးချွန်တဲ့ လူငယ်သိုင်းသမားတစ်ယောက်ပါပဲ.... သူ့ရဲ့သိုင်းပညာဟာ သူများနဲ့မတူ တမူထူးခြားပါတယ်၊ အမှန်အတိုင်းဝန်ခံရရင်.... ကျွန်တော်တို့ပိတုန်းမင်းသား ဆယ်ယောက်ထက်တောင် သာလွန်တယ်လို့ဆိုနိုင်ပါတယ်"

ထိုစကားကြောင့်.... ဂိုဏ်းခွဲမှူးသည် အနည်းငယ် စိတ်ဝင်စားသွားပုံရ၏။ ကျူပင်းကို ဖျတ်ခနဲကြည့်ကာ....

"ရှင်က လူတစ်ဖက်သားကိုချီးမွမ်းခဲတယ်.... အခု ရှင်ကိုယ်တိုင်ချီးမွမ်းနေတာဆိုတော့ ဒီလူဟာ တကယ့်ကိုတော်တဲ့လူ ဖြစ်ပါလိမ့်မယ်.... ဒါနဲ့ သူ့နာမည်ကိုပြောပါဦး"

ဂိုဏ်းခွဲမှူးက ပြုံး၍ပြောသည်။

ကျူပင်းကလည်း မဆိုင်းမတွပင်....

www.burmeseclassic.com

www.burmeseclassic.com



"တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှုပါ"

ဟုပြောလိုက်လေသည်။

ဂိုဏ်းခွဲမှူး ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

"လက်စသတ်တော့... အချစ်မင်းသားရယ်လို့ကျော်ကြားနေတဲ့တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှုကို... မဆိုးပါဘူး... ကြူးလန်းရှုဟာ သိုင်းပညာတော်သလောက် ရုပ်ချောပြီးအချစ်ရေးပညာမှာလဲ ထူးချွန်ပါတယ်"

ဂိုဏ်းခွဲမှူးက ဤသို့ပြောပြီး တစ်ကိုယ်လုံးသိမ့်သိမ့်တုန်အောင်ရယ်လိုက်လေသည်။

"ဂိုဏ်းခွဲမှူးက ကြူးလန်းရှုကို အရင်တုန်းက တွေ့ဖူးသိဖူးလို့လား"

ကျူးပင်းကမေးသည်။

ဂိုဏ်းခွဲမှူးက....

"လူကိုယ်တိုင်တော့.... တစ်ခါပဲ ခပ်ဝေးဝေးကတွေ့ဖူးပါတယ်၊ ဒါပေမဲ့.... သူ့ရဲ့အချစ်ဇာတ်လမ်းတွေနဲ့ သူ့ရဲ့အစွမ်းထက်ပုံတွေကိုတော့ကောင်းကောင်းကြားဖူးပါတယ်.... သူက စစ်သူကြီးရန်ချီနိုင်ရဲ့လက်အောက်မှာ ကိုယ်ရံတော်သိုင်းသမားအဖြစ် အမှုထမ်းခဲ့တာမဟုတ်လား"



ကျူးပင်း ခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်... ဒါပေမဲ့ စစ်သူကြီးရန်ချီနိုင်ကျဆုံးပြီးတဲ့နောက်ပိုင်းမှာ ကြူးလန်းရှုဟာ မင်းမှုထမ်းမလုပ်တော့ဘဲ သိုင်းလောကထဲလှည့်လည်သွားလာနေပါတယ်"

ဂိုဏ်းခွဲမှူး မျက်မှောင်ကုတ်ကာ....

"ဒါနဲ့... ရှင်က သူနဲ့ဘယ်လိုတွေ့ဆုံပတ်သက်မိတာလဲ"

ဤတွင် ကျူးပင်းက ကြူးလန်းရှုနှင့်တွေ့ဆုံခဲ့ပုံအကြောင်းများကို ပြန်လည်ပြောပြလိုက်လေသည်။

သူ့စကားအဆုံးတွင်....

ဂိုဏ်းခွဲမှူးက တွေးတွေးဆဆဖြင့်....

"ရှင် ရှာဖွေဆက်သွယ်ပေးမယ့်အလုပ်ကို ကြူးလန်းရှုက တကယ်ပဲလုပ်မှာလား"

ဟုမေးလိုက်သည်။

ကျူးပင်းက.... ခပ်သွက်သွက်ပင် ခေါင်းညိတ်လိုက်လေသည်။

"သူလုပ်ပါလိမ့်မယ်... အလုပ်နဲ့ပတ်သက်ပြီး ကျွန်တော်က စကားကုန်တော့ပြောမထားသေးပါဘူး... သူ့ကို ဂိုဏ်းခွဲမှူးအနေနဲ့သဘောတူလက်ခံရင် သူငြင်းမှာမဟုတ်ဘူးဆိုတာကိုတော့

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အာမခံပါတယ်”

“တကယ်ပဲလားရှင့်.... ဟင်း... ဟင်း... ဟင်း”

ဂိုဏ်းခွဲမှူးကတစ်ကိုယ်လုံးသိမ့်သိမ့်တုန်အောင် ရယ်ရင်း မေးလိုက်သည်။

“အခု ကြူးလန်းရှုဟာ စစ်သူကြီးရန်ချိခိုင်ရဲ့ကိုယ်ရံတော်သိုင်းသမားကြူးလန်းရှုလိုမျိုး မဟုတ်တော့ပါဘူး၊ အလုပ်မရှိတဲ့အတွက် အတော့်ကိုအကျဉ်းအကျပ်တွေ့နေပါတယ်.... ဒါကြောင့်ကျွန်တော်ပြောတဲ့အလုပ်ကို သူလက်ခံဖို့သေချာပါတယ်”

“ရှင်က သူ့ကို ရှေ့လငါးရက်နေ့မှာ ထပ်တွေ့ဖို့ချိန်းထားတယ်မဟုတ်လား”

ဂိုဏ်းခွဲမှူးကမေးလိုက်သည်။

ကျူပြင်းက ခေါင်းညိတ်ရင်း....

“ဟုတ်ပါတယ်.... သူ့ကိုလက်ခံဖို့ လက်မခံဖို့ ဆိုတာက ဂိုဏ်းခွဲမှူးရဲ့သဘောတူညီချက်ကိုရမှဖြစ်မှာပါ၊ ဒါကြောင့် အခုလိုချိန်းဆိုလိုက်ရတာပါ”

“ရှင်လုပ်ခဲ့တာ အတော်ကောင်းပါတယ်... အဖွဲ့အပေါ်မှာသစ္စာရှိကြောင်းပြတဲ့သဘောမို့ ကျွန်မကျေနပ်ပါတယ်၊ ဒါပေမယ့် ကျွန်မအထင်ကိုပြောရရင်တော့ ကြူးလန်းရှုဟာ ရှင်ချိန်းထားတဲ့



ငါးရက်နေ့အထိ စောင့်နေမှာမဟုတ်ဘူး”

“ဂိုဏ်းခွဲမှူးက ဘာကိုဆိုလိုတာလဲ”

“ကြူးလန်းရှုဟာ အချိန်အကြာကြီးစောင့်ပြီး ခရီးဝေးကွာတဲ့ချီကျူးမြို့ကိုသွားမှာမဟုတ်ဘူး၊ အချိန်တိုတိုနဲ့အဖြူအမည်း အဖြေသိနိုင်မယ့် ခရီးလဲနီးတဲ့ ဟောဒီနေရာကိုပဲလာပါလိမ့်မယ်”

“ဟာ... မဟုတ်တာဘဲ၊ ကြူးလန်းရှုကဒီနေရာကိုမသိဘဲ ဘယ်လိုလုပ်လာနိုင်မှာလဲ”

ကျူပြင်းက တအံ့တသြမေးသည်။

ဂိုဏ်းခွဲမှူးက မဲ့ပြုံးပြုံးကာ....

“ကျူပြင်း ရှင်ဟာ အတော့်ကိုအတဲ့လူတစ်ယောက်ပဲ၊ ရှင်ဟာ အဖွဲ့အပေါ်မှာသစ္စာရှိပြီး အဖွဲ့ရဲ့ကောင်းကျိုးကို ဆောင်ရွက်နေတဲ့လူတစ်ယောက်ဖြစ်ကြောင်း သိထားလို့သာတော်တော့တယ်၊ မဟုတ်ရင် ရှင့်အတွက်မဟူရာမြွားတစ်စင်း လက်ဆောင်ပေးလိုက်ပြီးပြီ”

ထိုစကားကြောင့် ကျူပြင်းမျက်လုံးပြူးသွားသည်။

နားမလည်နိုင်ဟန်ဖြင့်.....

www.burmeseclassic.com

www.burmeseclassic.com



"ဂိုဏ်းခွဲမှူးပြောတာကို ကျွန်တော်ဖြင့်နားကိုမလည်တော့ဘူး"

ဂိုဏ်းခွဲမှူးက နှာခေါင်းရှုံ့လိုက်ပြီး....

"ရှင်ဟာ လည်မလိုနဲ့တော်တော်ထုံတဲ့လူပဲ၊ ရင်ပေလုံဆီကမြားတွေလက်ခံယူပြီးတဲ့နောက် ရှင့်နောက်ကို နောက်ယောင်ခံလိုက်နေတဲ့လူဟာ တခြားလူမဟုတ်ဘူး၊ ကြူးလန်းရှုပဲဖြစ်တယ်"

"ဗျာ...."

ကျူပြင်းမှာ အံကြီးအကျယ်အံ့ဩကာ မျက်လုံးအပြူးသားပါးစပ်အဟောင်းသားဖြစ်သွားရလေသည်။

"အခုတော့ ရှင်က ကြူးလန်းရှုကို ဒီနေရာရောက်အောင်လမ်းပြခေါ်ခဲ့သလိုဖြစ်နေပြီ၊ ဒီတော့ ရှင့်ကိုဘယ်လိုအပြစ်ဒဏ်ပေးသင့်သလဲ"

ဂိုဏ်းခွဲမှူးက ဤသို့ပြောပြီး သေတ္တာပြားလေးကိုဖွင့်ကာမြားတစ်လက်ကို အသာကောက်ယူလိုက်၏။

ကျူပြင်းမှာ မျက်စိပျက် မျက်နှာပျက်ဖြစ်သွားသည်။

ထိတ်လန့်တုန်လှုပ်စွာဖြင့်....



"ကျွန်တော့်အသက်ကိုချမ်းသာပေးပါ ဂိုဏ်းခွဲမှူးခင်ဗျား၊ ကျွန်တော့်နောက်ကို သူနောက်ယောင်ခံလိုက်နေမှန်း ကျွန်တော်မသိရိုးအမှန်ပါ၊ တကယ်လို့သိရင် ကျွန်တော်...."

ရုတ်တရက် ဂိုဏ်းခွဲမှူးက လက်ကာပြလိုက်သောကြောင့် အထစ်ထစ်အငေါ့ငေါ့ ပြောနေသောကျူပြင်း၏စကားများမှာ....

လက်စမသတ်နိုင်ဘဲ တစ်ပိုင်းတန်းလန်းဖြင့် ရပ်တန့်သွားလေသည်။ ဂိုဏ်းခွဲမှူးက သူ့အားစေ့စေ့ကြည့်လိုက်ပြီး....

"ရှင်ဟာ အဖွဲ့အပေါ်သစ္စာရှိတဲ့လူတစ်ယောက်ဖြစ်တယ်ဆိုတာ ကျွန်မသိပါတယ်၊ ဒါကြောင့် သေဒဏ်ကလွတ်ငြိမ်းခွင့်ပြုလိုက်တယ်၊ ဒါပေမဲ့ အပြစ်ဒဏ်ကလုံးဝလွတ်ငြိမ်းခွင့်တော့ မပေးနိုင်ဘူး"

စကားဆုံးသည်နှင့်ဂိုဏ်းခွဲမှူးသည် ညာလက်ကိုလှစ်ခနဲလှုပ်ရှားလိုက်သည်။

လက်လှုပ်ရှားမှုနှင့်အတူ မြားတစ်စင်းသည် လျှပ်ပြက်လိုက်သလို လက်ခနဲဖြစ်သွားသည်။

"ဗုစ်...."

ကျူပြင်းမှာ မျက်လုံးများပြာဝေကာ ရင်ထဲထိတ်ခနဲဖြစ်သွားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် .... ဂိုဏ်းခွဲမှူး၏ပစ်မှတ်က ကျူပင်းမဟုတ်ဘဲ အခန်း၏တစ်နေရာရှိ ပြတင်းပေါက်တစ်ခုသာ ဖြစ်နေသည်။

မြားသည် ထိုပြတင်းပေါက်မှနေ၍ အပြင်ဘက်သို့တန်းထွက်သွားသည်။ ထိုပြတင်းပေါက်၏အပြင်ဘက်တွင် ကြူးလန်းရှုပုန်းအောင်းလျက်ရှိနေသည်။

ကြူးလန်းရှုသည်.... ဂိုဏ်းခွဲမှူး၏ လှုပ်ရှားမှုများကို မျက်ခြည်မပြတ်ကြည့်ရှုနေသလို ပစ်လွှင့်လာသည့်မြားအရှိန်ကလည်း သိပ်မပြင်းလှသောကြောင့်....

သူ့ထံ ဦးတည်ဝင်လာသောမဟူရာမြားကို အလိုက်သင့်ပင်ဆီးကြိုဖမ်းယူထားလိုက်နိုင်သည်။

ပြတင်းပေါက်၏အပြင်ဘက်တွင် ကြူးလန်းရှုရောက်ရှိနေကြောင်း...

ယခုမှပင်... ပိတုန်းမင်းသား(၁၀)ဦးတို့ ရိပ်မိသိရှိသွားကြတော့၏။ သူတို့ (၁၀)ယောက်သည် ချက်ချင်းပင် ပြတင်းပေါက်မှခုန်ထွက်ကာ ရန်သူကိုရင်ဆိုင်မည့်ဟန်ပြင်သည်။

သို့သော်.... ဂိုဏ်းခွဲမှူးက အသာလက်မြှောက်ကာ ဟန့်တားထားလိုက်သောကြောင့် ပိတုန်းမင်းသား(၁၀)ယောက်မှာ ခြေလှမ်းတုံ့ခနဲရပ်သွားကြသည်။

❋



"အချစ်မင်းသား ကြူးလန်းရှုကို ခန့်မဆောင်ထဲဝင်လာခဲ့လို့ ဖိတ်ခေါ်ပါတယ်၊ ကိုယ်တိုင်ထွက်မကြိုဆိုနိုင်လို့ မဟူရာမြားအစီကိုလွှတ်ပြီး အကြိုထောက်ခိုင်းရတာကို နားလည်ခွင့်လွှတ်စေချင်ပါတယ်"

ဂိုဏ်းခွဲမှူးကကြည်လင်ချိုအေးသောအသံလေးဖြင့် လှမ်းပြောလိုက်သည်။

သူမ၏စကားသံနှင့်မရှေးမနှောင်းမှာပင်....

"ဟား... ဟား... ဟား"

တဟားဟားရယ်သံနှင့်အတူ ပြတင်းပေါက်မှတစ်ဆင့် လူတစ်ယောက်ခုန်ပျံဝင်ရောက်လာလေသည်။

ထိုသူကား.... ကြူးလန်းရှုပင်ဖြစ်ပေတော့သည်။

✦✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

ကြူးလန်းရှု ပန်းခန်းမဆောင်ထဲဝင်ရောက်လာသည်။ ခန်းမဆောင်ထဲ ရောက်လျှင်ရောက်ချင်းပင်....

"ခင်ဗျားတို့ကို လာအနှောင့်အယှက်ပေးမိသလိုဖြစ်သွားတဲ့အတွက် တောင်းပန်ပါတယ်"

ကြူးလန်းရှုက ဦးညွှတ်အရိုအသေပေးပြီးပြောသည်။

"ကိစ္စမရှိပါဘူး၊ ကဲ... ထိုင်ပါဦး"

ဂိုဏ်းခွဲမှူးက ကြူးလန်းရှုကိုမျက်စချီကာကြည့်ပြီးပြောသည်။ ကြူးလန်းရှုက ဂိုဏ်းခွဲမှူးနှင့်မျက်နှာချင်းဆိုင်နေရာတွင်ရှိသောထိုင်ခုံ၌ဝင်ထိုင်လိုက်၏။

ပြီးနောက် ဂိုဏ်းခွဲမှူးမိန်းမပျိုကိုကြည့်ကာ....

"ခင်ဗျားနာမည်ကိုပြောပါဦး"

ဂိုဏ်းခွဲမှူးက ပခုံးကိုအသာတွန့်ပြလိုက်ပြီး....

"ကျွန်မက... အမည်နာမ သိပ်မထင်ရှားသေးတဲ့အညတြမိန်းကလေးတစ်ယောက်ဆိုတော့... ကိုယ့်နာမည်ကိုထုတ်ဖော်ပြောရမှာတောင် ရှက်မိပါတယ်... ဒါပေမဲ့ မေးလာမှတော့ ပြောရတော့မှာပေါ့ရှင်... ကျွန်မနာမည်ကရယ်ခက်လို့ခေါ်ပါတယ်"

"မဟူရာမြားကညာဆယ့်နှစ်ယောက်ထဲက တစ်ယောက်လား"

ဂိုဏ်းခွဲမှူးရယ်ခက်က ကြူးလန်းရှု၏အမေးကိုမဖြေဘဲ တခြားစကားတစ်ခုကိုလမ်းကြောင်းပြောင်းကာပြောသည်။

"ရှင် ဖမ်းယူထားတဲ့မြားကိုပြန်ပေးပါ"

ဂိုဏ်းခွဲမှူးရယ်ခက်က ဤသို့ပြောပြီး သွယ်ပျောင်းလှသောလက်လေးတစ်ဖက်ကိုကမ်းလင့်လိုက်သည်။

"ခင်ဗျားက ရွှေတစ်မတ်သားအကုန်ခံပြီး ထုလုပ်ထားတဲ့မြားကိုနှမြောနေလို့လား"

"နှမြောလို့မဟုတ်ပါဘူး... မဟူရာမြားကို လက်ကပစ်လွှတ်လိုက်ရင် အသက်တစ်ချောင်းကြွေလွင့်သွားရပါတယ်၊ အခုရှင့်ကိုအသေမသတ်ချင်ဘဲ သတိပေးရုံသက်သက်ပစ်လွှတ်လိုက်တဲ့မြားဖြစ်တဲ့အတွက် ပြန်တောင်းတာပါ"

"ကျွန်တော့်အပေါ် သက်ညှာတဲ့အတွက် ကျေးဇူးတင်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက ဤသို့ပြောပြီးနောက် လက်ထဲတွင်ကိုင်ထားသောမြားကို ရယ်ခက်ထံသို့လှမ်းပစ်ပေးလိုက်သည်။

"ကဲ.... ရော့"

"ဝှစ်...."

မြားလေးသည် ရယ်ခက်၏ရင်ဝတည့်တည့်သို့ ဦးတည်ဝင်သွားသည်။ ရယ်ခက်သည်ထိုင်ရာမှပင်မထဘဲ မိမိထံဦးတည်ဝင်လာသောမြားကိုအသာဆီး၍ဖမ်းယူကာ ဖွင့်ထားသောသေတ္တာပြားလေးထဲသို့ပြန်ထည့်လိုက်သည်။

ထို့နောက်....

သေတ္တာပြားလေးကို အသာအယာပြန်ပိတ်လိုက်သည်။

ယင်းအခိုက်မှာပင်....

"ကြူးလန်းရှု... ကျွန်တော်က ခင်ဗျားကိုမိတ်ဟောင်းဆွေဟောင်းတစ်ယောက်အဖြစ် ယုံယုံကြည်ကြည်ဆက်ဆံခဲ့တယ်၊ ဒါပေမဲ့ ခင်ဗျားက ကျွန်တော့်ရဲ့ယုံကြည်မှုကိုအလွဲသုံးစားလုပ်ပြီး ကျွန်တော့်နောက်ကို နောက်ယောင်ခံလိုက်လာခဲ့တယ်၊ ခင်ဗျားလုပ်ပုံတွေက ကောင်းရဲ့လားဗျ"

ကျူပင်းက ကြူးလန်းရှုကိုစိမ်းစိမ်းကြည့်ပြီး လေသံမာမာဖြင့်ပြောသည်။



ကြူးလန်းရှုက ဘာမျှပြန်မပြောဘဲ အသာနှုတ်ဆိတ်၍နေလိုက်သည်။ ထိုစဉ်....

"ကျူပင်း ရှင်အေးအေးဆေးဆေးနေစမ်းပါ၊ ကြူးလန်းရှုနဲ့ကျွန်မပြောပါ့မယ်"

ရယ်ခက်က ဝင်ရောက်ဟန့်တားလိုက်သောကြောင့်....

ကျူပင်းသည် မျက်နှာရဲခနဲဖြစ်ကာငြိမ်နေလိုက်ရသည်။

"ကျူပင်းက ရှင့်အတွက် အလုပ်ရှာပေးတာကတော့ တကယ့်စေတနာကောင်းနဲ့ပြောခဲ့တာပါ၊ ရှင့်အနေနဲ့သဘောတူ လက်ခံနိုင်ရင် ရှင့်ကိုကျွန်မတို့အဖွဲ့ထဲမှာ အဆင့်မြင့်တဲ့အလုပ်တစ်နေရာပေးပါ့မယ်၊ ဘယ့်နှယ်လဲ"

ရယ်ခက်က ကြူးလန်းရှုကိုအရည်လဲ့သောမျက်လုံးများဖြင့်ကြည့်ပြီးပြောသည်။

ကြူးလန်းရှုကလည်း....

ရယ်ခက်ကိုပြန်လည်စိုက်ကြည့်ကာ....

"ခင်ဗျားတို့အဖွဲ့အကြောင်းကို အရင်သိပါရစေလား၊ ခင်ဗျားတို့ရဲ့အဖွဲ့ဟာ ဘယ်လိုမျိုးလဲဆိုတာ သိပြီးတဲ့နောက်မှာ ခင်ဗျားတို့အဖွဲ့ထဲဝင်သင့်မဝင်သင့် ကျွန်တော်စဉ်းစားဆုံးဖြတ်ချင်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မတို့အဖွဲ့ထဲဝင်ဖို့သဘောတူရင် အဖွဲ့အကြောင်း အသေးစိတ်ပြောပြပါ့မယ်"

"အဖွဲ့အကြောင်းကို အရင်ပြောပြလို့မဖြစ်ဘူးလား"

"မပြောနိုင်ဘူး... ဘယ်လိုမှတော့မအောင်းမေ့ပါနဲ့"

"အဖွဲ့အကြောင်း အသေးစိတ်မပြောပြချင်ရင်လဲ အဖွဲ့ခေါင်းဆောင်ဘယ်သူလဲဆိုတာကိုတော့ ပြောနိုင်လိမ့်မယ်ထင်ပါတယ်"

ရယ်ခက်ခေါင်းခါလိုက်သည်။

"ဒါကိုလဲ ပြောပြလို့မဖြစ်ဘူး"

"ဒီအတိုင်းဆိုရင်တော့ ... ကျွန်တော့်အဖို့ ဆုံးဖြတ်ရခက်နေပြီ"

ရယ်ခက်ပြုံးလိုက်သည်။

"မခက်ပါဘူး... အဖွဲ့ထဲဝင်ဖို့ သဘောတူခေါင်းညိတ်လိုက်ပြီးရင်.... အဖွဲ့နဲ့ပတ်သက်တဲ့အကြောင်းအရာအားလုံးကို အသေးစိတ်သိရမှာပေါ့ရှင်"

ကြူးလန်းရှ ပခုံးတွန့်လိုက်သည်။

"အိမ်ထောင်ပြုမဲ့မိန်းကလေးတစ်ယောက်အနေနဲ့ သူ့ရဲ့အိမ်ထောင်ဖက်ဟာ ဘယ်သူဘယ်ဝါဆိုတာသိထားဖို့ လိုအပ်သလို



ကျွန်တော့်အနေနဲ့ကလဲ... ခင်ဗျားတို့အဖွဲ့ကိုဝင်ရမယ်ဆိုရင် အဖွဲ့ခေါင်းဆောင် ဘယ်သူဖြစ်တယ်ဆိုတာလောက်ကိုတော့ သိထားချင်တယ်မဟုတ်လား"

ရယ်ခက်က...

"အဖွဲ့ခေါင်းဆောင်ကို ရှင့်အနေနဲ့သိစရာမလိုပါဘူး၊ တာ ဘယ်လို့ ရှင်ဟာ ကျွန်မတို့အဖွဲ့ကိုဝင်ရင် ကျွန်မရဲ့ကိုယ်ထားခွဲမှာပဲ ဝင်ရမှာ၊ ရှင့်အနေနဲ့ကျွန်မရဲ့အမိန့်ကိုနာခံလှုပ်ရှားရမှာဆိုတော့ အဖွဲ့ခေါင်းဆောင်ကို သိစရာမလိုတော့ဘူးလေ"

ကြူးရှလန်း မျက်မှောင်ကုတ်သွားသည်။

"ခင်ဗျားက အဖွဲ့ထဲမှာ အဆင့်ဘယ်လောက်ရှိသလဲ"

"ကျွန်မရဲ့အထက်မှာ အဖွဲ့ခေါင်းဆောင်တစ်ယောက်ပဲ ရှိပါတော့တယ်"

ကြူးရှခေါင်းညိတ်လိုက်သည်။

"တကယ့်အဆင့်မြင့်ကိုယ်ထားခွဲမှူးတစ်ယောက်ပဲကိုး... ဒါဖြင့်ရင် ကျွန်တော်သိချင်နေတဲ့ကိစ္စတစ်ခုကိုမေးပါရစေ"

"ဘာကိစ္စလဲ"

"ချီကျင်းအသတ်ခံရတဲ့ကိစ္စပါပဲ"

ကိုယ်ထားခွဲမှူးရယ်ခက်၏မျက်နှာဝယ်....

www.burmeseclassic.com

www.burmeseclassic.com



အံ့ဩသည့်အသွင်လေးတစ်ခု ရိပ်ခနဲပေါ်လာသည်။

သို့သော်....

ထိုအံ့ဩမှုအရိပ်အသွင်သည် ချက်ချင်းပျောက်သွားပြီး အပြုံးရိပ်ကပြန်ပေါ်လာသည်။

"ကျူပင်းနောက်ကို နောက်ယောင်ခံလိုက်နေတာဟာ ချီကျင်းအသတ်ခံခဲ့ရတဲ့ကိစ္စနဲ့ပတ်သက်နေတာကိုး"

ရယ်ခက်က ပြုံး၍ပြောသည်။

ကြူးလန်းရှုခေါင်းညိတ်လိုက်သည်။

"ဟုတ်ပါတယ်"

"ရှင် ရေလိုက်လွဲနေပြီလို့ပြောရမယ်၊ ချီကျင်းအသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်မအနေနဲ့ဘာမှပြောစရာမရှိပါဘူး"

"မပြောချင်တာလား... မသိတာလား"

"ရှင်ထင်ချင်သလိုထင်နိုင်ပါတယ်"

ရယ်ခက်က ခပ်ပြတ်ပြတ်ပင်ပြန်ပြောလိုက်သည်။

ကြူးလန်းရှုကလည်း အလျှော့မပေး....

"ချီကျင်းသေဆုံးရတာဟာ ခင်ဗျားတို့မိုးနတ်မယ်အဖွဲ့ရဲ့ လက်ချက်ဖြစ်တာကိုတော့ ကျွန်တော်သေသေချာချာ သိထားပါတယ်"



ရယ်ခက်က ကြူးလန်းရှုအား စူးစိုက်ကြည့်လိုက်ပြီး....

"ဒီမယ်ကြူးလန်းရှု... အခု ရှင်ရင်ဆိုင်နေရတဲ့အခြေအနေကိုနားလည်စမ်းပါ၊ ရှင်ဟာ ကျွန်မတို့အဖွဲ့ရဲ့အဓိကလျှို့ဝှက်စခန်းတစ်ခုကိုရောက်နေပြီ၊ ဒီတော့... ချီကျင်းအသတ်ခံရတဲ့ကိစ္စကို မေ့ပစ်ပြီး ကျွန်မတို့နဲ့ပူးပေါင်းတာဟာ ရှင့်အတွက်အကောင်းဆုံးပဲဆိုတာ နားလည်စေချင်ပါတယ်၊ ကျွန်မပြောတာကို ရှင်သဘောပေါက်ပါတယ်နော်"

"နားလည်ပါတယ်... ခင်ဗျားတို့ရဲ့အဓိကလျှို့ဝှက်စခန်းကိုသိထားတဲ့ကျွန်တော့်အဖို့ ခင်ဗျားတို့အဖွဲ့ထဲကိုမဝင်ရင် အသက်သေဖို့ပဲရှိတယ်လို့ဆိုလိုတာမဟုတ်လား"

ဂိုဏ်းခွဲမှူးရယ်ခက်က ဘာမျှပြန်မပြောဘဲ တောင့်တင်းဖွံ့ဖြိုးသောကိုယ်ခန္ဓာကို တလှုပ်လှုပ်တုန်အောင်ရယ်မောနေသည်။

ကြူးလန်းရှုက ဆက်ပြောလိုက်သည်။

"ချီကျင်းဟာ ကျွန်တော့်ရဲ့မိတ်ဆွေကောင်းတစ်ယောက်ဖြစ်ပါတယ်၊ အများအကျိုးဆောင်ရွက်နေတဲ့သိုင်းသမားကောင်းတစ်ယောက်လဲ ဖြစ်ပါတယ်၊ သူ့အသတ်ခံရတဲ့ကိစ္စကို ကျွန်တော် မေ့မပစ်နိုင်ပါဘူး၊ ကြုံလာရမယ့်အန္တရာယ်ကို ကျွန်တော်ရင်ဆိုင်ဖို့ အသင့်ရှိပါတယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက မိမိ၏သဘောထားကိုပြတ်သားစွာ ပြော လိုက်သည်။

"ဒီလိုဆိုရင်လဲ တစ်ပွဲတစ်လမ်းရင်ဆိုင်ကြဖို့ပဲရှိတော့တာ ပေါ့၊ ကဲ... ရှင်အရင်စပေတော့"

မည်သို့မျှစည်းရုံးသွေးဆောင်၍မရတော့သဖြင့် ရယ်ခက် ကတိုက်ခိုက်ရန်စိန်ခေါ်လိုက်တော့သည်။

ကြူးလန်းရှုက ခပ်အေးအေးပင်....

"ကျွန်တော်က ဒီနေရာမှာ ဧည့်သည်ဖြစ်နေပါတယ်၊ အိမ်ရှင်ကိုဧည့်သည်ကဦးစားပေးရတဲ့ထုံးစံရှိပါတယ်၊ ဒါကြောင့် ခင်ဗျားပဲ အရင်စပါ"

ရယ်ခက်သည်... သဘောကျဟန်ဖြင့် လွင်လွင်လေးရယ် လိုက်သည်။

"ခစ်... ခစ်... ခစ်... ကောင်းပြီလေ... ကြူးလန်းရှုရဲ့ ဓား သိုင်းပညာသိပ်ထက်တယ်လို့ ကျွန်မကြားဖူးထားပါတယ်၊ ဒီနေ့ တော့လက်တွေ့ပညာယူရသေးတာပေါ့၊ ကဲ... ကျွန်မရဲ့ ဓားရှည်ကို ယူခဲ့ပါဦး"

ပိတုန်းနစ်က ဓားရှည်တစ်လက်ယူလာပြီး ရယ်ခက်လက် သို့ ရိုရိုသေသေပေးအပ်သည်။



ရယ်ခက်က ဓားကိုလှမ်းယူပြီး ကြူးလန်းရှုနှင့်ရင်ဆိုင်ရန် အသင့်ပြင်လိုက်သည်။

ဤတွင်....

ကြူးလန်းရှုက ပတ်ဝန်းကျင်ကို တစ်ချက်ဝေ့ကြည့်ပြီး...

"ဒီခန်းမဆောင်ကကျဉ်းပါတယ်၊ လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်အောင် အပြင်ဘက်မှာသွားယှဉ်ပြိုင်ကြရင် မကောင်း ဘူးလား"

ပန်းခန်းမဆောင်ထဲတွင်ယှဉ်ပြိုင်တိုက်ခိုက်ပါက မိမိအဖို့ ဆုတ်ခွာထွက်ပြေးရန်အခွင့်အလမ်းနည်းကြောင်း အကဲခတ်မိသည့် အတွက် ကြူးလန်းရှုကပြောလိုက်ခြင်းဖြစ်သည်။

"ရပါတယ်လေ... အပြင်ဘက်မှာသွားပြိုင်ကြတာပေါ့"

ဂိုဏ်းခွဲမှူးရယ်ခက်ကပြောသည်။

ကြူးလန်းရှုသည် ချက်ချင်းပင် ပန်းခန်းမဆောင်ရှေ့သို့ ထွက်သွားသည်။

သူ့နောက်မှ ဂိုဏ်းခွဲမှူးရယ်ခက်လိုက်လာသည်။ ရယ်ခက် နောက်မှ ပိတုန်းမင်းသား (၁၀)ယောက်တို့ကလိုက်ပါလာခဲ့ကြလေ သည်။

✦✦

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

ပန်းခန်းမဆောင်၏အပြင်ဘက်တွင် ပေ(၅၀)ပတ်လည်မျှ ကျယ်ဝန်းသောမြေကွက်လပ်တစ်ခုရှိသည်။ ကြူးလန်းရှုသည် မြေကွက်လပ်၏အလယ်ဗဟိုတွင်နေရာယူပြီး ဓားရှည်ကို ဓားအိမ်မှဆွဲထုတ်လိုက်သည်။

ရယ်ခက်ကလည်း ဓားရှည်ကိုဆွဲထုတ်မည်ပြုသည်။

ထိုအခိုက်.... ကျူပင်းကရှေ့တိုးလာပြီး ဦးညွှတ်အရိုအသေပြုကာ ပြောသည်။

"ကြူးလန်းရှုကို ဂိုဏ်းခွဲမှူးကိုယ်တိုင် ရင်ဆိုင်စရာမလိုပါဘူး၊ ကျွန်တော့်ကိုဖြေရှင်းခွင့်ပေးပါ"

"ရှင်က သူနဲ့ယှဉ်ပြိုင်နိုင်လို့လား"

ရယ်ခက်က မျက်စရိုကာ ကျူပင်းကိုကြည့်ပြီးပြောသည်။

"ကျွန်တော်စမ်းကြည့်ချင်ပါတယ်"



ရယ်ခက်သည် ကြူးလန်းရှု၏သိုင်းပညာအနေအထား နှင့်တိုက်ခိုက်ပုံများကိုအကဲခတ်ကြည့်ရှုလိုသောကြောင့် ကျူပင်း၏တောင်းဆိုချက်ကိုခွင့်ပြုလိုက်သည်။

"ကောင်းပြီ... ရှင် ကြည့်ရှင်းပါ၊ ဒါပေမဲ့ သတိတော့ထားနော်... မပေါ့လျော့နဲ့"

ရယ်ခက်က ပြောပြီးဘေးသို့ အသာဖယ်ပေးလိုက်သည်။

ကျူပင်းသည် သူ၏လက်စွဲတော်သုံးဆစ်ဆက်တုတ်ကို ဆွဲထုတ်ကာ တစ်ချက်ဝှေ့ယမ်းပြီး ရှေ့သို့လှမ်းတက်လာသည်။

ကြူးလန်းရှုနှင့်မျက်နှာချင်းဆိုင် (၅)ပေခန့်အကွာတွင် သိုင်းကွက်နင်းကာ အသင့်အနေအထားဖြင့်ရပ်သည်။

ကြူးလန်းရှုက သူ့အားတစ်ချက်ကြည့်ကာ....

"ကျူပင်း ခင်ဗျားကိုကျွန်တော်နမြောမိတယ်ဗျာ... ခင်ဗျားဟာ ငွေကြေးပစ္စည်းဥစ္စာကြွယ်ဝချမ်းသာပါတယ်၊ သိုင်းပညာလဲ အတော်ကောင်းပါတယ်၊ ရှေ့တက်လမ်းလဲ အများကြီးရှိပါတယ်၊ ဘာကြောင့် မိုးနတ်မယ်အဖွဲ့ထဲကိုဝင်ပြီး အမျိုးသမီးတွေစေခိုင်းတာကိုနာခံလုပ်ဆောင်နေရတာလဲ၊ ကျုပ်တော့ တကယ့်ကို နားမလည်နိုင်အောင်ဖြစ်မိတယ်ဗျာ"

ကြူးလန်းရှုက ကျူပင်းကိုစူးစိုက်ကြည့်ပြီး နမြောသနားဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်သည်။

"ကျွန်တော့်ဘာသာ ဘာလုပ်လုပ် ခင်ဗျားနဲ့မဆိုင်ဘူး ခင်ဗျား ဘာမှစွက်ဖက်ပြောဆိုစရာအကြောင်းလဲမရှိဘူး၊ ကိုင်း... အကွက်ကြည့်"

ကျူပင်းကပြောပြောဆိုဆို ရှေ့သို့လှမ်းတက်ကာ သုံးဆ ဆက်တုတ်ကိုဝှေ့ယမ်းပြီး ကြူးလန်းရှုအားရိုက်ချသည်။

ကြူးလန်းရှုက ဓားရှည်ကိုအသာပင့်တင်ပြီးခုခံသည်။

သုံးဆစ်ဆက်တုတ်က ဓားရှည်ကိုရစ်ပတ်မိသွားသည်။

ကျူပင်းက အခွင့်ကောင်းပေါ်ပြီဟု ထင်မှတ်ကာ ရှေ့ ခြေတစ်လှမ်းဆက်တက်ပြီး ဘယ်လက်ဝါးဖြင့် ကြူးလန်းရှု၏ရင် ကိုရိုက်သည်။

ကြူးလန်းရှု၏လှုပ်ရှားမှုက ကျူပင်းထက် ပိုမြန်သည်။

ကျူပင်းလက်ဝါးရိုက်ချက် မထုတ်နိုင်မီမှာပင် ကြူးလ ရှုက ညာလက်တွင်ဆုပ်ကိုင်ထားသောဓားရှည်ကို ဆတ်ခနဲတို့ လိုက်သည်။

သုံးဆစ်ဆက်တုတ်က ဓားရှည်ကိုရစ်ပတ်နေသည်ဖြ ရာ ဓားရှည်တို့ဆွဲလိုက်မှုကြောင့် ကျူပင်းမှာလည်း ကိုယ်ခန္ဓာယိ ယိုင်ကာ ဟန်ချက်ပျက်သွားလေသည်။



ထိုအခိုက်မှာပင်....

ကြူးလန်းရှုက... ဘယ်လက်တွင်ကိုင်ထားသော ဓားအိမ်ဖြင့် ကျူပင်းကိုဖြတ်ရိုက်လိုက်သည်။

"ဖြောင်း...."

ဓားအိမ်က ကျူပင်းပခုံးကိုပြင်းထန်စွာရိုက်မိသွားသည်။

"အွန့်...."

ကျူပင်းမှာ တစ်ပတ်လည်ကာ မြေပြင်ဝယ် ပုံလျက်သား လဲကျသွားလေသည်။

သိုင်းကွက်တစ်ကွက်မျှသာရင်ဆိုင်ရသေးသည်။

ကျူပင်းကား မရှုမလှအရေးနိမ့်သွားလေပြီ။

ယင်းအတွက် ရယ်ခက်မှာ အတော်ပင် မကျေမနပ်ဖြစ်သွားခဲ့ရလေသည်။

သူမသည် မျက်မှောင်တစ်ချက်ကုပ်ကာ....

"ကျူပင်း... ရှင်ဟာ ကျွန်မရဲ့ကိုယ်ရံတော်ပီတုန်းမင်းသားဆယ်ယောက်ရဲ့ခေါင်းဆောင်လုပ်နေပြီး ဒီလောက်တောင် ညံ့ရသလား"

ရယ်ခက်က လဲကျနေသောကျူပင်းကို လှမ်းကြည့်ပြီး မကျေမနပ်ပြောလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကျူပင်းသည် လဲကျနေရာမှပြန်ထရန်ကြိုးစားသည်။

သို့သော်....

ရုတ်တရက်ထ၍မရဘဲဖြစ်နေလေသည်။

"ဒီလူ့ကိုထမ်းထုတ်သွားကြစမ်း"

ရယ်ခက်က ခပ်ဆတ်ဆတ်အမိန့်ပေးလိုက်သည်။

ပိတုန်းမင်းသားနှစ်ယောက်က ကျူပင်းကိုဆွဲမပြီး ခေါ်ထုတ်သွားကြသည်။

ကျန်ရှိနေသော.... ပိတုန်းမင်းသားခုနစ်ယောက်အနက် လေးယောက်သည် လက်နက်ကိုယ်စီဆွဲထုတ်ကာ ရှေ့သို့တက်လာကြပြီး ကြူးလန်းရှူကို လေးဘက်လေးတန်မှ ဝိုင်းရံထားလိုက်ကြလေသည်။

သူတို့လေးယောက်သည် ဓားရှည်၊ ပုဆိန်၊ လှံရှည်၊ ကျာပွတ်စသည့်လက်နက်များကို တစ်ယောက်တစ်မျိုးစီ ကိုင်ဆွဲထားကြလေသည်။

လေးယောက်နှင့်တစ်ယောက် ရင်ဆိုင်တိုက်ခိုက်တော့ကြမည့်အခြေအနေဖြစ်သည်။

မှုတမူမရှိကြောင်းသိသည့်တိုင် ရယ်ခက်သည် ဟန့်တားခြင်းမပြုဘဲ အသာလက်ပိုက်ကာကြည့်နေလိုက်သည်။



သိုင်းကွက်တစ်ကွက်တည်းနှင့် ကျူပင်းအရေးနိမ့်သွားခဲ့သည့်အတွက် ကြူးလန်းရှူ၏သိုင်းပညာအခြေအနေကို ရယ်ခက်အကဲမခတ်နိုင်ခဲ့ပေ။

ပိတုန်းမင်းသားလေးယောက် ဝိုင်းဝန်းတိုက်ခိုက်မှုကိုကြည့်ပြီး ကြူးလန်းရှူ၏သိုင်းပညာကိုအကဲခတ်လိုသောကြောင့် အခုကဲ့သို့ ဟန့်တားခြင်းမရှိဘဲ သည်အတိုင်း လက်ပိုက်ကြည့်နေလိုက်ခြင်းဖြစ်လေသည်။

ပိတုန်းမင်းသားလေးယောက်သည် ကြူးလန်းရှူ၏ လေးဘက်လေးတန်မှနေရာယူဝိုင်းရံပြီးနောက် ပြိုင်တူပင် ဝင်ရောက်တိုက်ခိုက်လိုက်ကြသည်။

တိုက်ခိုက်ပုံမှာ အကွက်စိပ်သည်။

အပေးအယူမျှသည်။

ကြူးလန်းရှူသည် အတွင်းအားကိုစုစည်းအသုံးပြုကာ ညာလက်တွင်ကိုင်ထားသောဓားရှည်နှင့် ဘယ်လက်တွင်ကိုင်ထားသောဓားအိမ်တို့ကို ချားရဟတ်ပမာ တရစပ်ဝှေ့ယမ်းပြီးခုခံတိုက်ခိုက်သည်။

ဓားရှည်နှင့်ဓားအိမ်တို့၏ ဝှေ့ယမ်းမှုအရှိန်အဟုန်မှာ အလွန်မြန်ဆန်ကာ အားအင်လည်းပြင်းထန်လှသည်။

www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းမင်းသားလေးယောက်တို့မှာ ကြူးလန်းရှု၏ခံ... ကိုမထိုးဖောက်နိုင်ဘဲ နောက်ပြန်ဆုတ်သွားကြရသည်။

ကြူးလန်းရှုက အခွင့်ကောင်းကိုလက်မလွှတ်တန်း အသ... ချကာ ချက်ချင်းပင် တန်ပြန်တိုက်စစ်ဆင်သည်။

ကြူးလန်းရှုသည် ပုဆိန်ကိုင်ပိတုန်းမင်းသားကို ဓားရှည်... သုံးချက်ဆက်တိုက်ဆင့်ကာ တရကြမ်းတိုက်ခိုက်လိုက်သည်။

ပုဆိန်ကိုင်ပိတုန်းမင်းသားမှာ ခြေမကိုင်မိ လက်မကိုင်... ဖြစ်ကာ နောက်သို့အတင်းဆုတ်ပြေးသွားသည်။

ကြူးလန်းရှုသည် ဆုတ်ပြေးသွားသောရန်သူနောက်... လိုက်လံတိုက်ခိုက်ခြင်းမပြုချေ။ ကိုယ်ကိုတစ်ပတ်လှည့်... ကျားပွတ်ကိုင်ပိတုန်းမင်းသားကို ဓားရှည်ဖြင့်လှမ်းပိုင်းသည်။

ကျားပွတ်ကိုင်ပိတုန်းမင်းသားက မြေပြင်တွင်လိမ့်ချ... ကြူးလန်းရှု၏ဓားချက်ကိုရှောင်သည်။

"ဝှစ်...."

ဓားချက်က သီသီလေးကပ်လွဲသွားသည်။

ထိုပိတုန်းမင်းသားသည် ရှောင်တိမ်းရင်းမှ ကြူးလန်းရှု... ကျားပွတ်ဖြင့်လှမ်းရိုက်သည်။

ကြူးလန်းရှုက ဘေးသို့တက်ကွက်နေရာပြောင်းကာ...



ကျားပွတ်ရိုက်ချက်ကိုရှောင်သည်။

ထိုအခိုက်မှာပင်..., နောက်ကျောဘက်ဆီမှာခုတ်ပိုင်းလာသောလေခွင်းသံကို ကြူးလန်းရှုကြားလိုက်ရသည်။

ကြူးလန်းရှုသည် နောက်ပြန်လှည့်၍ရင်ဆိုင်ရန် အချိန်မရတော့သောကြောင့်....

ညာလက်ရှိဓားကိုနောက်ပြန်ပက်ထုတ်လိုက်ရသည်။

နောက်ပြန်ပက်ထုတ်လိုက်သော ကြူးလန်းရှု၏ဓားချက်အနောက်ကျောမှဝင်လာသောဓားရှည်ကိုပက်ထုတ်လိုက်နိုင်သည်။

ကြူးလန်းရှုသည် ချက်ချင်းပင် နောက်သို့ချာခနဲလှည့်ကာ ဘယ်လက်တွင်ကိုင်ထားသောဓားအိမ်ဖြင့် နောက်ကျောမှဝင်ရောက်တိုက်ခိုက်သည့် ဓားပိတုန်းမင်းသား၏ရင်ဘတ်ကို ထိုးထည့်လိုက်သည်။

"အွန်း...."

ထိုပိတုန်းမင်းသားမှာ ရှောင်ရှားရန်အချိန်မရဘဲ ရင်ဘတ်တွင်အထိခံရကာ ဖင်ထိုင်လျက်လဲကျသွားသည်။

ကြူးလန်းရှုက ဆက်လက်၍ခြေဖြင့်ကန်ထည့်လိုက်ပြန်သည်။ ထိုသူ၏မျက်နှာတည့်တည့်ကို ခြေကန်ချက်ထိမိပြီး မြေကြီးပေါ်လိမ့်ထွက်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် လှံရှည်ကိုင်ပီတုန်းမင်းသားက ကြူးလန်းရှ ကိုအတင်းဝင်တိုက်ခိုက်လာသည်။ ကြူးလန်းရှုက ထိုသူ၏တိုက် ချက်ကိုဓားအိမ်ဖြင့်ရိုက်ကာပက်ထုတ်ပြီး ဓားရှည်ဖြင့်လှမ်းခုတ် ပိုင်းချလိုက်သည်။

ထိုသူ၏ညာပခုံးတွင် ဓားချက်ထိသွားသည်။ ကိုင်ထား သောလှံတံရှည် လက်မှလွတ်ထွက်သွားသည်။ တစ်ခဏအတွင်း မှာပင် ဝိုင်းရံတိုက်ခိုက်သောပီတုန်းမင်းသားလေးယောက်အနက် နှစ်ယောက်ဒဏ်ရာရကုန်ကြသည့်အတွက် ရယ်ခက်မှာ အလွန်ပင် မကျေမနပ်ဖြစ်သွားရပြန်လေသည်။

"အလကား... အသုံးမကျတဲ့ကောင်တွေ... ဆက်မတိုက် ကြနဲ့တော့၊ နောက်ဆုတ်"

ရယ်ခက်က မကျေမနပ်ဖြင့်လှမ်းအော်ပြောသည်။

ကြူးလန်းရှုကိုတိုက်ခိုက်ရန်ပြင်နေကြသော ကျာမွတ် ကိုင်ပီတုန်းမင်းသားနှင့် ပုဆိန်ကိုင်ပီတုန်းမင်းသားတို့သည် လက် နက်များကိုရုပ်သိမ်းကာ နောက်သို့ဆုတ်ပေးလိုက်ကြသည်။

ဂိုဏ်းခွဲမှူးရယ်ခက် ဓားကိုင်ပြီးထွက်လာသည်။



## အခန်း ( ၁၀ )

ကြူးလန်းရှုနှင့်ရယ်ခက် ရင်ဆိုင်လိုက်ရလေပြီ။ ရယ်ခက် ၏သိုင်းအစွမ်းမှာ ပီတုန်းမင်းသား(၁၀)ယောက်တို့ထက် သာလွန် ခြင်းမားကြောင်း ကြူးလန်းရှုနားလည်ထားသည်။

ထို့ကြောင့်.... ကြူးလန်းရှုသည် စိတ်အာရုံကိုတည်ငြိမ် အောင်ပြုကာ အတွင်းအားများကိုအပြည့်အဝစုစည်းလျက်အသင့် ဖြင့်ထားလိုက်သည်။

"ကြူးလန်းရှု... ရှင်ဟာ နာမည်ကျော်ကြားသလောက် သိုင်းပညာလဲထူးချွန်ပါပေတယ်"

ရယ်ခက်က ကြူးလန်းရှုကိုစူးစိုက်ကြည့်ပြီး ချိုသာသော အသံလေးဖြင့်ပြောသည်။

"အခုလိုချီးမွမ်းတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကြူးလန်းရှုက တည်ငြိမ်စွာပြန်ပြောသည်။

www.burmeseclassic.com

www.burmeseclassic.com



မျက်စိအစုံကမူ ရယ်ခက်၏လှုပ်ရှားမှုကို အကဲခတ်ကြည့်နေလေသည်။

"ရှင်ဟာ အလွန်တရာမှတွေ့ရခဲတဲ့ သိုင်းလုလင်တစ်ယောက်ဖြစ်ပါတယ်.... ရှင့်ရဲ့အရည်အချင်းကို ကျွန်မအများကြီးသဘောကျတယ်၊ ဒီတော့ နောက်ဆုံးအကြိမ်အဖြစ် ရှင့်ကိုအခွင့်အရေးတစ်ခုထပ်ပေးမယ်၊ ကျွန်မတို့နဲ့ပူးပေါင်းပြီး ကျွန်မတို့အဖွဲ့ထဲဝင်မယ်ဆိုရင် ရှင့်ကို ရွှေပိတုန်းမင်းသားအဆင့်ပေးမယ်၊ ဘယ့်နှယ်လဲ"

"ရွှေပိတုန်းမင်းသားဆိုတာကဘာလဲ"

"ကျွန်မတို့မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်နဲ့ ဂိုဏ်းခွဲမှူးတွေမှာကိုယ်ရံတော်အဖြစ် သိုင်းလုလင်ဆယ်ယောက်စီရှိကြတယ်၊ သူတို့ကို ပိတုန်းမင်းသားတွေလို့ခေါ်တယ်၊ ရွှေပိတုန်းမင်းသားဆိုတာ ကအဖွဲ့ခေါင်းဆောင်ရဲ့ကိုယ်ရံတော်သိုင်းလုလင်ပေါ့၊ ရွှေပိတုန်းမင်းသားရဲ့အဆင့်ဟာ ကျွန်မထက်မနိမ့်ဘူး"

"တယ်ဟုတ်ပါလား"

"ရွှေပိတုန်းမင်းသားဖြစ်ရင် ရှင်လိုချင်သမျှအားလုံး ဘာမဆိုရနိုင်တယ်၊ ရွှေငွေပစ္စည်းဥစ္စာ မိန်းမချော မိန်းမလှ လိုလေသေးမရှိဘူး"



ကြူးလန်းရှုက ရယ်ခက်ကိုစူးစူးစိုက်စိုက်ကြည့်ရင်း....

"ခင်ဗျားလိုဂိုဏ်းခွဲမှူးတွေကိုလိုချင်ရင်ကော ရနိုင်မလား"

"အချိန်မရွေးရနိုင်တယ်... ဘယ်သူ့ကိုလိုချင်တယ်ဆိုတာလဲ"

ကြူးလန်းရှု မချင့်မရဲလေသံဖြင့်....

"အင်း တကယ်လို့ ခင်ဗျားတို့မိုးနတ်မယ်အဖွဲ့က ချီကျင်းကိုသတ်သင်မပစ်ခဲ့ရင် ခင်ဗျားရဲ့ကမ်းလှမ်းချက်ကို ကျွန်တော်လက်ခံနိုင်ပါလိမ့်မယ်၊ ဒါပေမဲ့... အခုတော့မဖြစ်နိုင်ပါဘူး"

"ချီကျင်းအသတ်ခံရတဲ့ကိစ္စကို ရှင်ကမမေ့မပစ်နိုင်ဘူးပေါ့"

"ဟုတ်ပါတယ်"

"ကောင်းပြီ... ဒီလိုဆိုရင်လဲ ရှင်နဲ့ကျွန်မနဲ့ယှဉ်ပြိုင်ကြရုံပဲရှိတယ်... ဓားကြည့်"

စကားဆုံးသည်နှင့် ရယ်ခက်၏ဓားချက်ဝင်လာသည်။

ရယ်ခက်၏ဓားခုတ်လိုက်ပုံမှာ မြွေပေါက်လိုက်သည့်နှယ် အလွန် လျင်မြန်လှသည်။

ရယ်ခက်၏ဓားချက်....

ဤမျှသွက်လက်လိမ့်မည်ဟု....

ကြူးလန်းရှု မထင်ခဲ့ပေ။

www.burmeseclassic.com

www.burmeseclassic.com



ကမန်းကတန်းတိမ်းရှောင်လိုက်ရာ ဓားချက်ကအသားသ မထိမိသော်လည်း ကြူးလန်းရှုအင်္ကျီရင်ဘတ်ကိုထိမိကာ စုတ်ပြဲသွားလေသည်။

"ဝှစ်...."

ရယ်ခက်၏ဒုတိယဓားချက်ဝင်လာပြန်သည်။

ပထမဓားချက်နည်းတူ သွက်လက်မြန်ဆန်လှသည်။

ကြူးလန်းရှုမှာ ခုခံခြင်းပင်မပြုနိုင်ဘဲ ကမန်းကတန်းခုန်ကာရှောင်ပေးလိုက်ရပြန်လေသည်။

ဓားချက်က သီသီလေးကပ်လွဲသွားသည်။

ကြူးလန်းရှုသည်အရဲစွန့်ကာ ဓားရှည်ကိုဆန့်ထုတ်ပြီး ရယ်ခက်ကိုလှမ်းထိုးသည်။

ထိုအချိန်တွင်....

ရယ်ခက်က အပေါ်သို့လွှားခနဲခုန်တက်လိုက်ရာ ကြူးလန်းရှု၏ဓားချက်မှာ လေကိုသာထိုးမိသွားသည်။

ရယ်ခက်သည်လည်း အပေါ်ကိုခုန်တက်ရင်း ကြူးလန်းရှုကိုအထက်စီးမှနေ၍ ဓားဖြင့်ပိုင်းချသည်။

ရယ်ခက်၏ တတိယဓားချက်မှာ ပထမနှင့်ဒုတိယဓားချက်များထက် ပို၍ကြောက်စရာကောင်းသည်။



ရှောင်တိမ်းခုခံရန်လည်း ခက်ခဲသည်။

ကြူးလန်းရှုမှာ ဓားဖြင့်ထိုးလျက်တန်းလန်းအနေအထားတွင်ရှိနေသောကြောင့် တိမ်းရှောင်ခုခံဖို့ ပိုအခက်တွေ့နေသည်။

ထို့ကြောင့်....

ဘယ်လက်ရှိဓားအိမ်ဖြင့် အပေါ်ပင့်မြှောက်ကာ ရယ်ခက်၏ဓားချက်ကိုခံဆောင်လိုက်ရသည်။

"ဖတ်...."

ရယ်ခက်၏ဓားရှည်နှင့် ကြူးလန်းရှု၏ဓားအိမ်တို့ ထိမိကြသည်။ ထိုသို့ထိမိသည့်အားကိုအသုံးချကာ ကြူးလန်းရှုက ဘေးသို့ခုန်ရှောင်လိုက်သည်။

ဘေးသို့ တစ်ကွက်ခုန်လိုက်ပြီးချိန်ဝယ် ကြူးလန်းရှု၏ ဘယ်လက်ရှိဓားအိမ်မှာလည်း လက်မှလွတ်ထွက်သွားသည်။

ရယ်ခက်က ဓားဖြင့်ကော်ပတ်ထုတ်လိုက်ခြင်းဖြစ်သည်။

ကြူးလန်းရှု ထိတ်လန့်တကြားဖြစ်သွားဆဲမှာပင် မျက်စိရှေ့ဝယ်လက်ခနဲဖြစ်ပြီး ရယ်ခက်၏စတုတ္ထဓားချက်က သူ့မျက်နှာသို့တန်းဝင်လာပြန်သည်။

ကြူးလန်းရှုက တံငါကွန်ဖြန့်ဓားချက်ကိုသုံးကာပြန်လည် ခုခံတိုက်ခိုက်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤခါးကွက်မှာ… ကြူးလန်းရှု၏ လျှို့ဝှက်ခါးသိုင်းကွက် ဖြစ်သည်။ အကျဉ်းအကျပ်အခြေအနေနှင့် ကြုံ တွေ့ရသောကြောင့် ထုတ်သုံးလိုက်ခြင်းဖြစ်သည်။

ဓားရိပ်ဓားရောင်အမြောက်အမြားက ရယ်ခက်တစ်ကိုယ် လုံးကိုလွှမ်းခြုံသွားသည်။

မည်သည့်ဓားချက်က အစစ်အမှန်တိုက်ခိုက်သောဓားချက် ဖြစ်ကြောင်း ခွဲခြားသိရန်အလွန်ခက်၏။

"တယ်ကောင်းတဲ့ဓားကွက်ပဲ"

ရယ်ခက်က ပါးချိုင့်လေးပေါ်အောင်ပြုံးရယ်ကာ ချီးမွမ်း စကားဆိုပြီး နောက်သို့အသာခုန်ဆုတ်ကာ တိမ်းရှောင်ပေးလိုက် လေသည်။

ဤတွင်… ကြူးလန်းရှုအဖို့ ရယ်ခက်ကိုတိုက်စစ်ဆင်ရန် အခွင့်အလမ်းရသွားသည်။

ဤသို့ဖြင့်…. ရယ်ခက်နှင့်ကြူးလန်းရှုတို့သည် ဓားများ ကို သစ်ရွက်ပမာဝှေ့ယမ်းခုတ်ပိုင်းရင်း အကြိတ်အနယ်တိုက်ခိုက် နေကြသည်။

ထိုအချိန်တွင်…. ကျူပြင်းကိုပထုတ်သွားကြသော ပီတုန်း မင်းသားနှစ်ယောက်သည် ထိုနေရာသို့ပြန်ရောက်လာကြသည်။



ဒဏ်ရာရရှိထားသောပီတုန်းမင်းသားနှစ်ယောက် အပါ အဝင် ပီတုန်းမင်းသားကိုးယောက်တို့သည် ကြူးလန်းရှုတို့၏ အကြိတ်အနယ်တိုက်ခိုက်မှုကို မျက်လုံးအပြူးသားနှင့် ကြည့်နေ ကြသည်။

အတွင်းအားအခြေခံတွင် ကြူးလန်းရှုက ရယ်ခက်ထက် ပိုနက်ရှိုင်းနိုင်မာသည်။ ဓားသိုင်းမှာလည်း ကြူးလန်းရှုက အနည်း ငယ်သာသည်။

သို့သော်…. ရယ်ခက်ကကြူးလန်းရှုထက်….

ကိုယ်ဖော့ပညာပိုကောင်းသည်။

အလှုပ်အရှားပိုမြန်သည်။

ဓားချက်အနုတ်အသိမ်းလည်းပိုသွက်သည်။

ထို့ကြောင့်…. နှစ်ယောက်သား လက်ရည်မျှသလိုဖြစ်နေ သည်။ သိုင်းကွက်(၃၀၀)ကျော်တိုက်ခိုက်ပြီးသည့်တိုင် ရယ်ခက်က အသာစီးမရသလို ကြူးလန်းရှုကလည်း အထက်စီးတွင်မရှိ။

သူတစ်ပြန်ကိုယ်တစ်ပြန် အကြိတ်အနယ်တိုက်ခိုက်နေကြ ရသည်။ အနိုင်အရှုံးအဖြေမပေါ်သေးပေ။

ရယ်ခက်သည် တိုက်ခိုက်နေရာမှ မည်သို့စိတ်ကူးပေါ်သ သည်မသိ။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုကိုကျောခိုင်းကာ ချာခနဲလှည့်ပြေးသည်။

ဆက်လက်၍မတိုက်ခိုက်နိုင်တော့သောကြောင့် အလွတ်ရုန်းထွက်ပြေးသည့်အသွင်မျိုး....

ပိတုန်းမင်းသားများ အံ့အားသင့်ကုန်ကြသည်။

ကြူးလန်းရှုကိုယ်တိုင်လည်း အတွေးရခက်သွားသည်။

"ဟိတ်... ဘယ်ပြေးမှာလဲ"

ကြူးလန်းရှုက ပါးစပ်မှအော်ပြောရင်း ရယ်ခက်နောက်သို့ပြေးလိုက်သွားလေတော့၏။

◆◆



ရယ်ခက်မှာ ကြူးလန်းရှုထက် ကိုယ်ဖော့ပညာကောင်းသည်။ ထို့ကြောင့် .... ခြေလှမ်းဆယ်လှမ်းစာမျှ ရှေ့သို့ရောက်သွားသည်။

ကြူးလန်းရှုနှင့် ခြေလှမ်းဆယ်လှမ်းကွာသို့ရောက်သည်နှင့် ရယ်ခက်သည် ဘယ်လက်ကိုနောက်ပြန်လှုပ်ရှားလိုက်သည်။

"ဝှစ်...."

အရောင်လင်းလက်ပြီး မြားတစ်စင်း ကြူးလန်းရှု၏ရင်ဘတ်သို့တန်းဝင်သွားသည်။

မြားမှာ တခြားသောလက်နက်ပုန်း မြားတံများထက်ပို၍သေးသွယ်သည်။

သို့သော်.... ရွှေကွပ်ထားသဖြင့် အလေးချိန်ပိုစီးသည်။

ထို့ကြောင့်.... ပစ်ခတ်ရာဝယ် လက်ဆ အလွန်ကောင်းသည်။ သွားလမ်းဖြောင့်တန်းပြီး အရှိန်နှုန်းပိုမြန်သည်။

မမျှော်လင့်ဘဲ အနီးကပ်ပစ်ခတ်တိုက်ခိုက်လိုက်ခြင်းကို ကြူးလန်းရှုမှာ အလန့်တကြားဖြစ်သွားသည်။

ဓားရှည်ဖြင့် ကမန်းကတန်း ရင်ဘတ်ရှေ့ဖြတ်ကာ ရိုက်ထုတ်လိုက်သည်။

"ဒလ်...."

www.burmeseclassic.com

www.burmeseclassic.com



ခုခံပက်ထုတ်လိုက်သောကြူးလန်းရှူ၏ဓားရှည်က မြား ကိုရိုက်ထုတ်မိသည်။

သို့သော်.... တည့်တည့်မတ်မတ် အပြည့်အဝရိုက်ထုတ် မိခြင်းမဟုတ်ဘဲ ပွတ်ကာသီကာရိုက်မိခြင်းသာဖြစ်သည်။

ဤသို့ပွတ်ကာရိုက်မိသောကြောင့် သူ့ရင်ဘတ်သို့ တန်း ဝင်လာသည့်မြားမှာ လမ်းကြောင်းအနည်းငယ်တိမ်းစောင်းကာ သူ၏ညာဘက်ပခုံးကိုထိမှန်သွားသည်။

သေကွင်းသေကွက်နေရာသို့ ထိမှန်မသွားသည့်အတွက် ကံကောင်းသည်ဟုဆိုရပေမည်။

သို့သော်... ထိမှန်ချက်က အတော်ပြင်းထန်သောကြောင့် ကြူးလန်းရှူမှာယိမ်းယိုင်သွားရသည်။

ရယ်ခက်သည် ချာခနဲလှည့်ကာ ကြူးလန်းရှူအနီးသို့ ခုန်လွှားချဉ်းကပ်လာသည်။ ဒဏ်ရာရထားသောကြူးလန်းရှူကို အပိုင်တိုက်ခိုက်သည့်အနေဖြင့် ပွဲသိမ်းဓားချက်တစ်ချက်အပိုင်အ နိုင်ခုတ်ချလိုက်သည်။

ကြူးလန်းရှူသည် ရှိသမျှသောအားအင်မှန်သမျှ အကုန်အ စင်စုစည်းကာ ဓားရှည်ကို တအားပင့်မြှောက်ပြီး ခံဆောင်လိုက် လေသည်။



"ခွမ်း...."

ဓားနှစ်လက်ရင်ဆိုင်ခုတ်မိသည်။

ရယ်ခက်၏လက်မှ ဓားရှည်လွတ်ထွက်သွားသည်။

ကြူးလန်းရှူက ဆက်လက်၍ ရှေ့သို့တက်ပြီး ဓားရှည်ဖြင့် လှမ်းခုတ်လိုက်သည်။

ရယ်ခက်က ကမန်းကတန်းခုန်ရှောင်သည်။

သို့သော်.... လုံးဝလွတ်အောင်မရှောင်နိုင်။

ရယ်ခက်၏ဘယ်ပေါင်ကိုဓားဖြင့်ခြစ်မိကာ သွေးများ ထွက်လာသည်။

"အား... အမယ်လေး...."

ရယ်ခက်သည် ပါးစပ်မှအော်ရင်း နောက်သို့အတင်းဆုတ် ပြေးသည်။

ကြူးလန်းရှူက... ရယ်ခက်နောက်သို့လိုက်လံတိုက်ခိုက် မည်အပြုတွင် ဒဏ်ရာမရသေးသောပိတုန်းမင်းသားခုနစ်ယောက် တို့က ရှေ့သို့ပြေးတက်လာကြသည်။

ကြူးလန်းရှူ၏သိုင်းပညာမှာ....

ပိတုန်းမင်းသားခုနစ်ယောက်တို့ထက် သာလွန်သည်။

သို့သော်....

www.burmeseclassic.com

www.burmeseclassic.com



ယခုအခါတွင် ကြူးလန်းရှူမှာ ညာပခုံးတွင်ဒဏ်ရာရရှိနေပြီး ခုနစ်ယောက်နှင့်တစ်ယောက်ရင်ဆိုင်တိုက်ခိုက်ရမည်မို့ အလွန်ပင် ခက်ခဲသောအခြေအနေဖြစ်နေသည်။

ထို့ကြောင့် ကြူးလန်းရှူသည် သွက်လက်မြန်ဆန်သော ဓားချက်သုံးချက် ဆက်တိုက်ခုတ်ပိုင်းကာ ရှေ့ဆုံးမှဝင်လာသော ပိတုန်းမင်းသားနှစ်ယောက်ကို တားဆီးဟန့်တားလိုက်သည်။

ပိတုန်းမင်းသားများခြေလှမ်းတုံ့သွားခိုက်တွင် ကြူးလန်းရှူသည်ကိုယ်ဖော့ပညာသုံးကာ အိမ်ဂေဟာအပြင်သို့ပြေးထွက်လာခဲ့သည်။

ကြူးလန်းရှူသည် အိမ်ဂေဟာ၏အနောက်ဘက်မှ ပြေးထွက်လာခဲ့ပြီးနောက် လမ်းကြားလေးတစ်ခုသို့ရောက်လာသည်။

ကြူးလန်းရှူကပြေးလွှားရင်း နားစွင့်ကြည့်ရာ မိမိနောက်လိုက်လာသောခြေသံများမကြားရသောကြောင့် အပြေးကိုရပ်လိုက်လေသည်။

လမ်းကြားလေးထဲဝယ် လူရှင်းနေသည်။

သို့သော်.... ထိုလမ်းကြားလေးမှထွက်လျှင် လူစည်ကားသောလမ်းမကြီးသို့ရောက်မည်ဖြစ်သည်။

အချိန်မှာ မိုးမချုပ်သေး။



အလင်းရောင်ကောင်းစွာ ရှိနေသေးသောအချိန်ဖြစ်သည်။

ကြူးလန်းရှူ၏ညာဘက်ပခုံးရှိ ဒဏ်ရာမှသွေးများထွက်နေသည်။ ထို့ပြင်....

ကြူးလန်းရှူ၏ဓားအိမ်မှာလည်း လက်လွတ်ဆုံးရှုံးခဲ့ပြီးဖြစ်၍ ဓားရှည်ကို သည်အတိုင်း အလွတ်ကိုင်ထားရသည်။

သွေးသံများပေကျံကာ ဓားလွတ်ကြီးကိုကိုင်၍ လူစည်ကားသောလမ်းမတွင်လျှောက်သွားပါက လူအများဝိုင်းအုံကာ မေးမြန်းကြပေမည်။

မိမိကို လူအများကသတိမမူမိအောင် မည်သို့လုပ်ရမည်နည်းဟု ကြူးလန်းရှူစဉ်းစားကြည့်သည်။

အကြံတစ်ခုရရှိလာသောကြောင့် ကြူးလန်းရှူသည် ဝတ်ထားသောအပေါ်အင်္ကျီကို ချွတ်လိုက်သည်။

ဒဏ်ရာရထားသောညာဘက်ပခုံးပေါ်သို့ အင်္ကျီတင်ကာ အသာဖုံးလွှမ်းလိုက်သည်။ ဓားရှည်ကိုလည်း အင်္ကျီအောက်တွင် ဝှက်ထားလိုက်သည်။

ဤသို့ဖြင့်....

အင်္ကျီသည်ညာပခုံးပေါ်ရှိဒဏ်ရာသာမက ဓားလွတ်ကိုပါ ဖုံးလွှမ်းထားပြီးဖြစ်သွားသည်။

www.burmeseclassic.com



ထို့နောက် ကြူးလန်းရှုသည်လမ်းကြားလေးမှထွက်ကာ လမ်းမကြီးအတိုင်း ခပ်တည်တည်ဖြင့်လျှောက်လာခဲ့သည်။

လမ်းတွင်တွေ့ရသော ဆေးဆိုင်တစ်ဆိုင်ထဲသို့ဝင်ရောက်ကာ ဒဏ်ကြေးဆေးတစ်ထုပ်နှင့်ပတ်တီးများဝယ်သည်။

ဆေးဝယ်ပြီးနောက်.... ဆေးဆိုင်မှထွက်ကာ ဆက်လက်လျှောက်လာခဲ့သည်။

ပထမဆုံးတွေ့ရသော တည်းခိုရိပ်သာတစ်ခုတွင် ဝင်၍ အခန်းတစ်ခန်းငှားသည်။

တည်းခိုရိပ်သာ အမှုထမ်းလူငယ်လေးကို ရေနွေးအိုးတစ်အိုးမှာလိုက်သည်။ ရေနွေးအိုးလာပို့ပေးပြီးသောအခါ အခန်းတံခါးကိုကန့်လန့်ချကာပိတ်ပြီး ပခုံးမှဒဏ်ရာကို စစ်ဆေးကြည့်သည်။ မြားမှာအသားထဲတွင် စူးဝင်နေသော်လည်း အရိုးကိုထိခိုက်ခြင်းမရှိ။

ကြူးလန်းရှုက မြားကိုဆွဲနှုတ်ပြီး ဒဏ်ရာကို ရေနွေးဖြင့်ဆေးကြောသည်။ ဝယ်ယူလာခဲ့သောဒဏ်ကြေဆေးများ ထည့်ပြီး ပတ်တီးဖြင့် စည်းနှောင်လိုက်သည်။

ထို့နောက်.... မြားတွင်ပေကျံနေသောသွေးများကိုလည်း ဆေးကြောပစ်လိုက်သည်။



"ဒီနေ့ ရွှေတစ်မတ်သားအမြတ်ရတယ်၊ မဆိုးပါဘူးလေ"

ကြူးလန်းရှုသည် မြားကိုကြည့်ကာ စိတ်ထဲတွင် ရေရွတ်ပြောကြားလိုက်သည်။

ထို့နောက်.... မြားကိုသိမ်းဆည်းပြီး အိပ်ရာထက်ဝယ်သွားကာ အပန်းဖြေလိုက်သည်။

ထိုနေ့ညနေစာကို.... အခန်းထဲသို့မှာယူပြီး စားသောက်သည်။ ထမင်းဟင်းလျာများလာပို့ပေးသောစားပွဲထိုးကို မိုးနတ်ယ်အဖွဲ့၏ လျှို့ဝှက်စခန်းထောက်ဖြစ်သော အိမ်ဂေဟာကြီးနှင့်တ်သက်၍ တီးခေါက်မေးမြန်းကြည့်သည်။

"အဲဒီအိမ်ဂေဟာကြီးမှာ အရင်တုန်းကတော့အထက်တန်းအရာရှိကြီးတစ်ယောက်နေတယ်၊ အဲဒီအရာရှိကြီး ကွယ်လွန်သွားပြီးတဲ့နောက် ကျန်ရစ်တဲ့မုဆိုးမဆက်နေပါတယ်"

စားပွဲထိုးလူငယ်လေးက ပြောပြသည်။

"အဲဒီမုဆိုးမရဲ့နာမည်က ဘယ်သူလဲ ရယ်ခက်တဲ့လား"

ကြူးလန်းရှုကမေးသည်။

"မဟုတ်ပါဘူး... လန်ရှင်လို့ခေါ်ပါတယ်၊ အဲဒီအမျိုးသမီးက တကယ်ချော တကယ်လှတာပဲ၊ အသက်ကလဲ သိပ်မကြီးသေးဘူး၊ လှလှပပ အသက်ငယ်ငယ်ရွယ်ရွယ်နဲ့ မုဆိုးမဘဝရောက်နေ

www.burmeseclassic.com



ရတာ သနားစရာပါပဲ၊ ဆရာလေးက အဲဒီမှဆိုးမလေးကိုစိတ်ဝင်စားနေလို့လား"

"ဟာ... မဟုတ်တာဗျာ... အဲဒီအိမ်ဂေဟာကြီးက ခမ်းနားကြီးကျယ်သလောက် အပြင်အဆင်အမွမ်းအမံတွေမရှိဘဲ ဖြစ်နေလို့မေးကြည့်မိတာပါ"

ထို့နောက် အခြားထွေရာလေးပါးစကားများပြောဆိုပြီး ထမင်းဟင်းများကိုဆက်လက်စားသောက်သည်။ ကြူးလန်းရှ စားသောက်ပြီးသောအခါ စားပွဲထိုးလူငယ်လေးက ပန်းကန်ခွက်ယောက်များကိုသိမ်းဆည်းပြီးထွက်သွားသည်။

ကြူးလန်းရှလည်း ခုတင်ပေါ်ဝယ်လဲလျောင်းကာ မျက်စိမှိတ်၍အိပ်စက်လေတော့သည်။

◆◆



အခန်း ( ၁၁ )

ညဥ့်သန်းခေါင်ယံအချိန်လောက်တွင်....

ကြူးလန်းရှ အိပ်ရာမှနိုးလာသည်။

တစ်ရေးနိုးသော် အကြံပေါ်ဆိုသကဲ့သို့ မိုးနတ်မယ်အဖွဲ့၏လျှို့ဝှက်စခန်းထောက်ဖြစ်သောအိမ်ကြီးဆီသို့ တစ်ခေါက်သွားရောက်စုံစမ်းရန် စိတ်ကူးရမိသည်။

သို့ဖြင့် အဝတ်အစားများလဲလှယ်ဝတ်ဆင်ကာ ဓားရှည်ကိုခါးကြားတွင်ထိုး၍ တည်းခိုရိပ်သာမှထွက်လာခဲ့သည်။

ကိုယ်ဖော့ပညာသုံး၍ အမြန်ဆုံးပြေးလွှားလာခဲ့ရာ တစ်ခဏအတွင်းမှာပင်.... မိုးနတ်မယ်အဖွဲ့၏လျှို့ဝှက်စခန်းထောက်အိမ်ကြီးသို့ရောက်လာခဲ့သည်။

ကြူးလန်းရှသည် အိမ်အပြင်ဘက် မှနေ၍ချောင်းမြောင်းကာ အကဲခတ်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ကြီးထဲမှ အလင်းရောင်အနည်းငယ် ထွက်နေသည်မှ အပ တိတ်ဆိတ်၍နေသည်။

အနီးဝန်းကျင်ဝယ်.... မသက်ာစရာ ဘာမျှမတွေ့ရသောကြောင့် ကြူးလန်းရှုသည်တံတိုင်းကိုကျော်ကာ အိမ်ဝင်းအတွင်းသို့ ဝင်လာခဲ့သည်။

ထို့နောက် အိမ်ဂေဟာထဲသို့ဆက်လက်၍ဝင်ရောက်လာခဲ့ပြန်သည်။ အိမ်ဂေဟာထဲရှိအဆောင်အခန်းများမှာ မီးထွန်းညှိထားခြင်းမရှိဘဲ တိတ်ဆိတ်မှောင်မည်းနေသည်။

ပန်းခန်းမဆောင်ရှိရာဘက်မှသာ အလင်းရောင်ထွက်နေသည်။ ကြူးလန်းရှုသည်မှောင်ရိပ်ခိုကာ ခြေကိုဖော့နင်း၍ ပန်းခန်းမဆောင်ရှိရာသို့အသာချဉ်းကပ်လာခဲ့သည်။

ထို့နောက်.... ပြတင်းပေါက်တစ်ခုနားတွင်ဝင်ကပ်ကာ ပန်းခန်းမဆောင်ထဲသို့ချောင်းကြည့်လိုက်သည်။

ပန်းခန်းမဆောင်ထဲဝယ် မီးခွက်ထွန်းထားသည်မို့ လင်းလင်းချင်းချင်းရှိနေသည်။

ပန်းခန်းမဆောင်၏အလယ်ဗဟိုရှိထိုင်ခုံကြီးတွင် ဂိုဏ်းခွဲမှူးရယ်ခက်ထိုင်နေသည်။

ထိုင်ခုံဘေးဝယ် တောင်ဝှေးတစ်ခုထောင်ထားသည်။



ကြူးလန်းရှုလက်ချက်ကြောင့် ပေါင်တွင်ဒဏ်ရာရသွားသောရယ်ခက်မှာ လမ်း ကောင်းကောင်းမလျှောက်နိုင်၍ တောင်ဝှေးကိုအားပြုနေရဟန်တူသည်။

တခြားဒဏ်ရာရထားသော ပိတုန်းမင်းသားနှစ်ယောက်မှာမူ ဒဏ်ရာမသက်သာ၍ ရယ်ခက်ရှေ့တွင်မရှိခြင်း ဖြစ်မည်ဟုလည်း ကြူးလန်းရှုတွေးမိသည်။

သို့သော် အခြားသောပိတုန်းများမှာမူ....

ဂိုဏ်းခွဲမှူးရယ်ခက်အနားတွင်ရှိနေကြ၏။

ထိုစဉ်....

"ကြူးလန်းရှုကိုမြားထိသွားပေမဲ့ ဒဏ်ရာကသေလောက်တဲ့ဒဏ်ရာမဟုတ်ဘူး၊ ကြူးလန်းရှုက ဒဏ်ရာသက်သာ သွားတာနဲ့ ကျွန်မတို့ကို လာအနှောင့်အယှက်ပေးမှာအမှန်ပဲ... ဒီတော့ သူ့ကိုရင်ဆိုင်နိုင်ဖို့အတွက် ကျွန်မတို့ဘက်က ပြင်ဆင်ထားရလိမ့်မယ်"

ရယ်ခက်ကပြောသည်။

သူမနှင့်အနီး၌ရှိနေကြသော ပိတုန်းမင်းသားများက ဘာမျှပင်မပြောဘဲ ရယ်ခက်ပြောမည့်စကားများကိုငြိမ်သက်စွာ နားထောင်နေကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှူကလည်း အသက်ကိုပင် ပြင်းပြင်းမရှုံ့ဘ
ငြိမ်သက်စွာဆက်၍နားထောင်သည်။

"ဒဏ်ရာရထားတဲ့လူနှစ်ယောက်ရဲ့အခြေအနေ ဘယ်ငဲ
ရှိသလဲ"

ခေတ္တငြိမ်သက်နေပြီးနောက် ရယ်ခက်က ကျူပင်းကိုမေ
သည်။

"စိုးရိမ်စရာမရှိပါဘူး... နှစ်ရက်သုံးရက်လောက်ဆိုရင်
သက်သာသွားပါလိမ့်မယ်"

"ဒီလိုဆိုရင်... ရှင်တို့ရှစ်ယောက်ကိုတာဝန်ခွဲဝေပေးချင်
တယ်"

"အမိန့်နာခံလျက်ပါ"

"ကြူးလန်းရှူရဲ့အစွမ်းအစက မသေးဘူး၊ ကျွန်မတို့ဂိုဏ်း
ခွဲတစ်ခုတည်းရဲ့အင်အားနဲ့ သူ့ကိုရင်ဆိုင်ဖို့မလွယ်ဘူး၊ ပြီးတော့
ကျွန်မတို့မိုးနတ်မယ်အဖွဲ့ဟာ အခုမှ အားသစ်လောင်းပြီး ပြန်လည်
ထူထောင်တာဆိုတော့ အခြေသိပ်မကျသေးဘူး၊ ဒီလိုအခြေအနေ
မျိုးမှာ ကြူးလန်းရှူကဝင်နှောက်လာရင် ဖရိုဖရဲဖြစ်ကုန်နိုင်တယ်"

စကားသံ ခဏရပ်သွားသည်။

ပြီးမှ.... ရယ်ခက်၏စကားသံထက်မံထွက်ပေါ်လာ၏။



"ဒါကြောင့် ကြူးလန်းရှူကို လက်ဦးအောင်ဖမ်းဆီးနှိမ်နင်း
ဖို့အတွက် ပြင်ပကအကူအညီကိုယူရမယ်... တစ်ချိန်တည်းမှာပဲ
ကြူးလန်းရှူရဲ့လှုပ်ရှားမှုတွေကို မျက်ခြည်မပြတ်စောင့်ကြည့်နေကြ
ရမယ်"

ရယ်ခက်က ဤသို့အစချီပြီး လုပ်ဆောင်ရမည့်အစီအစဉ်
များကိုဆက်လက်ပြောပြသည်။

ကျူပင်းနှင့်ပိတုန်းမင်းသားတစ်ယောက်တို့က မြို့ထဲကို
သွားပြီး ကြူးလန်းရှူကိုစောင့်ကြည့်နေရမည်ဖြစ်သည်။

ကျန်ပိတုန်းမင်းသားခြောက်ယောက်တို့က လူစုခွဲကား
ကြေးစားသိုင်းသမားဆိုးကြီးခြောက်ဦးကို သွားရောက်ဆက်သွယ်
ခေါ်ယူကြရမည်ဖြစ်သည်။

အစီအစဉ်များကိုပြောပြပြီးနောက် ကျူပင်းအမှူးပြုသော
ပိတုန်းမင်းသားရှစ်ဦးတို့သည် ရယ်ခက်ကိုအရိုအသေပြုကာ ထွက်
သွားကြသည်။

ပန်းခန်းမဆောင်ထဲဝယ် ရယ်ခက်တစ်ယောက်တည်း
သာ ကျန်နေရစ်ခဲ့တော့သည်။

"ပိတုန်းမင်းသားရှစ်ယောက်တော့ အပြင်ထွက်သွားကြပြီ၊
ဒီမှာကျန်နေသေးတဲ့ပိတုန်းမင်းသားနှစ်ယောက်ကလဲ ဒဏ်ရာတွေ

www.burmeseclassic.com

www.burmeseclassic.com



ရထားကြတော့ မမှုလောက်တော့ဘူး၊ အခုနေတုန်း ရယ်ခက်ကို အမိဖမ်းလိုက်တာ အကောင်းဆုံးပဲ"

ကြူးလန်းရှုသည် ဤသို့စဉ်းစားဆုံးဖြတ်ကာ ပြတင်းပေါက်မှခုန်လွှား၍ ပန်းခန်းမဆောင်ထဲသို့ဝင်လိုက်သည်။

ရယ်ခက်မှာ ကြူးလန်းရှုကိုတွေ့လိုက်ရသောအခါ လန့်သွားဟန်ဖြင့် တောင်ဝှေးကိုဆွဲကိုင်ကာ အားယူထောက်ပြီးထိုင်ရာမှ ထလိုက်သည်။

"ကြူးလန်းရှု... ရှင်အတင့်ရဲလှချည်လား"

ရယ်ခက်က ပြောသည်။

ထိတ်လန့်နေ၍လား စိတ်လှုပ်ရှားနေ၍လားမသိ။

ရယ်ခက်၏အသံမှာမသိမသာ တုန်ယင်နေသည်။

"ခင်ဗျားရဲ့ပေါင်တစ်ဖက်မှာဒဏ်ရာရထားမှန်း ကျွန်တော်သိပါတယ်.... ကြူးလန်းရှုက ဒဏ်ရာရနေတဲ့မိန်းကလေးတစ်ယောက်ကို ဘယ်တော့မှအခွင့်ကောင်းယူပြီး မတိုက်ခိုက်ပါဘူး။ ဒီအတွက် ခင်ဗျားဘာမှမစိုးရိမ်ပါနဲ့"

ကြူးလန်းရှုက ရယ်ခက်ကိုပြုံးကြည့်ပြီး အေးဆေးစွာပြောလိုက်လေသည်။

"ဒါဖြင့်.... ရှင်ဘာလာလုပ်တာလဲ"



"ခင်ဗျားကို မေးခွန်းလေးတစ်ခွန်းနှစ်ခွန်းလောက် မေးချင်လို့ပါ၊ ကျွန်တော်မေးတာကိုကျေနပ်အောင် အဖြေပေးမယ်ဆိုရင် ခင်ဗျားတို့ကို ဘယ်လိုမှအနှောင့်အယှက်မပေးတော့ပါဘူး"

"ရှင်ကဘာတွေမေးမှာလဲ"

"ပထမမေးခွန်း... ချီကျင်းကိုသုတ်သင်ပစ်တဲ့လူဟာ ဘယ်သူလဲ"

"ရှင့်မေးခွန်းကို ကျွန်မ,မဖြေနိုင်ဘူး"

"မေးတာကို ကောင်းကောင်းမဖြေရင်တော့ ကျွန်တော့်အနေနဲ့ခင်ဗျားကိုသက်ညှာနိုင်မှာမဟုတ်ဘူးနော်"

"ရှင်က ကျွန်မကိုဒဏ်ရာရနေတယ်ဆိုပြီး ခြိမ်းခြောက်တာလား၊ ကျွန်မမှာ ဒဏ်ရာအနာတရဖြစ်နေပေမဲ့ ရှင့်ကိုတော့နိုင်အောင်တိုက်နိုင်သေးတယ်ရှင့်"

ရယ်ခက်က ဤသို့ပြောပြီး တောင်ဝှေးကိုအားပြုထောက်ကာ ရှေ့သို့တက်လာသည်။ ကြူးလန်းရှုက ရယ်ခက်ကို မထိတရိကြည့်ပြီးရပ်နေသည်။ ဒဏ်ရာရထားသောရယ်ခက်ကို မမှုလောက်ဟုကြူးလန်းရှုကထင်နေသည်။

ဤသို့ ရှုန်သူကိုအထင်သေးမိခြင်းမှာ ကြူးလန်းရှု၏အမှားပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရယ်ခက်သည် ရှေ့သို့ခြေလှမ်းငါးလှမ်းခန့် လျှောက်လှမ်းတက်လာပြီးနောက် တောင်ဝှေးကိုဆတ်ခနဲ ဝှေ့ယမ်းကာ ထွန်းညှိထားသောမီးခွက်ကိုလှမ်းရိုက်လိုက်သည်။

မီးခွက်ငြိမ်းသွားသည်။

ပန်းခန်းမဆောင်တစ်ခုလုံး မှောင်အတိကျသွားတော့သည်။

✦—✦



ရုတ်တရက် မှောင်အတိကျသွားသည်။

ကြူးလန်းရှ ဘာလုပ်ရမှန်းမသိမီမှာပင် သူ့ကိုယ်ခန္ဓာမှာအောက်သို့ထိုးကျသွားသည်။

ရယ်ခက်ကကြမ်းပြင်ရှိအံဝှက်တံခါးကို ဖွင့်လိုက်ပြီဖြစ်ကြောင်း ကြူးလန်းရှနားလည်လိုက်သည်။

သို့သော်....

အလင်းရောင်ဟူ၍လုံးဝမရှိဘဲ မှောင်မိုက်နေသည့်အပြင် အခိုက်မိသွားခြင်းဖြစ်သောကြောင့် ကြူးလန်းရှ ဘာမျှမတတ်နိုင်။

ပွင့်သွားသောအံဝှက်တံခါးမှ အောက်သို့ထိုးစိုက်ကျသွားတော့သည်။

အောက်ဘက်တွင် ဝါးချွန်များ၊ ဆူးချွန်များထောင်ထားကောင်း ထောင်ထားနိုင်သည်ဟု ကြူးလန်းရှတွေးမိလိုက်သည်။

ထို့ကြောင့်... အောက်သို့ထိုးကျသွားဆဲမှာပင် ကျောတွင်ထိုးထားသောဓားရှည်ကို လျင်မြန်စွာဆွဲထုတ်လိုက်သည်။

ထို့နောက်... ကိုယ်ခန္ဓာကိုပြောင်းပြန်ခေါက်ထိုးအနေအထားမျိုးဖြစ်အောင် လေထဲတွင်ပြုပြင်လျက် ဓားကိုင်ထားသောညာလက်ကိုခေါင်းပေါ်မှတန်း၍ထားလိုက်သည်။

ရှိသမျှအတွင်းအားများကိုလည်းစုစည်းကာ....

www.burmeseclassic.com

www.burmeseclassic.com



ညာလက်သို့ပို့ထားသည်။

ဤသို့ကြိုတင်ပြင်ဆင်မှုပြုလုပ်ပြီး မကြာမီမှာပင် ဆန့်တန်းထားသောဓားဦးက ဓာကျော့သောအရာဝတ္ထုတစ်ခုကို သွားရှ်ထိုးစိုက်မိကြောင်း ကြူးလန်းရှုသိလိုက်သည်။

နားထဲတွင်လည်း ဓားထိုးစိုက်မိသံဒုတ်ခနဲကြားရသည်။

ထို့နောက်....

အောက်သို့ကျနေသောအရှိန်လည်း ရပ်သွားသည်။

ကြူးလန်းရှုက ညာလက်တွင်အင်အားစုစည်းကာ တောင့်ထားသောကြောင့် ကိုယ်ခန္ဓာမှာ ဘယ်ညာယိမ်းယိုင်သွားခြင်းမရှိ။

ခေါင်းကအောက်ဘက်....

ခြေထောက်ကအပေါ်ဘက်....

ကင်းမြီးကောက်ထောင်အနေအထားဖြင့် တည်ငြိမ်စွာရှိနေသည်။

"အင်း... တော်သေးရဲ့... အချိန်မီသတိရှိပေလို့၊ သေဘေးကလွတ်သွားတယ်"

ကြူးလန်းရှု ဤသို့တွေးတောနေဆဲမှာပင် အလင်းရောင်တန်းတစ်ခု ရုတ်တရက်ထိုးဝင်လာသည်။

အပေါ်ဘက်တွင်ရှိနေသော....



ပန်းခန်းမဆောင်ထဲဝယ် မီးခွက်ထွန်းညှိလိုက်၍ အလင်းရောင်ဝင်လာခြင်းဖြစ်သည်။

အလင်းရောင်ရှိလာပြီမို့ ကြူးလန်းရှုသည် မိမိရောက်နေသောနေရာကိုမြင်လာရသည်။ ကြူးလန်းရှုရောက်နေသည်မှာ ပေ(၃၀)ခန့်နက်သောကျင်းတစ်ခုဖြစ်သည်။

ကျင်း၏အောက်ခြေဝယ် ဓားခုတင်တစ်ခုရှိနေသည်။

ဓားခုတင်ပေါ်ဝယ် ဓားသွားများ (၁၀၀)ကျော်ခန့်ထိုးထိုးထောင်ထောင်ရှိနေလေသည်။

ကြူးလန်းရှု အားပြုဆန့်ထုတ်ထားသောဓားဦးက ဓားခုတင်အောက်ခြေသစ်သားတွင် ထိုးစိုက်နေသည်။

ကြိုတင်ပြင်ဆင်မှုမရှိဘဲ ဓားရှည်ကိုသာဆန့်တန်းမထားခဲ့လျှင် ကြူးလန်းရှုမှာ ဓားခုတင်ပေါ်သို့ကျကာ အသက်ပျောက်မည်အမှန်။

ထိုစဉ်.... ရယ်ခက်၏အသံထွက်ပေါ်လာ၏။

"ကြူးလန်းရှု... ရှင်ဟာ အတော့်ကိုကံကောင်းတဲ့လူပဲ၊ ကျွန်မက ရှင့်ကိုဓားခုတင်ပေါ်ကျပြီးသေပြီထင်နေတာ"

ရယ်ခက်၏စကားသံက... အောင်နိုင်သူတစ်ယောက်၏လေသံမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှသည် ထောက်ထားသောဓားရှည်ကို အားပြုကာ ကိုယ်ခန္ဓာကိုအသာကွေးညွတ်ပြီး ဓားသွားများကင်းလွတ်ရာ နေရာကိုရွေးချယ်ပြီး ခြေချကာရပ်လိုက်သည်။

ထို့နောက် အပေါ်သို့ခေါင်းမော့ပြီးကြည့်လိုက်ရာ ကျင်းထိပ်ဝဘက်ဝယ် ပြုံးစိစိအမူအရာဖြင့် မိမိကိုငုံ့ကြည့်နေသော ရယ်ခက်၏မျက်နှာကိုမြင်ရသည်။

ထို့ပြင် ရယ်ခက်၏နောက်နား၌ရပ်နေကြသော လူရွယ်တချို့ကိုလည်းတွေ့ရသည်။

ထိုလူရွယ်များမှာ.... ကျူပြင်းတို့လူစုဖြစ်နေသောကြောင့် ကြူးလန်းရှအံ့သြသွားသည်။

"ကျူပြင်းတို့က ဘယ်လိုလုပ်ပြီး ဒီကိုပြန်ရောက်လာကြတာလဲ"

ကြူးလန်းရှက လွှတ်ခနဲမေးလိုက်သည်။

ရယ်ခက်က ခပ်ညှင်းညှင်းရယ်ကာ....

"ရှင်ရောက်နေမှန်းသိလို့ သူတို့ကို တမင်ပရိယာယ်ဆင်ပြီး သွားခိုင်းလိုက်တာပါ၊ ဒါမှ ရှင့်ကိုအပြင်ထွက်လာအောင် ခေါ်ထုတ်နိုင်မှာမဟုတ်လား၊ ခစ်... ခစ် အခုတော့ ရှင်ကျွန်မဆင်ထားတဲ့ထောင်ချောက်ထဲ တစ်ခါတည်းတိုးဝင်လာတော့တာပဲ.... ကိုင်း



ရှင့်ကို နောက်ဆုံးအခွင့်အရေးတစ်ခုပေးဦးမယ်၊ ချိုကျင်းအသက်ခံရတဲ့ကိစ္စကိုမေ့ပစ်ပြီး မိုးနတ်မယ်အဖွဲ့ရဲ့ရွှေပိတုန်းမင်းသားလေး လုပ်မယ်ဆိုရင် ရှင့်အသက်ကိုချမ်းသာပေးမယ်၊ ဘယ့်နှယ်လဲ"

ကြူးလန်းရှက....

"ခင်ဗျားတို့နဲ့ပူးပေါင်းပါမယ်လို့ ကျွန်တော်က လိမ်ညာတာကို မစိုးရိမ်ဘူးလား"

ရယ်ခက်က သဘောကျဟန်ဖြင့်ရယ်လိုက်သည်။

"မစိုးရိမ်ပါဘူးရှင်... ရှင်သာ ရွှေပိတုန်းမင်းသားဖြစ်လာရင် ရှင့်အနေနဲ့ ကျွန်မတို့အပေါ် ဘယ်နည်းနဲ့မှသစ္စာဖောက်တော့မှာမဟုတ်ဘူးဆိုတာ ယုံကြည်ထားလို့ပဲ"

"တကယ်လို့ ကျွန်တော်က ခင်ဗျားပြောတာကို လက်မခံနိုင်ဘူးဆိုရင်ကော"

"ရှင့်ရဲ့အစွမ်းအစနဲ့လုပ်ရည်ကိုင်ရည်ကို ကျွန်မအတော်သဘောကျပါတယ်၊ ရှင့်လိုလူမျိုးဟာမိုးနတ်မယ်အဖွဲ့ရဲ့ ရွှေပိတုန်းမင်းသားဖြစ်ထိုက်ပါတယ်... ရှင်သေသွားမှာကို ကျွန်မ မကြည့်ရက်ပါဘူး၊ အင်း... ရှင်က ခေါင်းမာနေရင်တော့ ရှင်ရောက်နေတဲ့ကျင်းထဲကိုမြွေဆိုးတွေသွန်ချပြီး ရှင့်ကိုအဆုံးစီရင်မှာပဲ"

သူမ၏စကားက ကျောချမ်းစရာပင်....

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုဆိုရင်လဲ ဘာကြောင့် စကားရှည်ရှည်ဝေးဝေး ပြော
နေတာလဲ၊ မြွေဆိုးတွေကိုသွန်ချလိုက်ပါတော့"

ကြူးလန်းရှုက ဤသို့ပြောပြီး ဓားခုတင်တွင်စိုက်နေသော
ဓားရှည်ကို အသာပြန်နှုတ်ယူလိုက်သည်။ အပေါ်မှကျလာသော
မြွေဆိုးများကိုတစ်ကောင်မကျန် ဓားဖြင့် အသေခုတ်သတ်ပစ်မ
လည်း စဉ်းစားထားသည်။

"ရှင့်ရဲ့ဓားသိုင်းပညာက သိပ်အစွမ်းထက်ပါတယ်၊ ကျွန်
သွန်ချလိုက်တဲ့မြွေဆိုးတွေကို ဓားနဲ့ဆီးခုတ်ပိုင်းနိုင်လိမ့်မယ်လို့ထင်
ပါတယ်၊ ကဲ... မှောင်ကြီးမည်းကြီးထဲမှာ ရှင့်ရဲ့လက်စွမ်းလက်း
ဘယ်လောက်ထက်သလဲဆိုတာ စမ်းကြည့်ရအောင်"

ကြူးလန်းရှု ရင်ထိတ်သွားသည်။

ကြူးလန်းရှုရောက်နေသောအခြေအနေမှာ သိပ်မကောင်း
နိုင်။ သူသည် ဓားခုတင်ပေါ် ခြေချကာ ကပ်သီးကပ်သပ်ရပ်နေ
သည်။

ခြေထောက်ကို လှုပ်ရှား နေရာပြောင်းရန်မလွယ်။

သည်ကြားထဲတွင် မှောင်မိုက်နေဦးမည်ဆိုပါက အပေါ်မှ
ကျလာသောမြွေဆိုးများကိုတစ်ကောင်မကျန် ကုန်စင်အောင် ခုတ်
သတ်နိုင်မည်မဟုတ်။



မြွေကိုက်ခံရကာ အသက်ပျောက်ဖို့သာရှိတော့သည်။

"မြွေပခြုပ်ကိုအသင့်ပြင်"

ရယ်ခက်၏အမိန့်သံပေါ်လာသည်။

အပေါ်ဘက်ကျင်းနှုတ်ခမ်းဝတွင်... မြွေပခြုပ်တစ်ခုပေါ်
လာသည်။

"မီးငြိမ်းလိုက်...."

ရယ်ခက်၏အမိန့်သံနှင့်အတူ မီးရောင်များ ရုတ်တရက်
ပျောက်ကာ မှောင်အတိကျသွားသည်။

ကြူးလန်းရှုသည် စိတ်ကူးတစ်ခုရလာသောကြောင့်
ညာလက်ရှိဓားကို ဓားခုတင်အောက်ခံပျဉ်ပြား ပေါ်စိုက်ထားကာ
ဓားကိုင်ထားသောညာလက်ကိုအားပြု၍ စောစောကလို ကိုယ်ခန္ဓာ
ကိုပြောင်းပြန်ပြုလိုက်သည်။

ဓားရှည်က သုံးပေခန့်ရှည်သည်။

ညာလက်က နှစ်ပေခန့်ရှည်ရာ ကြူးလန်းရှု၏ကိုယ်ခန္ဓာ
မှာ အပေါ်ဘက်သို့ငါးပေကျော်ကျော်မြင့်တက်နေသည်။

အောက်ခြေမှမြွေများအနေဖြင့် ဓားသွားကိုရစ်ပတ်ကာ
တက်လာနိုင်မည်မဟုတ်သောကြောင့် ကိုယ်ခန္ဓာပေါ်သို့မြွေဆိုးများ
တိုက်ရိုက်ကျလာခြင်းမရှိလျှင်....

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုအတွက် မည်သို့မျှအန္တရာယ်မဖြစ်နိုင်ပေ။

"ကြူးလန်းရှု ရှင်ထပ်စဉ်းစားပါဦး၊ ရွှေပိတုန်းမင်းသား တကယ်ပဲ မလုပ်ချင်ဘူးလား၊ ရွှေပိတုန်းမင်းသားဖြစ်ရင် ရွှေ ပစ္စည်းဥစ္စာချမ်းသာရုံမကဘူး၊ အချောအလှအနုအရွမိန်းကလေး တွေနဲ့ စိတ်တိုင်းကျပျော်ပါးပြီး လောကစည်းစိမ်ခံစားနိုင်တယ်"

ရယ်ခက်က ပြောသည်။

ကြူးလန်းရှုက ဘာမျှပြန်မပြောဘဲ အသာပင်ငြိမ်နေလိုက် လေသည်။

"ရှင် ဒီလောက်ခေါင်းမာနေရင် ကျွန်မလဲ မတတ်နိုင်တော့ ဘူး၊ ကဲ... မြွေဆိုးတွေကိုသွန်ချလိုက်ကြပေတော့"

ရယ်ခက်က ဆက်လက်အမိန့်ပေးသည်။

ချက်ချင်းဆိုသလိုပင် မြွေများအောက်သို့သွန်ချလိုက် သည့်အသံများကို ကြားရသည်။

ကြူးလန်းရှုအတွက် ကုသိုလ်ကံကောင်းနေသည်ဟုဆိုရ မည်။ အပေါ်မှသွန်ချလိုက်သောမြွေဆိုးများမှာ ကိုယ်ခန္ဓာပေါ်သို့ တစ်ကောင်တလေမျှ မကျရောက်ပေ။

ထိုအခိုက်မှာပင် ထူးခြားသောဖြစ်ရပ်တစ်ခု ရုတ်တရက် ပေါ်ပေါက်လာလေတော့၏။



"အား... အမယ်လေး"

ရယ်ခက်၏ထိတ်လန့်တကြားအော်သံ ထွက်ပေါ်လာခြင်း ဖြစ်သည်။ အသံသည် တဖြည်းဖြည်းအောက်သို့ကျလာသည်။

ထို့နောက်.... ဘုန်းဟူသော ဓားခုတင်ပေါ်သို့ ကိုယ်ခန္ဓာ ပြုတ်ကျသွားသံ ပေါ်လာပြီး ရယ်ခက်၏ အော်သံမှာလည်း တိခနဲ ပြတ်တောက်သွားလေသည်။

"ဟာ... ဘာတွေဖြစ်ကုန်ပါလိမ့်"

ကြူးလန်းရှုမှာ ပါးစပ်မှရေရွတ်လိုက်မိသည်။

"ဂိုဏ်းခွဲမှူး ဘယ်လိုဖြစ်သွားတာလဲ"

"အောက်ကိုကျသွားတယ်"

"ရန်သူရောက်နေပြီ"

အပေါ်ဘက်ရှိ ပိတုန်းမင်းသားများ၏ တစ်ယောက် တစ် ခွန်း အော်ဟစ်ပြောဆိုနေကြသံများကို ကြူးလန်းရှုကြားရသည်။

ထို့နောက် မီးရောင်များလင်းသွားသည်။

ပိတုန်းမင်းသားရှစ်ယောက်တို့က ကျင်းနှုတ်ဝမှနေ၍ ကျင်းအောက်သို့ငုံ့ကြည့်လိုက်သည်။

ကြူးလန်းရှုကလည်း ဓားရှည်ကိုင်ထားသောညာလက် ကိုအားပြုကာ ကင်းမြီးကောက်ထောင်ရပ်နေရာမှ အောက်သို့ကြည့်

www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ အလင်းရောင်ရှိနေပြီမို့ ကျင်းအောက်ဘက်ရှိ မြင်ကွင်းကိုကောင်းစွာမြင်နိုင်သည်။

ရယ်ခက်သည် ဓားခုတင်ပေါ်ဝယ် မှောက်ခုံကြီးကျနေသည်။ ဓားသွား(၁၀)ချောင်းကျော်ကျော်က ရယ်ခက်၏ကိုယ်ခန္ဓာကိုထိုးစိုက်မိနေသည်။

အသက်မရှင်နိုင်တော့ကြောင်း ထင်ရှားသည်။

ရယ်ခက် မည်သည့်အကြောင်းကြောင့်ကျင်းထဲသို့ကျလာသနည်း။ မတော်တဆ ခြေချော်ကျလာခြင်းဖြစ်လေသလော။

ဒါတော့မဖြစ်နိုင်။ ရယ်ခက်သည် ကိုယ်ဖော့ပညာ အလွန်ကောင်းသူဖြစ်သည်။ မည်သည့်နည်းနှင့်မျှ ကျင်းထဲသို့ခြေချော်၍ မကျနိုင်။ ဤသို့ဆိုလျှင် တစ်စုံတစ်ယောက်ကရယ်ခက်ကိုတွန်းချလိုက်ခြင်းဖြစ်လေသလော။

တွန်းချသူ မည်သူနည်း။



အခန်း ( ၁၂ )

ဂိုဏ်းခွဲမှူးရယ်ခက် အဘယ်ကြောင့် ကျင်းထဲပြုတ်ကျရပါ သနည်း။

တစ်စုံတစ်ယောက်က တွန်းချလိုက်ခြင်းကြောင့်ပင်လော
သို့မဟုတ် ခြေချော်ကျခြင်းလော
တွေးစရာအကြောင်းတွေက များလှသည်။

"ဒါဘယ်လိုဖြစ်တာလဲ... ဂိုဏ်းခွဲမှူးက ဘာကြောင့် အောက်ကိုကျသွားတာလဲ"

ကျူပြင်း၏တအံ့တသြ မေးသံပေါ်လာသည်။

"တစ်ယောက်ယောက်ဝင်လာပြီး ဂိုဏ်းခွဲမှူးကိုနောက်က နေတွန်းချသွားသလိုလိုကျွန်တော်တွေ့လိုက်ရတယ်၊ ဒါပေမဲ့ မှောင်နေတော့ မသေချာဘူး"

www.burmeseclassic.com

www.burmeseclassic.com



ပိတုန်းမင်းသားတစ်ယောက်က ပြောသည်။

"အဲဒီလူ ဘယ်ရောက်သွားပြီလဲ"

ကျူပင်းကမေးသည်။

"မသိဘူး... ကျွန်တော်လဲ ဇဝေဇဝါပဲတွေ့လိုက်ရတာ... အပြင်ကိုထွက်ပြေးသွားပြီနဲ့တူတယ်"

စောစောကပြောသော ပိတုန်းမင်းသားက ပြန်အဖြေပေးသည်။

"ကြူးလန်းရှူ ဂိုဏ်းခွဲမှူးကိုတွန်းချသွားတဲ့လူဟာ ခင်ဗျားရဲ့ဘက်တော်သားလား"

ကျူပင်းကကျင်းထဲငုံ့ကြည့်ပြီး ကြူးလန်းရှူကိုမေးသည်။

"မဟုတ်ဘူး... ကျုပ်ဆီမှာဘက်တော်သားလဲမရှိဘူး၊ အဖော်လဲမရှိဘူး... ကျုပ်က တစ်ကိုယ်တော်လှည့်လည်သွားလာနေတဲ့လူပဲ"

ကြူးလန်းရှူက ပြန်အဖြေပေးသည်။

ထို့နောက်.... ဓားသွားလွတ်ရာနေရာဝယ် ခြေချနင်းပြီး မတ်တတ်ပြန်ရပ်လိုက်သည်။

အပေါ်မှသွန်ချလိုက်သောမြွေဆိုးများအနက်...

ခြောက်ကောင်ခန့်မှာ... ဓားခုတင်ပေါ်ထောင်ထားသော



ဓားသွားများဖြင့်ထိမိပြီး သေကုန်ကြလေပြီ။ ကျန်မြွေဆိုး (၁၈) ကောင်ကျော်မှာမူ ဓားသွားများကြား သွားလာနေကြသည်။

ထိုမြွေဆိုးများအနက် နှစ်ကောင်က ကြူးလန်းရှူ၏ အနီးသို့ချဉ်းကပ်လာရာ ကြူးလန်းရှူက ဓားရှည်ကိုဝှေ့ယမ်းကာ ခုတ်သတ်ပစ်လိုက်သည်။

"ဖြောင်လိမ်မနေနဲ့ အဲဒီလူဟာ ခင်ဗျားကိုကယ်တင်ချင်လို့ ဂိုဏ်းခွဲမှူးကိုအသေသတ်သွားတာဖြစ်ရမယ်၊ ပြောစမ်း... အဲဒီလူဘယ်သူလဲ"

ကျူပင်းကထပ်မေးပြန်သည်။

"အဲဒီလူက ရယ်ခက်ကို အသေသတ်ချင်လို့သတ်သွားတာပါ၊ ကျုပ်ကိုကူညီချင်လို့မဟုတ်ပါဘူး၊ ကျုပ်အထင်ပြောရရင် ရယ်ခက်ကိုတွန်းချလိုက်တာဟာ ခင်ဗျားပဲဖြစ်ရမယ်"

ကြူးလန်းရှူက ပြန်ပြောရင်း အနီးသို့ကပ်လာသော မြွေဆိုးတစ်ကောင်ကိုဓားရှည်ဖြင့် ခုတ်ပစ်လိုက်ပြန်သည်။

"ဟေ့လူ... ပေါက်ကရတွေလျှောက်ပြောမနေနဲ့ ဂိုဏ်းခွဲမှူးကို ဘာကိစ္စကြောင့် ကျွန်တော်ကလုပ်ကြံရမှာလဲ"

"အဲဒါတော့ ကျုပ်ဘယ်သိမှာလဲ... ခင်ဗျားကိုယ်တိုင် သိလိမ့်မယ်"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုကပြန်ပြောသည်။

အနီးသို့ကပ်လာသော မြွေဆိုးသုံးကောင်ကိုလည်း ဓား ဖြင့်ခုတ်သတ်လိုက်ပြန်သည်။

"ကိုင်း... ရန်သူတစ်ယောက်ထပ်ရောက်လာတာတော့ သေချာတယ်၊ ဒီတော့... ဟူဟွေး ဒီမှာစောင့်နေခဲ့၊ ကျန်တဲ့လူတွေ ကျွန်တော်နဲ့လိုက်ခဲ့ကြ... လူဖြန့်ပြီးရှာကြမယ်"

ကျူပင်းက ကြူးလန်းရှုကို နောက်ထပ်စကားမပြောတော့ဘဲ ပိတုန်းမင်းသားများကိုပြောလိုက်သည်။

ထို့နောက် ပိတုန်းမင်းသားခြောက်ယောက်ကို ဦးဆောင်ကာ ခန်းမဆောင်အပြင်သို့ထွက်သွားသည်။

ဟူဟွေးအမည်ရှိ ပိတုန်းမင်းသားတစ်ယောက်တည်းသာ ကျန်နေခဲ့သည်။

ယခုလို အခွင့်ကောင်းပေါ်နေခိုက် အလွတ်ရုန်းထွက်ရန် အကောင်းဆုံးဖြစ်ကြောင်း ကြူးလန်းရှုနားလည်သည်။

သို့သော် သူရောက်နေသောကျင်းမှာ ပေသုံးဆယ်ခန့်နက်ပြီး ကုတ်ကတ်တက်စရာလည်းမရှိသောကြောင့် အလွတ်ရုန်းရန်မှာ သိပ်မလွယ်လှချေ။

အပေါ်တွင်တစ်ယောက်တည်းကျန်နေခဲ့သော ဟူဟွေးကို



ပြောဆိုစည်းရုံးကြည့်မှဖြစ်တော့မည်ဟု ကြူးလန်းရှုစိတ်ကူးလိုက်သည်။

"ဟေး... ဟူဟွေး... ခင်ဗျားတို့ရဲ့ဂိုဏ်းခွဲမှူး သေသွားပြီဆိုတော့ ခင်ဗျားဘာဆက်လုပ်မလဲ"

ကြူးလန်းရှုက ဟူဟွေးကိုလှမ်းအော်ပြောသည်။

"ကျွန်တော့်ဘာသာကျွန်တော် ဘာလုပ်လုပ် ခင်ဗျားနဲ့ဆိုင်ပါဘူး"

ဟူဟွေးက ခပ်ဆတ်ဆတ်ပြန်ပြောသည်။

"ကျုပ်သာ ခင်ဗျားနေရာမှာရောက်နေခဲ့ရင် အခုလိုတစ်ယောက်တည်းရှိနေတုန်း တစ်ခါတည်းထွက်ပြေးမှာပဲ၊ မဟုတ်ရင် အလကားသက်သက် အရေးယူအပြစ်ပေးခံနေရမယ်"

"မဟုတ်တာတွေလျှောက်ပြောမနေနဲ့... ကျွန်တော်က ဘာကြောင့်အပြစ်ပေးခံရမှာလဲ"

"ကျုပ်က အကောင်းပြောနေတာပါ၊ ခင်ဗျားသေသေချာချာစဉ်းစားကြည့်လေ၊ ခင်ဗျားဟာ ပိတုန်းမင်းသားတစ်ယောက်လုပ်နေပြီး ခင်ဗျားတို့ဂိုဏ်းခွဲမှူးရဲ့အသက်ကိုတောင် ကာကွယ်မပေးနိုင်ဘူးဆိုတော့ ခင်ဗျားကိုအပြစ်မပေးဘဲနေမှာတဲ့လား"

ဟူဟွေး ဘာမျှပြန်မပြော။ ငြိမ်နေသည်။

www.burmeseclassic.com

www.burmeseclassic.com



မိမိစကားကြောင့် ဟူဟွေးအတော်လန့်သွားကြောင်း ကြူးလန်းရှုရိပ်မိလိုက်သည်။

"ဟူဟွေး... ခင်ဗျား သေသေချာချာစဉ်းစားနော်၊ အခွင့်ကောင်းကြုံတုန်းမလုပ်ရင် ခင်ဗျားနောင်တရလိမ့်မယ်၊ ဘာလဲ... ခင်ဗျားက မိုးနတ်မယ်အဖွဲ့မှာ ဖွဲ့မက်စရာတွေတွေ့နေလို့ မခွဲနိုင်မခွာရက်ဖြစ်နေတာလား"

ကြူးလန်းရှုကထပ်ပြောသည်။

"ကျွန်တော် ဘာပဲဖြစ်နေနေ ခင်ဗျားပြောစရာမလိုဘူး"

ဟူဟွေးသည် ဤသို့ပြောပြီး ကျင်းနှုတ်ခမ်းဝနှင့်ဝေးရာနေရာသို့ပြောင်း၍သွားထိုင်နေသည်။ ကျင်းထဲရှိ ကြူးလန်းရှုမှာ ဟူဟွေးကိုမမြင်ရတော့ပေ။

"ဟင်... ခင်ဗျား... ခင်ဗျားကဘာလာလုပ်တာလဲ"

မကြာမီမှာပင် ဟူဟွေး၏အလန့်တကြားပြောလိုက်သံကို ကြူးလန်းရှုကြားရသည်။

ကျင်းထဲရောက်နေသောကြူးလန်းရှုမှာ...

အပေါ်ဘက် ပန်းခန်းမ ဆောင်ထဲဖြစ်ပျက်နေသည်များကို မမြင်ရ။ ကြားရသောအသံအရမူ ဟူဟွေးသည် ထူးဆန်းသောရန်သူတစ်ယောက်နှင့်ရင်ဆိုင်မိဟန်တူသည်။



"အား..."

"ဘုံး...."

ဟူဟွေး၏ငယ်သံပါအောင်အော်လိုက်သံနှင့်အတူ ကိုယ်ခန္ဓာလဲပြိုကျသွားသံကိုပါ ဆက်ကြားရသည်။ ထို့နောက် ဘာသံမျှမကြားရတော့။ ငြိမ်သက်တိတ်ဆိတ်သွားသည်။

"အခုရောက်လာတဲ့မိတ်ဆွေက ဘယ်သူလဲ"

ကြူးလန်းရှုကလှမ်းအော်မေးသည်။

တုံ့ပြန်ဖြေကြားသံ ပေါ်မလာ။

သို့သော် ကျင်းထဲသို့ကြိုးရှည်ကြီးတစ်ချောင်းကျလာ၏။ ဟူဟွေးကိုတိုက်ခိုက်လိုက်သူက ချပေးခြင်းဖြစ်ကြောင်း ကြူးလန်းရှုနားလည်လိုက်သည်။

ကြူးလန်းရှုသည် ထိုကြိုးကိုဆွဲကာ ကျင်းထဲမှပြန်တက်လာခဲ့သည်။

အပေါ်သို့ရောက်သည်နှင့်ကြူးလန်းရှုသည် ပတ်ဝန်းကျင်ကိုလျှင်မြန်စွာအကဲခတ်ကြည့်လိုက်သည်။

ကျင်းနှုတ်ခမ်းဝနှင့်အတော်လှမ်းလှမ်းတွင်ရှိသော ကြမ်းပြင်ပေါ်ဝယ် ဟူဟွေးသည် သွေးအိုင်ထဲ၌လဲကျနေသည်။

ဟူဟွေးမှအပ တခြားမည်သူမျှမရှိ။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ကိုကယ်တင်ပေးတဲ့မိတ်ဆွေကို ကျွန်တော် သိပါရစေ"

ကြူးလန်းရှုက အသံပြုလိုက်သည်။

မည်သည့်တုံ့ပြန်ချက်မျှ ထွက်မလာ။

ကြူးလန်းရှုသည် လဲကျနေသောဟူယွေးအနီးသို့ တိုးကပ်သွားပြီး စစ်ဆေးကြည့်သည်။ ဟူယွေး၏လက်ဝဲရင်ဘတ်တွင် ဓားဒဏ်ရာတစ်ချက်တွေ့ရသည်။

ထို့ပြင် ဟူယွေးမှာ အသက်မသေ။

အသက်ငွေ့ငွေ့လေး ရှိနေသေးသည်။

"ဟူယွေး... ခင်ဗျားကိုတိုက်ခိုက်သွားတာ ဘယ်သူလဲ"

ကြူးလန်းရှုသည် ဟူယွေး၏နားနားသို့ကပ်ကာ တိုးတိုးမေးလိုက်သည်။

"မိန်း... မ... တစ်... ယောက်..."

ဟူယွေးက နှုတ်ခမ်းကိုလှုပ်ကာပြောသည်။ အသက်ငွေ့ငွေ့သာရှိတော့သောကြောင့် အသံမှာတိုးညင်းလှသည်။

မနည်းပင် အာရုံစိုက်ကာနားထောင်ရသည်။

"နာမည်ကော... သိလား"

ဟူယွေးက အမည်တစ်ခုကိုပြောပြသည်။



ကြူးလန်းရှုက အမည်တစ်ခုကိုပြောပြသည်။

ကြူးလန်းရှုမကြားဖူးသေးသော အမည်တစ်ခု။

သို့သော်... ကြူးလန်းရှုသည် ထိုအမည်ကို သေချာမှတ်ထားလိုက်သည်။ အမည်ကိုပြောပြပြီးနောက် ဟူယွေးသည် ဆတ်ခနဲတစ်ချက်တွန့်ပြီးအသက်ပျောက်သွားသည်။

ထိုအခိုက် ပိတုန်းမင်းသားတစ်ယောက် ပန်းခန်းမဆောင်ထဲသို့ပြေးဝင်လာသည်။ လဲကျသေဆုံးနေသောဟူယွေးနှင့် ဟူယွေး၏အလောင်းဘေးဝယ် ရပ်နေသောကြူးလန်းရှုကို တွေ့သည်နှင့် ထိုပိတုန်းမင်းသားမှာမျက်လုံးပြူးကာ ကြောင်ကြည့်နေသည်။

ထို့နောက် လက်တွင်ကိုင်ထားသောကျာပွတ်ကို ဝှေ့ယမ်း၍ ကြူးလန်းရှုကိုဝင်တိုက်လိုက်သည်။ ကြူးလန်းရှုက အသာပင်တိမ်းရှောင်ပေးလိုက်သည်။ ကြူးလန်းရှုအနေဖြင့် ပိတုန်းမင်းသားတစ်ယောက်ကိုတော့ အရေးမထား။

သို့သော် ကြူးလန်းရှုက တုံ့ပြန်တိုက်ခိုက်တော့မည် ပြုဆဲဝယ် ကျူပင်းနှင့်တခြားပိတုန်းမင်းသားများက တစ်ယောက်ပြီးတစ်ယောက် ပန်းခန်းမဆောင်ထဲသို့ပြေးဝင်လာကြသည်။

ဤသို့ဖြင့် ကြူးလန်းရှုမှာ ပိတုန်းမင်းသားခုနစ်ယောက်နှင့်ရင်ဆိုင်မိသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှု၏ သိုင်းပညာမှာ ပိတုန်းမင်းသားများထက်သာသည်။ သို့သော် ခုနစ်ယောက်တစ်ယောက် ရင်ဆိုင်ရမည်ဆိုပါလျှင် ပိတုန်းမင်းသားများကို အလွယ်နှင့်နိုင်မည်မဟုတ်ပေ။

သိုင်းကွက်ပေါင်းရာချီ၍ အကြိတ်အနယ်တိုက်ခိုက်ရပေမည်။ ဤသို့အကြိတ်အနယ်တိုက်ခိုက်နေဆဲဝယ် မိုးနတ်မယ်အဖွဲ့မှသိုင်းကညာများရောက်ရှိလာပါက ကြူးလန်းရှုအဖို့ အန္တရာယ်စက်ကွင်းထဲသို့ဝင်သလိုဖြစ်ပေမည်။

ထို့ကြောင့်... ကြူးလန်းရှုသည် ပိတုန်းမင်းသားများနှင့်ရင်ဆိုင်တိုက်ခိုက်ခြင်းမပြုတော့ဘဲ ပြတင်းပေါက်မှကျော်လွှားကာ ပြေးထွက်လာခဲ့သည်။



## အခန်း ( ၁၃ )

မိမိတည်းခိုနေသောအခန်းသို့ ကြူးလန်းရှုပြန်ရောက်လာချိန်တွင် မိုးမလင်းသေးပေ။ ပြေးလွှားလှုပ်ရှားရသောကြောင့် ပခုံးမှမြားမှန်ထားသည့်ဒဏ်ရာမှ သွေးများထွက်နေသည်။

ထို့ကြောင့်... စည်းထားသောပတ်တီးကိုဖြေကာ အနာကိုဆေးထပ်ထည့်ပြီး ပတ်တီးအသစ်စည်းလိုက်သည်။

ပြီးနောက် အိပ်ရာထက်ဝယ် လဲလျောင်းကာ နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်သည်။ နေမွန်းတည့်ချိန်လောက်တွင်မှ ကြူးလန်းရှုအိပ်ရာမှနိုးသည်။

ကြူးလန်းရှုသည် ရေဝအောင်ချိုးပြီးပခုံးမှဒဏ်ရာကိုဆေးထပ်ထည့်ကာ ပတ်တီးထပ်စည်းသည်။

ထို့နောက် စားသောက်ဖွယ်ရာများကို အခန်းသို့မှာယူကာအေးအေးဆေးဆေးစားသောက်သည်။

www.burmeseclassic.com

www.burmeseclassic.com



အိပ်ရေးဝအောင်အိပ်ပြီး ရေအဝချိုးကာ အားရပါးရ စားသောက်လိုက်ရပြီမို့ ကြူးလန်းရှုမှာအားအင်ပြည့်ကာ လန်းဆန်းလာသည်။ ဂိုဏ်းခွဲမှူးရယ်ခက်သေဆုံးပြီးနောက် ကျူပင်းတို့သည် လျှို့ဝှက်စခန်းထောက်အိမ်ကြီးကိုစွန့်ခွာကာ အဝေးသို့ထွက်သွားကြလိမ့်မည်ဟု ကြူးလန်းရှုတွေးမိသည်။

မိုးနတ်မယ်အဖွဲ့၏ လျှို့ဝှက်စခန်းထောက်အဖြစ် အသုံးပြုခဲ့သောအိမ်ကြီးထဲသို့ဝင်ရောက်ကာ အသေးစိတ်စစ်ဆေးကြည့်လျှင် မိမိအတွက်အကျိုးရှိနိုင်မည့်အကြောင်း အချက်များတွေ့နိုင်မည်ဟု ကြူးလန်းရှုစဉ်းစားမိသည်။

ထို့ကြောင့် နေ့လည်စာစားပြီးသည်နှင့် ကြူးလန်းရှုသည် ကျသင့်သောတည်းခိုခကိုပေးချေကာ တည်းခိုရိပ်သာမှထွက်လာခဲ့သည်။ မိုးနတ်မယ်အဖွဲ့၏ လျှို့ဝှက်စခန်းထောက် အိမ်ကြီးသို့ရောက်သောအခါ အထဲသို့ချက်ချင်းမဝင်သေးဘဲအပြင်မှနေ၍ အိမ်ဝင်းတစ်ပတ်ပတ်ကာအကဲခတ်ကြည့်သည်။

အိမ်ကြီးထဲဝယ် မည်သည့်လှုပ်ရှားမှုမရှိ။

မည်သူ့ကိုမျှလည်း မတွေ့ရ။

လူသူကင်းရှင်းရာ အိမ်နောက်ဘေးဘက် တစ်နေရာမှနေ၍ တံတိုင်းကိုကျော်ကာ အိမ်ဝင်းထဲသို့ဝင်လာခဲ့သည်။



ကြူးလန်းရှုသည် အိမ်ကြီးထဲသို့မည်သည့် အနှောင့်အယှက်မှုမတွေ့ဘဲဝင်လာနိုင်ခဲ့သည်။ အိမ်ထဲဝယ် အနှံ့လိုက်ကြည့်သည်။ မည်သူ့မျှမရှိ။

နောက်ဆုံးတွင် ပန်းခန်းမဆောင်ထဲသို့ ရောက်လာသည်။

ပန်းခန်းမဆောင်ထဲဝယ်လည်း ထူးထူးခြားခြား ဘာတစ်ခုမှမတွေ့ရ။

ဟွှဟွေး၏အလောင်းလည်း မတွေ့ရ။

ကြမ်းပြင်ပေါ်မှ သွေးစသွေးနများပင် မရှိ။

ဆေးကြောသန့်စင်ထားပြီးဖြစ်သည်။

ကြမ်းပြင်ရှိအံဝှက်တံခါးမှာလည်း ပိတ်နေသည်။

တစ်အိမ်လုံးနေရာအနှံ့ ဇွဲဇွဲစပ်စပ်လိုက်ရှာကြည့်ရာ မည်သည့်သဲလွန်စကိုမျှ မတွေ့ရ။

ကျူပင်းတို့လူစုသည် သဲလွန်စ တစ်ခုတလေမျှ မကျန်ရစ်အောင် သေသေချာချာဖျောက်ဖျက်ပြီး မှထွက်သွားကြခြင်းဖြစ်မည်ဟု ကြူးလန်းရှုတွေးမိသည်။

ကြူးလန်းရှုသည် စိတ်ပျက်လက်ပျက်ဖြင့် ပြန်ထွက်တော့မည်အပြု နားထဲဝယ် ငှက်အော်သံလိုလိုကြားလိုက်ရသည်။ ငှက်အော်သံကြားရာသို့လိုက်လံရှာဖွေကြည့်ရာ....

www.burmeseclassic.com

www.burmeseclassic.com



အိမ်တံစက်မြိတ်နားဝယ် ငှက်လှောင်အိမ်တစ်ခုကို တွေ့ရ သည်။ လှောင်အိမ်ထဲဝယ် ခိုငါးကောင်ကိုတွေ့ရသည်။

ကြူးလန်းရှမှာ အတွေ့အကြုံရင့်ကျက်သူဖြစ်ရာ ထိုခိုများ ကိုမြင်လိုက်ရုံဖြင့် စာပို့ခိုများဖြစ်ကြောင်းရိပ်မိလိုက်သည်။

"ဒါ… သူတို့ရဲ့အဖွဲ့ဌာနချုပ်နဲ့ အဆက်အသွယ်လုပ်တဲ့ စာပို့ခိုတွေဖြစ်ရမယ်၊ ဒီခိုတွေကိုလွှတ်ပေးလိုက်ရင် မိုးနတ်မယ် အဖွဲ့ဌာနချုပ်ရှိတဲ့နေရာကိုပျံသွားကြမှာပဲ… ဒါပေမဲ့ ကောင်းကင် ကပျံသွားတဲ့ခိုတွေနောက်ကို ငါက ဘယ်လိုလုပ်ပြီး နောက်ယောင် ခံလိုက်နိုင်မှာလဲ"

ကြူးလန်းရှ၏စိတ်ထဲဝယ်တွေးမိသည်။

ဤသို့တွေးမိရာမှ ရုတ်တရက် စိတ်ကူးတစ်ခုရလာသော ကြောင့်ပန်းခန်းမဆောင်ထဲအပြေးပြန်လာခဲ့သည်။

ပန်းခန်းမဆောင်ထဲမှစားပွဲပုလေးတစ်ခုပေါ်ဝယ် စာရေး ကိရိယာများရှိနေလေသည်။ ကြူးလန်းရှသည် စာရေးစားပွဲတွင် ထိုင်ကာ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ထံသို့ လိပ်စာတပ်ပြီး လာ မည့်ဆယ့်နှစ်လပိုင်းဆယ့်ငါးရက်နေ့တွင် တုန့်တင်မြို့အနီးရှိ ကျွင် ချောင်းတောင် ရှန့်ဟွေဘုရားကျောင်းဝယ် ဆုံတွေ့တိုက်ခိုက်ရန် စိန်ခေါ်သည့်စာကိုရေးသည်။



စာတွင် မိမိ၏အမည်ကိုအတိအလင်းလက်မှတ်ထိုးလိုက် သည်။

စာကို စာပို့ခိုဖြင့် စာပို့ရာတွင်သုံးသော ဝါးလုံးခေါင်းလေး ထဲသို့ သေသေချာချာလိပ်ကာထည့်သည်။

ထို့နောက်… လှောင်အိမ်ရှိရာသို့ပြန်လာကာ စာပို့ခိုတစ် ကောင်ကိုထုတ်၍ စာထည့်ထားသောဝါးလုံးလေးကို ခိုခြေထောက် တွင် ပိုးကြိုးလေးဖြင့်ခိုင်ခန့်စွာချည်သည်။

ထို့နောက် ခိုကိုလွှတ်ပေးလိုက်သည်။ သေသေချာချာ သေချာပေးထားသောစာပို့ခိုသည် လွှတ်လိုက်သည်နှင့် တောင်ပံ ခတ်ကာ တစ်ဟုန်ထိုးပျံသွားလေတော့သည်။

ကြူးလန်းရှသည် မြို့ထဲသို့ပြန်ဝင်ကာ မြင်းတစ်ကောင် နှင့် ခရီးထွက်ရာတွင်လိုအပ်သောအသုံးအဆောင်များကိုဝယ်ယူ သည်။ ထို့နောက် တုန့်တင်မြို့ဘက်သို့ခရီးနှင်လာခဲ့လေသည်။

✦✦

www.burmeseclassic.com

www.burmeseclassic.com



ရှစ်ရက်ခန့်အကြာ ကြူးလန်းရှုသည် ခရီးဝေးသွားလ ကြီးတစ်ခုအတိုင်း မြင်းကိုစီးရင်းသွားနေသည်။

အချိန်မှာ နံနက်ခင်းအချိန်ဖြစ်သည်။

လမ်းမကြီးပေါ်ဝယ် ခရီးသွားခရီးလာများသိပ်မရှိ။

တစ်ခါတစ်ရံမှသာ မျက်နှာချင်းဆိုင်မှလာနေသော သည်များနှင့်တိုးမိလေသည်။

ခရီးဝေးသွားမြင်းလှည်းတချို့က ကြူးလန်းရှုကိုဖြ ကျော်သွားသည့်အခါများလည်း တစ်ခါတစ်ရံရှိသည်။

များသောအားဖြင့်မူ လမ်းမကြီးပေါ်ဝယ် ကြူးလန်းရှုတ ယောက်တည်းရှိသော်လည်း ဤသို့သွားနေရင်း စီးလာသည့်မြ က ခြေလှမ်းတစ်ချက်တစ်ချက်မမှန်ဘဲ ယိမ်းယိုင်သလိုဖြစ် သည်ကို ကြူးလန်းရှုသတိထားမိသည်။

ပထမတွင် လမ်းတွင်ရှိသောချိုင့်များ ကျင်းများကြော ခြေကုပ်မမြဲ၍ဖြစ်လေသလားဟု ကြူးလန်းရှုထင်မိသေးသည်။

သို့သော် မကြာခဏဖြစ်လာသောအခါ ကြူးလန်းရှု စိတ်ထဲသံသယဖြစ်လာသည်။ ထို့ကြောင့် မြင်းကိုရပ်ပြီး အော သို့ဆင်းကာစစ်ဆေးကြည့်သည်။

မြင်းမှာ အလွန်မောဟိုက်နေကြောင်းတွေ့ရသည်။



ကြူးလမ်းရှု အတွေးရခက်သွားသည်။

ခရီးထောက်စခန်းဖြစ်သော ရွာကြီးတစ်ရွာတွင် တစ်ည တာ နားယူပြီးထွက်လာခဲ့သည်မှာ သိပ်မကြာသေး။

ထို့ပြင် မြင်းကို ဒုန်းစိုင်းစီးလာခြင်းမဟုတ်ဘဲ ဖြည်းဖြည်း သာသာစီးလာပါလျက် အဘယ်ကြောင့်မောနေရသနည်းဟု မ တွေးတတ်အောင်ဖြစ်သွားရလေသည်။

သို့သော်....

ယခုအခြေအနေအတိုင်း မြင်းကိုဆက်စီးသွား၍မဖြစ်နိုင် တော့ကြောင်းနားလည်သည့်အတွက် မြင်းကိုလမ်းဘေးသစ်ပင် ရိပ်တစ်ခုအောက်သို့ဆွဲခေါ်လာကာ အနားယူနေလိုက်သည်။

ကြူးလန်းရှုအနားယူနေခိုက်တွင် မြင်းခွာသံတဖြောင်း ဖြောင်းနှင့်အတူ မြင်းလှည်းကြီးတစ်စီးလမ်းမကြီးအတိုင်း မောင်း နှင် လာသည်။

မြင်းလှည်းမောင်းသမားမှာ အဘိုးအိုတစ်ယောက်ဖြစ် သည်။ မြင်းလှည်းအိမ်တွင်ရှိသောလိုက်ကာများကို ချထားသော ကြောင့် မြင်းလှည်းထဲဝယ်ပါလာသူကို မမြင်ရပေ။

"အဘရေ... မြင်းလှည်းခဏလောက် ရပ်ပေးပါလား"

မြင်းလှည်းထဲမှအမျိုးသမီးတစ်ယောက် အော်ပြောသံပေါ်

www.burmeseclassic.com

www.burmeseclassic.com



လာသည်။ မြင်းလှည်းသည် ကြူးလန်းရှုရှိနေရာနှင့် မလှမ်းမကမ်းတွင်ရပ်သွားသည်။

"ဘာကိစ္စရှိလို့လဲ မိန်းကလေးရဲ့"

မြင်းလှည်းမောင်းသမားအဘိုးကြီးက မြင်းလှည်းကိုရပ်ပြီးမေးသည်။

"တောထဲကို ခဏသွားချင်လို့ပါ"

စကားသံနှင့်အတူ မြင်းလှည်းပေါ်မှမိန်းမပျိုတစ်ယောက်ဆင်းလာသည်။ ကြူးလန်းရှုက အမှတ်မထင် ထိုမိန်းမပျိုကိုလှမ်းကြည့်လိုက်သည်။

မိန်းမပျိုမှာ အသက်(၂၀)ခန့်ရှိသည်။

မျက်နှာကျချလှပပြီး မျက်လုံးများကြည်လင်ဝိုင်းစက်၏။

ကိုယ်ကာယ တောင့်တင်းအချိုးကျသည်။

သာမန်ဖျင်ကြမ်းထည်များကိုသာ ဝတ်ထားသော်လည်း တောင့်တင်းပြည့်ဖြိုးသောကိုယ်ဟန်အလှများက ပေါ်လွင်နေ၏။ မိန်းမပျိုလေးသည် လမ်းဘေးသစ်ရိပ်ဝယ်ထိုင်နေသော ကြူးလန်းရှုကိုမြင်သောအခါ ရှက်ကိုးရှက်ကန်းဖြစ်ဟန်ဖြင့်မျက်နှာလေး ရဲသွားသည်။ ထို့နောက် ခေါင်းလေးငုံ့ကာ လမ်းဘေးရှိသစ်ပင်များကြားထဲသို့ဝင်သွားသည်။



"အဘရေ... ကျွန်တော့်မြင်း ဘာဖြစ်နေမှန်းလဲ မသိဘူး၊ တစ်စိတ်လောက် လာကြည့်ပေးပါလား"

မိန်းမပျိုလေး သစ်ပင်များကြားထဲသို့ဝင်သွားပြီးသော အခါ ကြူးလန်းရှုက ထိုင်ရာမှထရပ်ပြီး... မြင်းလှည်းမောင်းသမားအဘိုးအိုကိုလှမ်းပြောသည်။

အဘိုးအိုသည် မြင်းလှည်းပေါ်မှဆင်းလာပြီး ကြူးလန်းရှု၏မြင်းကိုစစ်ဆေးကြည့်သည်။

"မင်းရဲ့မြင်းဟာ အဆိပ်ပါတဲ့အရာတစ်ခုကိုစားမိဟန်တူတယ်... အဆိပ်မိနေတယ်"

အဘိုးအိုကပြောသည်။

အဘိုးအို၏စကားကြောင့် ကြူးလန်းရှုအံ့သြသွားသည်။

"ဒီမြင်းဝယ်လာတာ ရက်ရက်ပဲရှိသေးတယ်၊ ဘယ်လိုဖြစ်ပြီးအဆိပ်မိတာလဲ"

"အဲဒါတော့ ငါလဲ ဘယ်သိမှာလဲ... အစားမှားပြီး အဆိပ်ဖြစ်သွားချင်လဲဖြစ်နိုင်တာပဲ"

"ဆေးကုလို့ရနိုင်မလား"

"ရမယ်မထင်တော့ပါဘူး... ကြည့်လေ... မင်းအမြင်၊ မင်း မြင်းကကောင်းကောင်းတောင်မှမရပ်နိုင်တော့တာ"

www.burmeseclassic.com

www.burmeseclassic.com



အဘိုးအို ထိုသို့ပြောဆဲမှာပင် မြင်းသည် တဆတ်ဆတ် တုန်ကာ ခွေယိုင်လဲကျသွားသည်။

"ဟာ... ဒုက္ခပါပဲ၊ ဒီနေရာက မြို့နဲ့အတော်ဝေးသေးတယ်၊ မြင်းမရှိဘဲနဲ့ မြို့ကိုရောက်အောင်ဘယ်လိုလုပ်သွားနိုင်မှာလဲ"

ကြူးလန်းရှုက ညည်းတွားရေရွတ်လိုက်သည်။

ထိုအချိန်မှာပင်.... သစ်ပင်များကြားထဲသို့ဝင်သွားသော မိန်းမပျိုလေး ပြန်ထွက်လာသည်။

မိန်းမပျိုလေးသည် လဲကျနေသောမြင်းကိုမြင်သောအခါ မျက်လုံးလေးဝိုင်းသွားပြီး မေးခွန်းထုတ်သည်။

"ဒီမြင်းက ဘယ်လိုဖြစ်တာလဲ"

"အစားမှားပြီးအဆိပ်မိသွားတာပါ... သေကာနီးနေပြီ" မြင်းလှည်းမောင်းသမားအဘိုးအိုက ပြောသည်။

"ဒါဖြင့်ဘယ်လိုလုပ်မလဲ... ကုလို့ရသေးလား"

"ဘယ်လိုမှမတတ်နိုင်တော့ဘူး၊ ကုလဲမရတော့ဘူး"

"ဒီက ဘယ်ကိုသွားမှာလဲ"

မိန်းမပျိုလေးသည် မြင်းလှည်းအဘိုးကြီးနှင့် စကားပြောနေရာမှ ကြူးလန်းရှုကိုရုက်ကိုးရုက်ကန်းအမူအရာဖြင့်ကြည့်ပြီး မေးသည်။



"တုန့်တင်မြို့နားက ကျွင်းချောင်းတောင်ခြေကိုသွားမလို့ပါ"

ကြူးလန်းရှုက ပြန်ဖြေသည်။

"ခရီးက အတော်ဝေးတာပဲ၊ မြင်းမပါရင် ခက်လိမ့်မယ်"

"ဟုတ်တာပေါ့ဗျာ"

"ကျွန်မကတုယွင်မြို့ကိုသွားမှာပါ၊ ရှင်သွားမဲ့ တုန့်တင်မြို့ကိုလမ်းကြုံပါတယ်၊ ရှင်ကျွန်မတို့နဲ့လိုက်ခဲ့ပါလား"

မိန်းမပျိုလေးက ဖော်ဖော်ရွေရွေပင်ဖိတ်ခေါ်သည်။

"ခင်ဗျားက တစ်ယောက်တည်းခရီးထွက်လာတာလား"

"ဟုတ်ပါတယ်"

"မိုင်ပေါင်းများစွာဝေးတဲ့တုယွင်မြို့ကို ဘာကိစ္စကြောင့် တစ်ယောက်တည်းခရီးထွက်လာခဲ့တာပဲ"

"ကျွန်မရဲ့ဦးလေးတစ်ယောက် အဲဒီမှာရှိတယ်၊ သူ့ဆီကို သွားတာပါ"

"စပ်စုတယ်လို့လဲ မအောက်မေ့ပါနဲ့နော်၊ မေးချင်တာလေး တစ်ခု...."

"ကဲပါလေ... ရှင် ကျွန်မရဲ့မြင်းလှည်းနဲ့အတူ လိုက်မယ် ဆိုရင် တစ်လမ်းလုံး မေးချင်တာတွေမေးသွားနိုင်ပါတယ်၊ ကဲ...

www.burmeseclassic.com

www.burmeseclassic.com



လိုက်မယ် မလိုက်ဘူးသာဆုံးဖြတ်ပေတော့"

"ကောင်းပါပြီ... ခရီးကြုံလိုက်ခွင့်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ကြူးလန်းရှုက ဤသို့ပြောပြီး မြင်းကိုယ်ပေါ်တွင်ရှိသော ခရီးဆောင်အိတ်နှင့်မြင်းကုန်းနှီးတို့ကိုဖြုတ်ယူကာ မြင်းလှည်းပေါ်သို့ မိန်းမပျိုလေးနှင့်အတူတက်လိုက်လေသည်။

သူတို့နှစ်ယောက် မြင်းလှည်းပေါ်တက်ပြီးချိန်ဝယ် မြင်းလှည်းမောင်းသမားအဘိုးကြီးက မြင်းလှည်းကို လမ်းမကြီးအတိုင်း မောင်းနှင်ထွက်ခွာသွားသည်။

ကြူးလန်းရှုမှာ အချစ်မင်းသားဟု အမည်တွင်နေသူဖြစ်သည်။ လှပချောမောသောမိန်းမပျိုများကို နှစ်သက်မြတ်နိုးကာ စိတ်ဝင်စားသည်။

ယခု ချောမောလှပသောမိန်းမပျိုလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင်ထိုင်ကာ အတူမြင်းလှည်းစီးလာရသောအခါ ကြူးလန်းရှုအဖို့ အကြိုက်တွေ့နေသည်ဟုဆိုရမည်။

"ကဲ... သိချင်တာလေးတွေမေးနိုင်ပြီလား"

မြင်းလှည်းမောင်းနှင်ထွက်လာပြီးသောအခါ ကြူးလန်းရှုက စကားစလိုက်သည်။



"ဟုတ်ကဲ့... မေးနိုင်ပါတယ်"

မိန်းမပျိုလေးက ပြုံး၍အဖြေပေးသည်။

"ခင်ဗျားရဲ့နာမည်ကိုမသိရဘူးလား"

"ကျွန်မနာမည် ကို့ဆွေ့မေပါ"

"မိဘနှစ်ပါးကကော"

"ကွယ်လွန်ကုန်ကြပါပြီ"

"ညီအစ်ကိုမောင်နှမကော"

"တစ်ယောက်မှမရှိပါဘူး"

"မိုင်ပေါင်းများစွာဝေးတဲ့ခရီးကို တစ်ယောက်တည်းသွားဝံ့တဲ့သတ္တိကတော့ မသေးဘူး"

"သတ္တိရှိလှလို့တော့မဟုတ်ပါဘူး... ဒါပေမဲ့ ကျွန်မဟာ တစ်ကောင်ကြွက်ဖြစ်နေတယ်၊ အဲဒီဦးလေးတစ်ယောက်ကိုပဲ အားကိုးစရာရှိလို့ စွန့်စားပြီးလာခဲ့တာပါပဲ"

"ခင်ဗျားက ကျွန်တော့်ကိုခရီးကြုံတင်ခေါ်လာတာ ဖော်ရွေလွန်းရာမကျဘူးလား"

"အဖော်မရှိဘဲ တစ်ယောက်တည်းခရီးသွားနေရတဲ့ မိန်းကလေးတစ်ယောက်က ဖော်ရွေသင့်တဲ့နေရာမှာ ဖော်ရွေရမှာပေါ့၊ ပြီးတော့ ရှင်ဟာ လူကောင်းတစ်ယောက်ဖြစ်မယ်လို့ ကျွန်မ အကဲ

www.burmeseclassic.com

www.burmeseclassic.com



ခတ်မိပါတယ်၊ ဒါနဲ့ ရှင့်နာမည်ကဘယ်လိုခေါ်သလဲ"

"ကြူးလန်းရှပါ"

"ရှင်က ခားဆောင်ထားတော့ သိုင်းသမားတစ်ယောက်ဖြစ်မယ်ထင်တယ်"

"ဟုတ်ပါတယ်"

"သိုင်းသမားလူစွမ်းကောင်းတစ်ယောက်ကို ခရီးဖော်လုပ်ရတာ ကျွန်မအတွက်ကံကောင်းတာပေါ့"

"ကျွန်တော်က သိုင်းသမားတစ်ယောက်သက်သက်ပါ၊ လူစွမ်းကောင်းရယ်လို့ မခေါ်နိုင်သေးပါဘူး'

"သိုင်းလောကမှာ ရှင့်ကိုဘယ်လိုတင်စားခေါ်ကြသလဲ"

"တစ်ကိုယ်တော်သိုင်းသမားကြူးလန်းရှလို့ ခေါ်ကြပါတယ်"

မိန်းကလေးကခေါင်းညိတ်လိုက်သည်။

"တစ်ကိုယ်တော်သိုင်းသမား... အင်း... ကျွန်မ ကြားဖူးတယ်၊ အချစ်မင်းသားလို့လဲခေါ်ကြတယ်မဟုတ်လား"

"ဟုတ်ပါတယ်"

"ရှင့်ကို ဘာဖြစ်လို့အချစ်မင်းသားလို့ခေါ်ကြတာလဲ"

"လူအတော်များများက ကျွန်တော့်ကိုမိန်းမပွေတယ်လို့ ယူဆကြတယ်၊ ဒါကြောင့် အဲဒီလိုခေါ်ကြတာပါ'



"ရှင်ကကော တကယ်ပဲမိန်းမပွေသလား"

"ချောမောတဲ့မိန်းကလေးတွေကိုမြတ်နိုးပြီး ချစ်တတ်တာတော့အမှန်ပါပဲ၊ ခင်ဗျားအနေနဲ့ ကျွန်တော့်အပေါ် မယုံကြည်ရင် ရှင်းရှင်းပြောပါ၊ ကျွန်တော်ချက်ချင်းဆင်းသွားပါ့မယ်"

"ကျွန်မကတော့ ရှင့်ကိုမိန်းမပွေတဲ့လူပွေတစ်ယောက်လို့မမြင်ပါဘူး၊ စိတ်ချရမယ့်လူတစ်ယောက်ပဲလို့ ထင်ပါတယ်၊ ဒါနဲ့ ရှင်ကဘယ်ရပ်ရွာဇာတိလဲ"

"စန်တုကျိုနန်နယ်ဘက်ကပါ"

"မိဘနှစ်ပါးကောရှိသေးလား"

"မရှိကြတော့ပါဘူး"

"ညီအစ်ကိုမောင်နှမတွေကော ရှိမယ်ထင်ပါတယ်"

"ညီအစ်ကိုမောင်နှမလဲ မရှိဘူး... ဆွေမျိုးရင်းချာလဲ မရှိဘူး၊ တစ်ကောင်ကြွက်ပဲဆိုပါတော့"

"ရှင်က တုန့်တင်မြို့ကကျွင်းချောင်းတောင်ကို ဘာကိစ္စနဲ့သွားမှာလဲ"

"အမျိုးသမီးတစ်ယောက်နဲ့တွေ့ဖို့ချိန်းထားလို့ပါ"

"သြော်... ရှင့်ရဲ့ချစ်သူနဲ့ချိန်းထားတာကိုး"

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ချစ်သူမဟုတ်ပါဘူး... အဲဒီအမျိုးသမီးဟာ စိတ်ထားယုတ်မာပြီး မြွေဆိုးတစ်ကောင်လို ကြောက်စရာကောင်းပါတယ်"

"ကြောက်စရာကောင်းမှန်းသိတဲ့ အမျိုးသမီးတစ်ယောက်ကို ရှင်ကဘာကြောင့်ချိန်းဆိုပြီးတွေ့မှာလဲ"

"ခင်ဗျား ကျွန်တော့်ကိုယုံကြည်စိတ်ချတဲ့အတွက် ခင်ဗျားကို အမှန်အတိုင်းပဲပြောပါ့မယ်"

ကြူးလန်းရှုက သူ့မိတ်ဆွေချီကျင်း အသတ်ခံခဲ့ရပုံအကြောင်းကိုပြန်ပြောပြလိုက်သည်။

ချီကျင်းအသတ်ခံခဲ့ရပုံအကြောင်း ပြောပြပြီးချိန်တွင် မြင်းလှည်းသည် ခရီးလမ်းဆုံမြို့လေးတစ်မြို့သို့ရောက်လာသည်။

အချိန်မှာ နေ့လယ်ပိုင်းဖြစ်သောကြောင့် စားသောက်ဆိုင်တစ်ဆိုင်တွင်ဝင်ကာ နေ့လယ်စာစားသောက်ကြသည်။

နေ့လယ်စာစားသောက်ကာ ခေတ္တအပန်းဖြေအနားယူကြပြီးနောက် ခရီးဆက်ခဲ့ကြပြန်သည်။ ထမင်းတစ်နပ် အတူစားသောက်ခဲ့ကြပြီးနောက် ကြူးလန်းရှုနှင့်ကို့ဆွေ့မေတို့မှာ ပိုမိုရင်းနှီးခင်မင်လာခဲ့သည်။

ထိုနေ့ညတွင် ဟူခုန်မြို့သို့ရောက်ရှိသွားကြသည်။



ဟူခုန်မြို့မှာ မြစ်ဝါမြစ်ကမ်းပေါ်ရှိ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်သည်။ မြစ်တစ်ဘက်ကမ်းသို့ကူးတို့လှေဖြင့်ကူးပြီးမှ ရှေ့သို့ခရီးဆက်နိုင်သည်။ သို့ဖြစ်ရာ သူတို့နှစ်ယောက်၏မြင်းလှည်းဖြင့်လာသောလမ်းခရီးမှာ ဟူခုန်မြို့တွင်ပင် အဆုံးသတ်သည်။

ကြူးလန်းရှုက ကို့ဆွေ့မေနှင့်လမ်းခွဲသွားမည်ပြုသေးသည်။ သို့သော်... ကို့ဆွေ့မေက မိမိမှာ မိန်းကလေးတစ်ယောက်တည်းသွားရမည်ဖြစ်သောကြောင့်.... မိမိကိုအဖော်ပြုပေးရန်တောင်းပန်သောကြောင့်လမ်းမခွဲဖြစ်ကြတော့ပေ။

မြင်းလှည်းသမားအဘိုးကြီးကို ကျသင့်ငွေများပေးချေပြီးနောက် ကို့ဆွေ့မေနှင့်ကြူးလန်းရှုတို့သည် မြို့ထဲရှိတည်းခိုရိပ်သာတစ်ခုသို့လာခဲ့သည်။ တည်းခိုရိပ်သာတွင် ကောင်းမွန်သပ်ရပ်သောအခန်းနှစ်ခန်းကိုငှားရမ်းလိုက်ကြသည်။

"ကျွန်မတို့ညစာကို အောက်ထပ်က စားသောက်ခန်းမထဲမှာ ဆင်းမစားဘဲ ရှင့်အခန်းမှာဖြစ်ဖြစ် ကျွန်မအခန်းမှာပဲဖြစ်ဖြစ် မှာယူပြီး အေးအေးဆေးဆေးစားကြရအောင်လား"

တည်းခိုခန်းနှစ်ခုယူပြီးသောအခါ ကို့ဆွေ့မေကပြော၏။

"ကောင်းသားပဲလေ... ဘယ်အခန်းမှာစားကြမလဲ"

ကြူးလန်းရှုကပြန်မေးသည်။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်လို သိုင်းသမားကြီးတစ်ယောက်က မိန်းကလေးတ
ယောက်ရဲ့အခန်းကိုလိုက်လာပြီး ညစာစားဖို့မကောင်းပါဘူးလေ
ဒီတော့ ရှင့်အခန်းမှာပဲ မှာယူထားလိုက်ပါ၊ ကျွန်မရေချိုး အဝတ်
အစားတွေလဲပြီးလာခဲ့မယ်"

ကို့ဆွေ့မေက ဤသို့ပြောပြီး သူမအတွက် ငှားထားသော
အခန်းထဲသို့ဝင်သွားသည်။ ကြူးလန်းရှုက တည်းခိုရိပ်သာအ
ထမ်းလူငယ်လေးတစ်ယောက်ကိုခေါ်၍ ညနေစာကို မိမိ၏အခန်း
သို့ပို့ပေးပြီး ပြင်ဆင်ခင်းကျင်းထားရန်မှာကြားသည်။

ထို့နောက် ရေချိုးခန်းထဲသို့ဝင်၍ရေချိုးသည်။

ကြူးလန်းရှု ရေချိုးအဝတ်အစားလဲလှယ်ပြီးချိန်ဝယ် ည
စာထမင်းဟင်းလျာများလည်း အသင့်ခင်းကျင်းထားပြီးဖြစ်သွား
သည်။ ညစာမှာ အတော်ပင်ဖွယ်ဖွယ်ရာရာရှိသည်။ ဟင်းလျာ ငါး
မျိုးအပြင် သစ်သီးများနှင့်အကောင်းစားအရက်အိုးတစ်အိုး ပါရှိ
သည်။ ခဏအကြာဝယ် ကို့ဆွေ့မေရောက်လာသည်။

ကို့ဆွေ့မေသည် ဖျင်ကြမ်းဝတ်စုံနှင့်မဟုတ်တော့။ အနီ
ရောင်ပိုးသားဝတ်စုံကိုဝတ်ထားသည်။ မျက်နှာတွင်လည်း အလှ
အပများခြယ်မှုန်းထားရာ ပင်ကိုယ်အလှမှာ ပို၍ပေါ်လွင်နေသည်။

ကြူးလန်းရှုကထိုင်ရာမှထကာ ကို့ဆွေ့မေကိုကြိုဆိုပြီး



နေရာချထားပေးသည်။ နှစ်ယောက်သား စားပွဲတွင်မျက်နှာချင်း
ဆိုင်ထိုင်ကြသည်။ ကို့ဆွေ့မေ၏မျက်နှာမှာ ရှက်သွေးဖြန်းကာ
နီနေသည်။ ကြူးလန်းရှုကလည်း ရှက်သွေးဖြန်း၍တစ်မျိုးလှနေ
သော ကို့ဆွေ့မေကိုစူးစိုက်ကြည့်မိရာ ကို့ဆွေ့မေသည် ခေါင်းလေး
ငုံ့သွားရှာသည်။

"ကျွန်မတို့နှစ်ယောက်က ဟို... ဟိုဒင်းနဲ့တူတယ်"

"ဘာလဲ... လင်မယားလား"

ကြူးလန်းရှုကပြောသည်။

"ခစ်... ခစ်... ဘယ်ကဟုတ်ရမှာလဲ၊ လင်မယားဆိုရင်
အခန်းနှစ်ခန်း ဘယ်ခွဲပြီးငှားမှာလဲ"

"ဒါဖြင့် ပြောစမ်းပါဦး... ဘာနဲ့တူနေသလဲ"

"ဟင့်အင်း... ပြောချင်ပါဘူး"

"ပြောစမ်းပါကွယ့်... ဒီလိုတော့လုပ်မထားပါနဲ့"

"ဟိုလေ... ချစ်သူနှစ်ယောက်နဲ့တူနေတယ်"

"တူနေတာမဟုတ်ပါဘူး... ကျွန်တော်တို့နှစ်ယောက်ဟာ
ဘယ်ပဲ ချစ်သူနှစ်ယောက်ဖြစ်နေတယ်မဟုတ်လား"

"ကြည့်လဲပြောပါရှင်၊ ကျွန်မလို ရုပ်ရည်အဆင့်အတန်း
ဟာ ရှင့်လိုသိုင်းသမားတစ်ယောက်ရဲ့ချစ်သူဖြစ်နိုင်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ကိုယ်ကို ဒီလောက်မနှိမ့်ချပါနဲ့၊ အမှန်အတိုင်းပြော ရရင် ခင်ဗျားဟာ ကျွန်တော်တွေ့ဖူးသမျှ မိန်းကလေးတွေထဲ တော့ အချောအလှဆုံးပါပဲ"

"တကယ်ပြောတာလားရှင့်"

"တကယ်ပါ"

ကြူးလန်းရှုက အရက်အိုးကိုကိုင်မကာ အရက်တစ်ခွက် လိုက်သည်။

"ခင်ဗျား အရက်သောက်တတ်သလား"

"ဟင့်အင်း... မသောက်တတ်ပါဘူး၊ ဒါပေမဲ့ ဒီနေ့ည တော့ အရက်နည်းနည်းသောက်မယ်"

"ဘာဖြစ်လို့ ဒီနေ့ညမှအရက်သောက်ချင်ရတာလဲ"

ကြူးလန်းရှုက ကို့ဆွေ့မေအတွက် အရက်တစ်ခွက်ငှဲ့ပေး ရင်းပြောသည်။

"ဟွန့်... ရှင့်ကိုပြောမပြပါဘူး"

ကို့ဆွေ့မေက ဤသို့ပြောပြီး ကြူးလန်းရှုကိုမျက်စရိုက် တစ်ချက်ကြည့်လိုက်သည်။

"ကိုင်း... ကျွန်တော်တို့နှစ်ယောက်တွေ့ကြုံခင်မင်ခဲ့တဲ့အ တွက် ဆုမွန်ကောင်းတောင်းပြီးသောက်ကြပါစို့"



နှစ်ယောက်သား ဆုမွန်ကောင်းတောင်းပြီး အရက်များကို သောက်လိုက်ကြသည်။ အရက်တစ်ခွက်သောက်ပြီးသောအခါ ကို့ဆွေ့မေ၏မျက်နှာလေးမှာ နီရဲ၍လာသည်။

ကြူးလန်းရှုက ကို့ဆွေ့မေကို နောက်ထပ်အရက်ငှဲ့မပေး တော့ဘဲ မိမိအတွက်သာ ကိုယ်တိုင်ငှဲ့သောက်ပြီး ထမင်းဟင်းလျာ များကိုစားကြသည်။

"ကျွန်မကို နောက်ထပ်အရက်တစ်ခွက်ပေးပါဦး"

ထမင်းဟင်းလျာများကိုစားသောက်နေရင်း ကို့ဆွေ့မေက ပြောသည်။

"အရက်မသောက်တတ်ရင် တစ်ခွက်ပဲတော်ပြီပေါ့၊ ဘာ ကြောင့် ထပ်သောက်ချင်ရတာလဲ"

"ဒီညဟာ ကျွန်မအတွက် ထူးခြားတဲ့ညတစ်ညဖြစ်တယ်၊ ဒါကြောင့် အရက်သောက်ကြည့်ချင်တယ်... တစ်ခွက်တည်း ထပ် ပေးပါနော်"

ကို့ဆွေ့မေကတောင်းဆိုသောကြောင့် ကြူးလန်းရှုသည် နောက်ထပ်အရက်တစ်ခွက်ငှဲ့ပေးလိုက်သည်။

"ဒါ နောက်ဆုံးပဲနော်... နောက်ထပ် တတိယခွက်မရနိုင် တော့ဘူး"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက ဤသို့ပြောပြီး ငုံ့ပြီးသောအရက်တစ်ခွက်ကို ကို့ဆွေ့မေထံကမ်းပေးပြီးပြောသည်။

"ရှင်ဟာ အတော်ထူးဆန်းတာပဲ"

"ဘာထူးဆန်းတာလဲ"

"တခြားယောကျ်ားတွေဆိုရင် မိန်းကလေးတစ်ယောက်ကို အရက်များများသောက်စေချင်ကြတယ်၊ များများသောက်ပြီး များများမူးနေရင် သူတို့စိတ်ဘိုင်းကျခြယ်လှယ်လို့ရနိုင်တာကိုး၊ ရှင်ကတော့ ကျွန်မ သောက်ချင်တာတောင်မတိုက်ဘူး၊ ကျွန်မအရက်မူးမှာကိုပဲကြောက်နေသေးတယ်"

"ကျွန်တော်ဟာ အချစ်မင်းသားတစ်ယောက်ဖြစ်ပေမဲ့ လူယုတ်မာတစ်ယောက်တော့မဟုတ်ပါဘူး၊ မိန်းအာလေးတစ်ယောက်ကိုအရက်မူးအောင်တိုက်ပြီးမှ အချစ်ကိုယူရတာကိုလဲ မလိုလားပါဘူး"

"ကိုင်း... ကျွန်မတို့နှစ်ယောက်ရှေ့ဆက်ပြီး လက်တွဲနိုင်ဖို့အတွက် ဆုမွန်ကောင်းတောင်းပြီး အရက်သောက်ကြပါစို့"

နှစ်ယောက်သား ဆုမွန်ကောင်းတောင်းကာ... အရက်သောက်ကြပြန်သည်။ အရက်သောက်ပြီးနောက် စားသောက်ဖွယ်ရာများကို ဆက်စားကြသည်။



ကို့ဆွေ့မေသည် ရေလာမြောင်းပေးစကားအမျိုးမျိုးဆက်ပြောနေသည်။ ပထမတွင် ကြူးလန်းရှုက ကြိုးစားကာထိန်းသိမ်းချောင်နေသေးသည်။

သို့သော်... တစ်စတစ်စ အရက်ကပိုမူးလာသည့်အပြင် ကို့ဆွေ့မေကလည်း အခွင့်အရေးပေးလွန်းသောကြောင့် စိတ်ကိုထိန်းနိုင်တော့ဘဲ ကို့ဆွေ့မေကိုဖက်ရှမ်းနမ်းရှုံ့မိလေတော့သည်။

"အို... အို... ဒီလိုတော့မလုပ်ပါနဲ့"

ကို့ဆွေ့မေက ပါးစပ်မှငြင်းဆန်ကာ ရုန်းဖယ်သေးသည်။ သို့သော် အင်တိုက်အားတိုက်ရုန်းခြင်းမဟုတ်သည့်အတွက် ကြူးလန်းရှု၏သိုင်းဖက်ထားမှုမှ မလွတ်ပေ။

ကြူးလန်းရှုမှာ ကို့ဆွေ့မေ၏တစ်တစ်ရစ်ရစ် ကိုယ်ခန္ဓာလေးကိုပွေ့ဖက်လိုက်မိသည်တွင် စိတ်ဆင်ရိုင်းကို မည်သို့မျှချွန်းအုပ်၍မနိုင်တော့အောင်ဖြစ်လာသည်။

ဤသို့ဖြင့် နောက်ဆုံးတွင် ကြူးလန်းရှုသည် စိတ်ဆင်ရိုင်းကိုချွန်းဖွင့်ကာ လွှတ်ပေးလိုက်လေတော့သည်။

အခန်းထဲဝယ် အချစ်မုန်တိုင်းတစ်ခုထန်သွားသည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့တွင်... ကြူးလန်းရှူနှင့်ကိုဆွေ့မေတို့သည် မြစ်တစ်ဘက်ကမ်းသို့ ကူးတို့လှေဖြင့်ကူးကြသည်။

ထို့နောက် မြင်းလှည်းငှားကာခရီးဆက်ခဲ့ကြသည်။

ဤသို့ဖြင့် ရက်(၂၀)ခန့်ခရီးနှင်ခဲ့ကြပြီးနောက် (၁၂)လပိုင်း(၁၁)ရက်နေ့တွင် တုန့်တင်မြို့သို့ရောက်ရှိသွားကြသည်။

တုန့်တင်မြို့သို့ရောက်ရှိချိန်မှာ ညနေစောင်းအချိန်ဖြစ်သည်။ ကြူးလန်းရှူတို့သည် တည်းခိုရိပ်သာတစ်ခုတွင် အခန်းငှားပြီးနောက် ညနေစာအတူစားသောက်ကြသည်။

ထို့နောက် တည်းခိုရိပ်သာအနီးရှိ ပန်းခြံလေးထဲသို့ သွားကာ အညောင်းပြေလမ်းလျှောက်ရင်းစကားပြောကြသည်။

"အစ်ကိုနဲ့မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်နဲ့ ကျွင်းချောင်းတောင်ပေါ်မှာဆုံကြဖို့ချိန်းထားတဲ့ရက်က မနက်ဖြန်ပဲနော်"

လမ်းလျှောက်နေရင်း ကိုဆွေ့မေကမေးသည်။

"မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ဟာ ရှင်ချိန်းထားတဲ့အတိုင်းလာမယ်လို့ထင်နေသလား"

"စာပို့နိုက စာကိုရောက်အောင်ပို့ပေးတယ် မပို့ပေးဘူးဆိုတာပေါ်မှာမူတည်ပါတယ်၊ စာပို့နိုကရောက်အောင် ပို့ပေးရင်တော့ သူမုချလာပါလိမ့်မယ်"



"မိုးနတ်မယ်အဖွဲ့ရဲ့အင်အားကမသေးဘူး... သူ အင်အားအပြည့်အစုံနဲ့လာရင်ဆိုင်မယ်ဆိုရင် အစ်ကိုအနေနဲ့ အနိုင်ရအောင်တိုက်နိုင်ပါ့မလား"

"ဘယ်လိုပဲဖြစ်ဖြစ်... သူ့ကိုသွားရင်ဆိုင်ဖို့ ကျွန်တော့်ဆုံးဖြတ်ပြီးသားပါ"

"ကျွန်မသဘောကိုပြောရရင် ရှင့်ကိုမသွားစေချင်ဘူး"

"ဘာကြောင့်လဲ"

"အစ်ကို့အတွက်စိုးရိမ်မိလို့ပါ၊ မသွားဘဲနေလိုက်ပါလား"

"မစိုးရိမ်ပါနဲ့... သူတို့ ဘယ်လောက်ပဲ အင်အားကောင်းကောင်း ကျွန်တော့်ကိုအသေမသတ်နိုင်ပါဘူး"

"ချီကျင်းအသုတ်သင်ခံရတာဟာ အကြောင်းမဲ့သက်သက်တော့ မဟုတ်နိုင်ပါဘူး၊ သူ့မှားသွားတဲ့အပြစ်တစ်ခု ရှိချင်ရှိမှာပါ၊ ဒါကိုကောရှင်စဉ်းစားမိရဲ့လား"

"ချီကျင်းအသုတ်သင်ခံရတဲ့အတွက် အကြောင်းတစ်ခုခုရှိရင် အဲဒီအကြောင်းဟာ မိုးနတ်မယ်အဖွဲ့ထဲကိုမဝင်ဘဲ ငြင်းဆန်ခဲ့လို့ပဲဖြစ်လိမ့်မယ်"

"တကယ်လို့ ကျွန်မသာ ချီကျင်းဆိုရင် မိုးနတ်မယ်အဖွဲ့ရဲ့ကမ်းလှမ်းမှုကိုလက်ခံပြီး ရွှေပိတုန်းမင်းသားတစ်ယောက်သွား

www.burmeseclassic.com



လုပ်လိုက်မှာပဲ၊ မိုးနတ်မယ်အဖွဲ့ထဲမှာမိန်းမချောလေးတွေ အများကြီးရှိတယ်ဆိုတော့ ချိုကျင်းအဖို့လောကစည်းစိမ် ကောင်းကောင်းခံစားရမှာအမှန်ပဲ"

"ကမ္ဘာလောကကြီးမှာ မိန်းမချောမိန်းမလှတွေ အများကြီးရှိပါတယ်၊ မိုးနတ်မယ်အဖွဲ့မှာမှရှိတာမဟုတ်ပါဘူး"

"အစ်ကိုမိတ်ဆွေချိုကျင်းအသတ်ခံရတာနဲ့ အစ်ကိုက မိုးနတ်မယ်အဖွဲ့ရဲ့ခေါင်းဆောင်ကို ဆိုးဝါးရက်စက်တဲ့အမျိုးသမီးတစ်ယောက်လို့သတ်မှတ်လိုက်တာတော့ မသင့်ဘူးထင်တယ်"

"ခင်ဗျားက ဘာဖြစ်လို့ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ဘက်ကနေ ရှေ့နေလိုက်ပေးရတာလဲ၊ ကျွန်တော် အမျိုးမျိုးစဉ်းစားပြီးပါပြီ... စုံစမ်းသင့်သလောက်လဲ စုံစမ်းပြီးပါပြီ၊ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ဟာ တကယ်ပဲဆိုးဝါးရက်စက်တဲ့မိန်းမတစ်ယောက်ပါ၊ ချိုကျင်းကိုလဲအကြောင်းမဲ့သုတ်သင်ပစ်ခဲ့တာပါ၊ မိုးနတ်မယ်အဖွဲ့ကိုချေမှုန်းပစ်ရမယ်"

"အစ်ကိုက ချိုကျင်းအသတ်ခံရတဲ့အတွက် အတော့်ကို မခံမရပ်နိုင်ဖြစ်နေတာကိုး၊ တကယ်လို့... ကျွန်မသာ မိုးနတ်မယ်အဖွဲ့ကအဖွဲ့ဝင်တစ်ယောက်ဖြစ်နေရင်ကော ရှင်ကျွန်မကိုချေမှုန်းပစ်မှာပဲလား"



"ခင်ဗျားဟာ မိုးနတ်မယ်အဖွဲ့ဝင်လဲဖြစ်တယ်... ဆိုးဝါးရက်စက်တဲ့အပြစ်လဲကျူးလွန်ခဲ့မယ်ဆိုရင် ချေမှုန်းပစ်ရမှာပဲပေါ့"

"အစ်ကိုဟာ တော်တော်ရက်စက်တာပဲ"

"ဘာကြောင့် ရက်စက်တယ်လို့ပြောရတာလဲ"

"အစ်ကိုနဲ့ကျွန်မ ဒီလောက်တောင် ရင်းရင်းနှီးနှီးရှိနေပြီးတာတောင် ကျွန်မကိုချေမှုန်းပစ်ချင်သေးလား"

"ခင်ဗျားကကော တကယ်ပဲမိုးနတ်မယ်အဖွဲ့ဝင်မိန်းမဆိုးတစ်ယောက်လား"

"ဟွန့်.... ဘယ်ကလာဟုတ်ရမှာလဲ၊ ကျွန်မကကြက်တစ်ကောင်ကိုတောင် မသတ်ရဲတဲ့မိန်းကလေးတစ်ယောက်ပါ၊ မိုးနတ်မယ်အဖွဲ့ဝင် ဖြစ်နိုင်မလား"

"ဒါဆိုရင် ဘာမှစိုးရိမ်ပူပန်မနေပါနဲ့၊ အပြစ်မရှိတဲ့ခင်ဗျားကို ကျွန်တော်ကဘာမှမလုပ်ပါဘူး"

ထို့နောက် နှစ်ယောက်သား သဘောကျစွာ တခစ်ခစ်ရယ်လိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

(၁၂)လပိုင်း (၁၅)ရက်....

ထိုနေ့နံနက် အရုဏ်တက်ချိန်လောက်ကပင် ကြူးလန်းရှသည် ကျွင်းချောင်းတောင်ပေါ်ရှိ ရှန့်ဟွေဘုရားကျောင်းသို့ ရောက်နေခဲ့သည်။ ကြူးလန်းရှသည် မိုးနတ်မယ်အဖွဲ့၏ခေါင်းဆောင်ကို တွေ့ဖူးသူ မဟုတ်ပေ။

သို့သော် မိုးနတ်မယ်အဖွဲ့၏ခေါင်းဆောင်မှာ နတ်မိမယ်တမျှ ချောမောလှပသောမိန်းမပျိုတစ်ယောက်ဖြစ်လိမ့်မည်ဟုကား တွေးမိထားသည်။

ထို့ပြင် မိုးနတ်မယ်အဖွဲ့၏ခေါင်းဆောင်အနေဖြင့် မိမိကို သိလိမ့်မည်ဟုလည်း ယုံကြည်ထားသည်။

ထို့ကြောင့်.... ရှန့်ဟွေ ဘုရားကျောင်းအတွင်းအပြင်နှင့် အနီးဝန်းကျင်ဝယ် လှည့်လည်သွားလာရင်း....



မိန်းမချောများကိုဂရုထားကာ လိုက်လံကြည့်ရှုသည်။

သို့သော် တစ်နေသာကုန်သွားသည်။

မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်နှင့် မတွေ့ရသေးပေ။ ကြူးလန်းရှ၏စိတ်ထဲ သို့လောသို့လော တွေးတောလာမိသည်။

"ဘယ်လိုဖြစ်တာလဲ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်က ဘာလို့ပေါ်မလာသေးလဲ၊ ငါပို့လိုက်တဲ့စာပို့ခိုက သတင်းပို့ချက်ကို ရောက်အောင်မပို့နိုင်လို့လား၊ မဟုတ်ပါဘူး ဒီစာပို့ခိုတွေဟာ သေသေချာချာလေ့ကျင့်ထားကြတာပဲ၊ သတင်းပို့ချက်ကိုရောက်အောင် ပို့ပေးမှာအမှန်ပါပဲ၊ သူက လူစည်ကားတဲ့နေ့အချိန်မှာ မလာဘဲ လူရှင်းတဲ့ညအချိန်ကျမှ ရောက်လာမယ်ထင်တယ်၊ ငါ ညဦးနက်သန်းခေါင်အထိထိုင်စောင့်နေမယ်"

ကြူးလန်းရှသည် ဤသို့စဉ်းစားဆုံးဖြတ်ပြီးရှန့်ဟွေဘုံကျောင်းအဝင်ဝရှိ သစ်ပင်ကြီးတစ်ပင်ကိုကျောမှီကာ ဖွဲ့ကောင်းကောင်းဖြင့်ထိုင်စောင့်နေလိုက်သည်။

နောက်ဆုံးတွင်.... နေမင်းကြီးသည် အနောက်ဘက်မိုးကောင်းကင်ဝယ် တစ်စစပျောက်ကွယ်သွားသည်။

နေရောင်ပျောက်ကွယ်စပြုသည်နှင့် ဘုရားဖူးများလည်း အလျှိုလျှိုပြန်ကုန်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



နေဝင်သွားချိန်တွင် ရှန့်ဟွေဘုံကျောင်းအနီးဝန်းကျင်ဝယ် ဘုရားဖူးများမရှိကြတော့။ ကြူးလန်းရှူကတော့ ဖွဲကောင်းကောင်းနှင့်ထိုင်စောင့်နေဆဲ။

နေဝင်မိုးချုပ်ပြီး အချိန်အတော်ကြာသောအခါတွင်မှ ကြူးလန်းရှူရှေ့မှောက်သို့ မိန်းမပျိုတစ်ယောက်ရောက်လာတော့သည်။

ထိုမိန်းမပျို၏လှုပ်ရှားပုံမှာ အလွန်သွက်လက်ကာ ညင်သာလှသည်။ လေအဟုန်စီး၍လာသည်ဟုပင် ထင်မှတ်မှားရသည်။ ပါးလှပ်သောအဝါနုရောင်ပိုးသားဝတ်စုံကို တစ်ထပ်တည်းဝတ်ထားသဖြင့် မိန်းမပျို၏တောင့်တင်းဖွံ့ထွားသောပင်ကိုယ်အလှကို လှစ်ဖော်ပြသထားသလိုရှိပေသည်။

သို့သော် မိန်းမပျို၏မျက်နှာတွင်မူ အနက်ရောင်မျက်နှာဖုံးစွပ်ထားသောကြောင့် မျက်နှာသွင်ပြင်ကိုမမြင်ရ။

ကိုယ်ခန္ဓာအဆစ်အပေါက် တောင့်တင်းအချိုးကျသလောက် ရုပ်ကဆိုးလှသောကြောင့် မျက်နှာကိုဖုံးထားလေသလားသို့မဟုတ် ပင်ကိုယ်မျက်နှာကိုမမြင်စေလိုသောကြောင့် ဖုံးအုပ်ထားလေသလားဆိုခြင်းကိုမူ ကြူးလန်းရှူမတွေးတတ်ပြီ။

"ခင်ဗျားက မိုးနတ်မယ်အဖွဲ့ရဲ့ခေါင်းဆောင်လား"

ကြူးလန်းရှူက ထိုင်နေရာမှထရပ်ပြီးမေးသည်။



မိန်းမပျိုက အသာအယာခေါင်းကိုခါယမ်းပြသည်။

"လွန်ခဲ့တဲ့အနှစ်နှစ်ဆယ်လောက်က ထွန်းတောက်ခဲ့တဲ့မိုးနတ်မယ်အဖွဲ့မှာ မဟူရာမြားကညာဆယ့်နှစ်ဖော်ရှိခဲ့တယ်လို့ကျွန်တော်ကြားဖူးတယ်၊ ခင်ဗျားက အခု ပြန်လည်တစ်စခန်းထလာတဲ့မိုးနတ်မယ်ဂိုဏ်းရဲ့ မဟူရာမြားကညာတစ်ယောက်လား"

မိန်းမပျိုကခေါင်းညိတ်ပြသည်။

"ခင်ဗျားနာမည်ကိုကော မသိရဘူးလား"

"ကွေ့ခက်လို့ပဲမှတ်ထားပါ"

မိန်းမပျိုကပြန်ပြောသည်။ အသံမှာချိုအေးသည်။

ကြူးလန်းရှူ၏စိတ်ထဲဝယ် ဤအသံမျိုးကြားဖူးသလိုထင်မိသည်။

"ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ကိုယ်တိုင်မလာဘဲ ခင်ဗျားက ဘာကြောင့်ကိုယ်စားလာရတာလဲ"

"ရှင်က စာပို့ခိုအသုံးမှားသွားတယ်၊ တကယ်လို့ ရှင်က အဖြူရောင်စာပို့ခိုသုံးရင် ရှင်ပို့လိုက်တဲ့စာဟာ အဖွဲ့ခေါင်းဆောင်ဆီကိုရောက်သွားမှာပါ၊ အခုတော့ ရှင့်စာက ကျွန်မဆီရောက်လာတယ်... ဒါကြောင့် ကျွန်မလာခဲ့ရတာပေါ့"

"ခင်ဗျားတို့ရဲ့အဖွဲ့ခေါင်းဆောင် ဘယ်မှာရှိတယ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ပြောမပြနိုင်ဘူးလား၊ ကျွန်တော်ကိုယ်တိုင် သူရှိတဲ့နေရာကိုလိုက်သွားပြီး သူနဲ့တွေ့ချင်တယ်"

"ဒါတော့ ပြောမပြနိုင်ပါဘူး၊ ကျွန်မတို့အဖွဲ့နဲ့ ပတ်သက်တဲ့အရေးကိစ္စတစ်ခုခုရှိရင် ကျွန်မနဲ့ပြောဆိုလို့ဖြစ်ပါတယ်၊ ကျွန်မမှာ အဖွဲ့ခေါင်းဆောင်လောက်နီးနီးအာဏာရှိပါတယ်"

"ချီကျင်းဆိုတဲ့သိုင်းသမားတစ်ယောက် အသတ်ခံရတဲ့ကိစ္စပဲ၊ ဒီကိစ္စအတွက် ခင်ဗျားအနေနဲ့ ဆုံးဖြတ်ပြောဆိုနိုင်သလား"

"ဟုတ်ကဲ့... ပြောနိုင်ပါတယ်"

"တကယ်ဟုတ်ရဲ့လား"

ကျွေ့ခက်ကခေါင်းညိတ်ပြသည်။

"ချီကျင်း ဘာကြောင့်အသတ်ခံရတယ်၊ ချီကျင်းကို ဘယ်သူသတ်သွားတယ်ဆိုတာကိုကော ခင်ဗျားသိလို့လား"

ကျွေ့ခက်ကခေါင်းညိတ်ပြပြန်သည်။

"ဒါဖြင့် ပြောစမ်းပါဦး"

"ချီကျင်းဟာ မိုးနတ်မယ်အဖွဲ့ရဲ့ ပိတုန်းမင်းသားတစ်ယောက်လုပ်ဖို့သဘောတူလက်ခံပြီး မဟူရာမြားကညာတစ်ယောက်နဲ့အတူ သုံးလေးညလောက်ပျော်ပါးတယ်၊ ပြီးမှ ပိတုန်းမင်းသားမလုပ်နိုင်တော့ဘူးလို့ ငြင်းတယ်၊ ဒါကြောင့်.... သူ့ကို



ဒဏ်ခတ်တဲ့အနေနဲ့သုတ်သင်ပစ်လိုက်တာပါ"

"ချီကျင်းကိုသုတ်သင်ပစ်လိုက်တဲ့ မဟူရာမြားကညာက ဘယ်သူလဲ"

"အဲဒါကိုတော့ ရှင်သိစရာမလိုပါဘူး၊ ချီကျင်းအသတ်ခံရတဲ့အတွက် ရှင်မကျေမနပ်လို့ စာရင်းရှင်းချင်ရင် ကျွန်မနဲ့ စာရင်းရှင်းလို့ရပါတယ်"

"စောစောက.... ခင်ဗျားပြောတဲ့အကြောင်းပြချက်ကို ကျွန်တော်လက်မခံဘူး၊ ချီကျင်းဟာ ရဲရင့်တည်ကြည်တဲ့ လူတစ်ယောက်ပါ၊ ခင်ဗျားတို့မိုးနတ်မယ်အဖွဲ့ရဲ့ ပိတုန်းမင်းသားလုပ်ပါ့မယ်လို့ ဘယ်တော့မှသဘောတူမှာမဟုတ်ဘူး၊ ခင်ဗျားတို့ ထောင်ချောက်ကိုလဲ ဘယ်တော့မှတိုးဝင်မှာမဟုတ်ဘူး"

"ဒီလိုလဲမပြောနဲ့လေ၊ ယောကျ်ားမှန်ရင် လောကစည်းစိမ်ကိုမက်မောကြတာချည်းပဲ.... လှပချောမောတဲ့ မိန်းကလေးတစ်ယောက်ရဲ့မာယာထောင်ချောက်မှာ ရုန်းမထွက်နိုင်ကြပါဘူး၊ ရှင်ကိုယ်တိုင်ကော လှပတဲ့မိန်းကလေးတွေမြင်ရင် ချစ်တမ်းကစားချင်တာပဲမဟုတ်လား၊ ဒါကြောင့်လဲ ရှင့်ကိုအချစ်မင်းသားလို့ခေါ်ကြတာပေါ့၊ ခစ်... ခစ်... ခစ်"

ဤသို့ပြောပြီး ကျွေ့ခက်က လှပသောကိုယ်ခန္ဓာတစ်ခုလုံး

www.burmeseclassic.com

www.burmeseclassic.com



သိမ့်သိမ့်တုန်အောင်ရယ်မောလိုက်လေသည်။

"ခင်ဗျားပြောတာကို ကျွန်တော်မငြင်းပါဘူး၊ ကျွန်တော် ဟာ လှပချောမောတဲ့မိန်းကလေးတွေကိုစိတ်ဝင်စားပါတယ်၊ ဒါ ပေမဲ့ ချိကျင်းက ကျွန်တော့်လိုမဟုတ်ဘူး၊ ကျွန်တော်နဲ့မတူဘူး"

"အချစ်မင်းသားတစ်ယောက်ဖြစ်တဲ့ရှင်ဟာ ကျွန်မတို့ မိုးနတ်မယ်အဖွဲ့နဲ့ပူးပေါင်းသင့်ပါတယ်၊ ကျွန်မတို့အဖွဲ့ထဲကိုဝင်ရင် ရှင့်အတွက် လောကစည်းစိမ်ကိုကြိုက်သလောက် ခံစားနိုင်မယ် ပြီးတော့.... ကျွန်မတို့ရဲ့အဖွဲ့ခေါင်းဆောင်ကိုယ်တိုင်က ရှင့်ကို လိုလားနေပါတယ်၊ ရှင်လက်ခံနိုင်မယ်ဆိုရင် ရွှေပိတုန်းမင်းသား အဆင့်ကိုတောင်ရမှာပါ"

"ကျွန်တော်က ဒီအလုပ်ကိုစိတ်မဝင်စားပါဘူး၊ ကြူးလန်း ရှုဟာ အမျိုးသမီးတွေရဲ့အမိန့်ပေးစေခိုင်းတာကိုနာခံတဲ့လူ မဟုတ် ဘူး"

"ကြူးလန်းရှု ကျွန်မဘယ်သူလဲဆိုတာကြည့်ပါဦး"

ကွေ့ခက်က ဤသို့ပြောပြီး မျက်နှာကိုဖုံးအုပ်ထားသော မျက်နှာဖုံးအားဆွဲဖြုတ်လိုက်၏။ ကွေ့ခက်၏လှပချောမောသော မျက်နှာလေးပေါ်လာသည်။ ကွေ့ခက်၏မျက်နှာလေးကိုမြင်ရ သောအခါ ကြူးလန်းရှုမှာ အလွန်စွာအံ့သြသွားသည်။



မိုးနတ်မယ်ဂိုဏ်း၏မဟူရာမြားကညာ ကွေ့ခက်သည် ကြူးလန်းရှုနှင့်ရက်ပေါင်း(၂၀)ကျော် ရင်းရင်းနှီးနှီးနေထိုင်ခဲ့သော ကို့ဆွေ့မေပင် ဖြစ်နေချေသည်တကား။

ကို့ဆွေ့မေသည် မနူးမနပ်ကျေးတောသူမိန်းကလေး တစ် ဦးမဟုတ်ကြောင်းကိုကား ကြူးလန်းရှု အကဲခတ်သိရှိခဲ့ရပြီးဖြစ် သည်။ သို့သော် ကို့ဆွေ့မေသည် မဟူရာမြားကညာ တစ်ယောက် ဖြစ်လိမ့်မည်ဟူ၍ကား ကြူးလန်းရှုမထင်မှတ်ခဲ့။

"အင်း... စိတ်မကောင်းစရာပဲ.... ခင်ဗျားက ဘာကြောင့် မိုးနတ်မယ်အဖွဲ့ရဲ့ မဟူရာမြားကညာဖြစ်နေရတာလဲ"

ကြူးလန်းရှုသည် လှုပ်ရှားလျက်ရှိသောစိတ်ကိုတည်ငြိမ် အောင်ထိန်းသိမ်းပြီးနောက် ပြောလိုက်သည်။

ကွေ့ခက်က...

"ဒါတွေမေးနေမဲ့အစား ကျွန်မနဲ့အတူ ပူးပေါင်းလိုက်ရင် ပြီးနေတာပဲ"

"ခင်ဗျားတို့အဖွဲ့ထဲကိုမဝင်နိုင်ပါဘူးလို့ ကျွန်တော်ပြော ပြီးပြီပဲ၊ နောက်ထပ်သွေးဆောင်စည်းရုံးဖို့မကြိုးစားပါနဲ့တော့"

"ကြူးလန်းရှု... ရှင်ဟာ ကျွန်မ တကယ်မြတ်နိုးမိတဲ့ ယောကျ်ားတစ်ယောက်ဖြစ်ပါတယ်၊ ဒီတော့ စိတ်ကူးမရှဲပါနဲ့ရှင်၊

www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အဖွဲ့ထဲကိုဝင်ပါ၊ ရှင်နဲ့ကျွန်မနဲ့ တစ်သက်လုံးအတူ သွားနိုင်မဲ့အပြင် စည်းစိမ်ဥစ္စာချမ်းသာတွေလဲ အများကြီးရနိုင် တယ်"

ကွေ့ခက်က ကြူးလန်းရှကိုမြူချိုသောအကြည့်လေးဖြ ကြည့်ပြီးပြောသည်။

"အင်း... ခက်တော့နေပြီ၊ ကျွန်တော်ဟာ အားကောင်း မောင်းသန်ယောကျ်ားကြီးတစ်ယောက်ပါ၊ အမျိုးသမီးတွေရဲ့အ အညီကိုအားကိုးမှီခိုပြီး မနေအပ်ပါဘူး"

"ကျွန်မတို့ရဲ့ကမ်းလှမ်းချက်ကို ရှင် တကယ်ပဲလက် တော့ဘူးလား"

"တကယ်ပါ... ဘယ်နည်းနဲ့မှလက်မခံနိုင်ပါဘူး"

"အင်း... ဒီလိုဆိုရင် ရှင့်အတွက် အများကြီးထိခိုက်နစ် ရလိမ့်မယ်၊ ကဲ.... ရှင့်ကိုရှင်းရှင်းပဲပြောမယ်၊ ဖြေဆေးကိုအချိ မသောက်နိုင်ရင် ရှင့်အသက်သေပြီသာမှတ်ပေတော့"

ကြူးလန်းရှ၏ရင်ထဲဝယ် တုန်လှုပ်ချောက်ချားသ သည်။ သို့သော် ထိတ်လန့်မှုအမူအရာကို မျက်နှာတွင်မပေါ် စေအောင်ထိန်းကာ ပြုံးရယ်၍ပြန်ပြောသည်။

"အင်း... တယ်လဲတိုက်ဆိုင်တာကိုး"



"ရှင် ဘာကိုဆိုလိုတာလဲ"

"ကြူးလန်းရှကို အလွယ်တကူမြှူဆွယ်ပြီး လှည့်စားလို့ ရနိုင်မယ်လို့များ ခင်ဗျားကထင်နေသလား.... ခင်ဗျားရဲ့တစ်ကိုယ် လုံးကို ကျွန်တော့်ရင်ခွင်ထဲပုံအပ်ခဲ့တဲ့အချိန်ကစပြီး ခင်ဗျားဟာ မိုးနတ်မယ်အဖွဲ့ဝင်တစ်ယောက်ဖြစ်မှန်း ကျွန်တော်ရိပ်မိခဲ့ပါတယ်"

ကြူးလန်းရှက ခပ်တည်တည်ပြောလိုက်သည်။

"အဲဒီလိုသိနေလျက်နဲ့.... ဘာကြောင့် မသိဟန်ဆောင်ပြီး ကျွန်မနဲ့အတူတူဆက်နေရတာလဲ"

"လှပချောမောပြီး စွဲမက်စရာကောင်းတဲ့ မိန်းကလေး တစ် ယောက်က သူ့လိုလို ကျွန်တော်ရင်ခွင်ထဲရောက်လာမှတော့ ရသမျှ အမြတ်ပဲဆိုပြီး မသိချင်ယောင်ဆောင်နေခဲ့တာပေါ့"

ကြူးလန်းရှ၏စကားကြောင့် ကွေ့ခက်မှာ အလွန်ဒေါပွ သွားသည်။

"ရှင် ကျွန်မအပေါ်သက်သက်မဲ့အမြတ်ထုတ်ခဲ့တာပေါ့... လူဆိုးကြီး"

ကွေ့ခက်ကဒေါသရောင်လွှမ်းသောမျက်လုံးများဖြင့် ကြူး လန်းရှကိုကြည့်ပြီးပြောသည်။

"ပြီးတော့ မနေ့ညတုန်းက ခင်ဗျားစားတဲ့အစားအစာထဲ

www.burmeseclassic.com

www.burmeseclassic.com



မှာ အဆိပ်ဆေးလုံးတစ်လုံးခတ်ထည့်ပေးထားလိုက်တယ်၊ အဲဒီအဆိပ်က မနက်ဖြန်မနက်ကျရင်တန်ခိုးပြလိမ့်မယ်"

"ရှင်... လိမ်တာ"

"လိမ်တာလား တကယ်လားဆိုတာ မနက်ဖြန်မနက်ကျရင် သိပါလိမ့်မယ်"

"အင်း... ရှင်နဲ့ကျွန်မနဲ့အကြံတူနေကြပြီ၊ ဒါပေမဲ့ ရှင့်မှာမိနေတဲ့အဆိပ်က နောက်နှစ်နာရီကြာရင် တန်ခိုးပြမှာဆိုတော့ ရှင်ဟာ သေမင်းနိုင်ငံကိုအရင်ရောက်မှာပဲ"

"အရင်သေတာနဲ့နောက်မှသေတာ မထူးပါဘူး၊ သေမင်းနိုင်ငံကိုသွားတဲ့တံခါးဝမှာ ခင်ဗျားကိုကျွန်တော်စောင့်နေပါ့မယ်"

"ကျွန်မကသေချင်မှသေမှာပေါ့"

"ခင်ဗျားက အဆိပ်တန်ခိုးမပြခင် ဖြေဆေးလိုက်ရှာကြည့်မယ်လို့စိတ်ကူးထားတာကိုး၊ ဒါပေမဲ့ ဒီလိုလုပ်ဖို့အချိန်မရတော့ဘူး၊ ခင်ဗျားကို အခုပဲကျွန်တော်ကသုတ်သင်ပစ်တော့မှာမို့ပါ"

ကြူးလန်းရှူကဤသို့ပြောပြီး ဓားရှည်ကိုထုတ်လိုက်၏။

"ကျွန်မသေသွားရင် ရှင့်အတွက်ဖြေဆေး ဘယ်ရနိုင်တော့မှာလဲ"

ကွေ့ခက်က နောက်သို့ခြေနှစ်လှမ်းဆုတ်ပြီးပြောသည်။



"မရချင်နေပါစေ... ကျွန်တော်ကတော့ ခင်ဗျားကို အခုသုတ်သင်ပစ်ရတော့မှာပဲ"

ကြူးလန်းရှူက ပါးစပ်မှပြောရင်း ရှေ့သို့လှမ်းတက်လာသည်။ ကွေ့ခက်လည်း ဘာမျှထပ်မပြောဘဲ သူမ၏လက်နက်ကိုဆွဲထုတ်လိုက်သည်။ ကွေ့ခက်၏လက်နက်မှာကျာပွတ်ပျော့တစ်ခုဖြစ်သည်။

ကျာပွတ်မှာ ခပ်သေးသေးသွယ်သွယ်ဖြစ်ပြီး အနက်ရောင်ဖြစ်သည်။ ကျာပွတ်ကိုထုတ်ယူပြီးသည်နှင့် ကွေ့ခက်က တစ်ချက်ဝှေ့ယမ်းကာ ကြူးလန်းရှူကိုလှမ်းရိုက်သည်။

ကြူးလန်းရှူက ဓားရှည်ဖြင့် ကျာပွတ်ကိုဆီး၍ခုတ်သည်။

"ဖတ်...."

ကျာပွတ်နှင့်ဓားရှည်ထိတွေ့မိသွားသည်။

သို့သော်.... ကျာပွတ်မှာပျော့ပျောင်းလွန်းသည့်အတွက် ပြတ်မထွက်ဘဲ ဓားရှည်တွင်ရစ်မိသွားသည်။ ကွေ့ခက်သည် ဓားရှည်ကိုရစ်ပတ်မိသောကျာပွတ်ကိုဆောင့်ဆွဲယူလိုက်သည်။

မိမိ၏ဓားရှည်ကို ကျာပွတ်ပျော့ဖြင့်ရစ်ပတ်မိမည်ကို ကြူးလန်းရှူက ကြိုတင်သိထားပြီးဖြစ်သည်။ ဓားရှည်ကို ကျာပွတ်ဖြင့်ရစ်ပတ်မိလျှင် ကွေ့ခက်ကဆွဲယူကာ အနီးကပ်တိုက်ခိုက်မည်ကို

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြိုတင်တွက်ဆထားသည်။

ယခု မိမိမျှော်လင့်ထားသည့်အတိုင်းဖြစ်လာသောကြောင့် ကြူးလန်းရှုသည်စိတ်ထဲမှကျိတ်ပြုံးရင်း ကွေ့ခက်ဆွဲယူသည့်အရှိန်အတိုင်းအသာမျှော၍ ရှေ့သို့တိုးတက်လိုက်ပါသွားသည်။

လက်တစ်ကမ်းအကွာသို့ရောက်သည်နှင့်ကွေ့ခက်က ဘယ်လက်ညှိုးနှင့်လက်ခလယ်တို့ကိုဆန့်ထုတ်ကာ ကြူးလန်းရှု၏ မျက်လုံးကိုလှမ်းထိုးသည်။

ဤတိုက်ခိုက်မှုမျိုးကား ကြူးလန်းရှု မျှော်လင့်မထားပေ။

ရုတ်တရက် အလစ်ဖမ်းအတိုက်ခံရမှုဖြစ်သောကြောင့်လည်း ရင်ထဲဝယ်ထိတ်ခနဲဖြစ်သွားသည်။

သို့သော်....

အတွေ့အကြုံရင့်နေသော သိုင်းသမားတစ်ယောက်ပီပီ ချက်ချင်းပင် ဉာဏ်သုံး၍လွတ်ပေါက်ရှာလိုက်နိုင်သည်။

ကြူးလန်းရှုသည် ညာလက်တွင်ဆုပ်ကိုင်ထားသော ဓားရှည်ကို ရုတ်တရက်လက်လွှတ်ပေးလိုက်သည်။ ဤတွင် ဓားရှည်ကို ကျားပွတ်ဖြင့်အားစိုက်ဆွဲယူနေသောကွေ့ခက်မှာ အားလွန်ကာ ဟန်ချက်ပျက်ပြီး နောက်သို့ယိမ်းယိုင်သွားသည်။

သို့ဖြစ်ရာ....



ကြူးလန်းရှု၏မျက်လုံးကိုဦးတည်လာသော လက်ချောင်းနှစ်ချောင်းမှာ လမ်းကြောင်းတိမ်းစောင်းသွားသည်။ ကြူးလန်းရှုက ဘယ်လက်ဖြင့် ကွေ့ခက်၏လက်ကောက်ဝတ်ကို ဆတ်ခနဲပုတ်ထုတ်ပြီးနောက်....

တစ်ပြိုင်နက်တည်းမှာပင် ကွေ့ခက်၏ရင်ဘတ်ကိုခြေထောက်ဖြင့်ကန်ထည့်လိုက်သည်။

ကွေ့ခက်မရှောင်နိုင်။ ခြေကန်ချက်ထိကာ ပက်လက်လန်လဲကျသွားသည်။ ကြူးလန်းရှုက မြေကြီးပေါ်ကျသွားသော ဓားရှည်ကိုလျင်မြန်စွာကောက်ယူပြီး ရှေ့သို့လွှားခနဲခုန်တက်ကာ ပက်လက်လန်လဲကျနေသောကွေ့ခက်၏ရင်ကို ဓားဦးဖြင့် ထောက်ထားလိုက်သည်။

ကွေ့ခက် ဘာမျှမတတ်နိုင်တော့။

"ရှင်က ကျွန်မကိုတကယ်ပဲသတ်သင်ပစ်တော့မှာလား"

ကွေ့ခက်က ကြူးလန်းရှုကိုထိတ်လန့်တကြားကြည့်ပြီး ပြောသည်။ ကြူးလန်းရှုက လူသတ်တော့မည့်အသွင်မျိုး။

မျက်နှာကိုတင်းတင်းပြုပြီး ပြန်ပြောသည်။

"ဖြေဆေးပေးရင်တော့ ချမ်းသာပေးမယ်၊ မဟုတ်ရင်တော့ ဒီနေ့ဒီအချိန်ဟာ ခင်ဗျားရဲ့နောက်ဆုံးအချိန်ပဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်အတွက်ဖြေဆေးပေးရင် ကျွန်မအတွက် ဖြေဆေးကိုကော ပြန်ပေးမှာလား"

"အင်း... ပေးမယ်"

"ရှင်ကတိတည်ပါစေနော်"

"တည်တယ်"

ကွေ့ခက်သည်.... အင်္ကျီရင်ဘတ်ထဲလက်နှိုက်ပြီး ကြွေပုလင်းလေးကိုထုတ်ယူကာ ကြူးလန်းရှူကိုပေးသည်။

"အဲဒါဖြေဆေးပဲ... ရွှေးစေ့လောက်သောက်လိုက်ရင် ရှင့်ကိုယ်ထဲမှာရှိတဲ့အဆိပ်တွေပြယ်သွားလိမ့်မယ်"

ပါးစပ်မှလည်းပြောသည်။ ကြူးလန်းရှူက ပုလင်းအဖုံးကိုဖွင့်ကာရှူကြည့်သည်။

သင်းပျံ့မွှေးကြိုင်သောရနံ့ရှူရသောကြောင့် ဖြေဆေးမှန်းစိတ်ချသွားသည်။

ထို့ကြောင့်..... ဓားကိုရုပ်သိမ်းကာ နောက်သို့ဆုတ်ပြီး ဆေးမှုန့်ရွှေးစေ့ခန့်လက်ဝါးပေါ်သွန်ထုတ်ပြီး ပါးစပ်ထဲထည့်ကာ သောက်လိုက်သည်။

"ကိုင်း... ရှင့်ရဲ့ဖြေဆေးကိုလဲပေးပါဦး"

ကွေ့ခက်လဲကျနေရာမှထရပ်ပြီး ပြောသည်။



ဖရိုဖရဲဖြစ်သွားသောအဝတ်အစားများကိုလည်း သေသေသပ်သပ်ဖြစ်အောင်ပြုပြင်လိုက်သည်။

"သိပ်လဲမလောပါနဲ့လေ ... ခဏလောက်စောင့်ပါဦး၊ ကျွန်တော်ရဲ့အခြေအနေကောင်းမှ ခင်ဗျားကိုဖြေဆေးပေးနိုင်မယ်"

ကြူးလန်းရှူကပြောပြီး ကြွေပုလင်းလေးကိုကွေ့ခက်အား ပြန်ပစ်ပေးလိုက်သည်။ ကွေ့ခက်သည် စိတ်ရှည်ရှည်ဖြင့်စောင့်နေသည်။ ကြူးလန်းရှူက အတွင်းအားဖြင့် သွေးလည်ပတ်မှုပြုကြည့်သည်။ မည်သို့မျှမဖြစ်ဘဲ ကောင်းမွန်ကြောင်းတွေ့ရသော အခါတွင်မှ မြေကြီးအနည်းငယ်ကိုကော်ယူကာ ဆေးလုံးလေး သဖွယ်လုံးပြီး ကွေ့ခက်ကိုလှမ်းပေးလိုက်သည်။

"ဒါကဘာလုပ်ရမှာလဲ"

ကွေ့ခက်က မြေကြီးလုံးလေးကိုကြည့်ပြီးမေးသည်။

"အဲဒါလေးကိုသောက်ချလိုက်ပါ... ခင်ဗျားကိုယ်မှာ မိနေတဲ့အဆိပ်တွေပြယ်သွားပါလိမ့်မယ်"

"ရှင်တကယ်ဆိုးပါလား... ယောကျ်ားမှစစ်ရဲ့လား"

ကွေ့ခက်ကဒေါသတကြီးပြောသည်။

"ကျွန်တော်ယောကျ်ားစစ်ဖြစ်တယ်ဆိုတာ ခင်ဗျားကိုယ်တိုင် အရက်နှစ်ဆယ်လုံးလုံးလက်တွေ့သိပြီးပြီမဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



ကြူးလန်းရှုက ပြုံးရယ်ပြီးပြောသည်။

"ရှင်ယောကျ်ားစစ်တယ်ဆိုရင် ပေးထားတဲ့ကတိအတိုင်း တည်ပါလား၊ ဘာကြောင့် ကျွန်မကိုဖြေဆေးထုတ်မပေးတာလဲ"

"ကျွန်တော်က ယောကျ်ားတစ်ယောက်ဆိုတော့ အလစ်မှာ အဆိပ်ခတ်တဲ့အလုပ်တွေ ဘာတွေမလုပ်ဘူး၊ ဒီတော့ ဖြေဆေးလဲ ကျွန်တော့်ဆီမှာမရှိဘူး"

ဤအခါတွင်မှ... ကွေ့ခက်သည် မိမိအညာမိသွားပြီဖြစ်ကြောင်း နားလည်မိသည်။

"ရှင်က ကျွန်မကိုအဆိပ်မခတ်ဘူးပေါ့"

ကွေ့ခက်က သေချာအောင်မေးသည်။

"မခတ်ပါဘူး"

"ရှင်ဟာ တကယ့်ကိုပရိယာယ်ဉာဏ်များတဲ့လူပဲ၊ နောက် တစ်ခါ ရှင်ကျွန်မလက်ထဲရောက်ရင်တော့ အသက်ချမ်းသာရာမရ ဘူးမှတ်ပါ"

ကွေ့ခက်သည် ပြောပြီးလှည့်ထွက်သွားမည်ပြုရာ ....

"နေပါဦးလေ"

ကြူးလန်းရှု၏လှမ်းအော်ဟန့်တားမှုကြောင့် ကွေ့ခက်၏ ခြေလှမ်းများတုံ့ခနဲရပ်သွားသည်။



"ရှင်က ဘာများပြောစရာရှိသေးလို့လဲ"

ကွေ့ခက်က ကြူးလန်းရှုကိုမေးသည်။

"မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်း ဘယ်မှာရှိတယ်ဆိုတာ ပြောပြပါလား"

"ဟွန့်... အလကားအိပ်မက်မက်မနေနဲ့"

ကွေ့ခက်ကပြောပြီး လှောက်လှမ်းထွက်သွားသည်။

"ရယ်ခက်အသတ်ခံရတဲ့ကိစ္စကို ခင်ဗျားဘယ်လိုရှင်းမှာ လဲ"

ကြူးလန်းရှု၏ပြောစကားကြောင့်....

ကွေ့ခက်မှာ ဆက်လက်မလှောက်လှမ်းနိုင်တော့ဘဲ ခြေ လှမ်းတုံ့ရပ်ကာ ကြူးလန်းရှုကိုလှည့်ကြည့်သည်။

"ဘာ... ရယ်ခက်အသတ်ခံလိုက်ရပြီဟုတ်လား"

ကွေ့ခက်က အံ့သြဟန်ဖြင့်ပြောသည်။

"မသိချင်ယောင်ဆောင်မနေပါနဲ့ဗျာ... ရယ်ခက်ကိုသတ် လိုက်တာ ခင်ဗျားပဲဆိုတာ ကျွန်တော်သိပါတယ်"

ကွေ့ခက်၏မျက်နှာ ကွက်ခနဲပျက်သွားသည်။

"ရှင်နော်... မဟုတ်တာတွေလှောက်ပြောမနေနဲ့၊ ရယ်ခက် က ကျွန်မရဲ့သွေးသောက်ညီအစ်မ မဟူရာမြားကညာတစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com



ပဲဟာ၊ ကျွန်မက အချင်းချင်း ဘာကြောင့် ပြန်ပြီးသတ်ရမှာလဲ"

"ဒါတော့ ကျွန်တော်ဘယ်သိနိုင်မှာလဲ၊ ဒါပေမဲ့ ရယ်ခက်သေရတာ ခင်ဗျားလက်ချက်ဖြစ်မှန်းတော့ကျွန်တော်သိတယ်"

"ရှင့်မှာ ဘာအထောက်အထားရှိလို့လဲ"

"ခင်ဗျားနှုတ်ပိတ်သွားတဲ့ဟူဟွေးဟာ ချက်ချင်း မသေပါဘူး၊ အသက်ငွေ့ငွေ့လေးနဲ့ကျန်တုန်း ကျွန်တော်မေးကြည့်တော့ ကွေ့ခက်ဆိုတဲ့နာမည်ကို မသေမီပြောပြသွားခဲ့တယ်၊ ကဲ... ခင်ဗျား ဘာငြင်းဦးမှာလဲ"

ကွေ့ခက်မျက်နှာအကြီးအကျယ်ပျက်သွား၏။

ထိတ်လန့်သည့်အမူအရာများ မျက်နှာပေါ် သိသိသာသာ ပေါ်လွင်လာသည်။

"အင်း... ဒီအကြောင်းကိုရှင်သိနေပြီဆိုတော့ ကျွန်မ အမှန်အတိုင်းပဲဖွင့်ပြောပါ့မယ်၊ ရှင့်အသက်ကိုကယ်တင်ချင်လို့ ရယ်ခက်ကိုသတ်ခဲ့ရတာပါ"

ကြူးလန်းရှုက နှာခေါင်းရှုံ့လိုက်ပြီး....

"အပိုတွေပြောမနေပါနဲ့ဗျာ.... တကယ်လို့ ခင်ဗျားက ကျွန်တော့်ကို တကယ်ပဲကယ်တင်ချင်ရင် မြွေဆိုးတွေကို ကျင်းထဲ မချခင်ကဘဲ ဝင်ရောက်စွက်ဖက်တိုက်ခိုက်ရမှာပေါ့"



"ကဲပါလေ... ရှင့်ကိုကယ်တိုင်ဖို့မဟုတ်ဘူးဘဲထားလိုက်ပါတော့၊ ဒါပေမဲ့ ရှင့်အသက်ဟာ ကျွန်မကြောင့်ချမ်းသာရာရခဲ့တာကိုတော့ ရှင်မမေ့ပါနဲ့"

"ဒီအတွက်ကိုတော့ ကျေးဇူးတင်ပါတယ်၊ ဒါကြောင့် မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်းတည်ရှိတဲ့နေရာကိုပြောပြမယ်ဆိုရင် ဒီကိစ္စကို ကျွန်တော်လျှို့ဝှက်ထားပါ့မယ်၊ မဟုတ်ရင်တော့ မိုးနတ်မယ်အဖွဲ့ခေါင်းဆောင်ဆီကိုအကြောင်းစုံပြောပြလိုက်မယ်"

"ကျွန်မက အဖွဲ့ဌာနချုပ်စခန်းတည်ရှိတဲ့နေရာကို ပြောမပြရင် ရှင့်အနေနဲ့အဖွဲ့ခေါင်းဆောင်ကို ဘယ်လိုလုပ်တွေ့နိုင်မှာလဲ"

"မိုးနတ်မယ်အဖွဲ့ဌာနချုပ်စခန်းကို မတွေ့တွေ့အောင် ရှာဖို့ကျွန်တော်ဆုံးဖြတ်ထားပါတယ်၊ ခင်ဗျားပြောပြရင်မြန်မယ်၊ ခင်ဗျားပြောမပြရင်တော့ အချိန်ပိုကြာမယ်၊ ဒါပဲကွာပါတယ်"

"ရှင်သိချင်တာကိုပြောပြရင် ရယ်ခက်နဲ့ပတ်သက်တဲ့ကိစ္စကို တကယ်လျှို့ဝှက်ထားမှာလား"

"စိတ်ချပါ"

"ကောင်းပြီ... ကျွန်မ ရှင့်ကိုပြောပြမယ်၊ မိုးနတ်မယ်အဖွဲ့ရဲ့ဌာနချုပ်စခန်းဟာ ပန်းတစ်ရာတောင်ကုန်းပေါ်မှာရှိပါတယ်"

"ဆွင့်ထိန်ဖုမြို့ရဲ့အနောက်ဘက် မိုင်နှစ်ဆယ်အကွာမှာ

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ပန်းတစ်ရာတောင်ကုန်းလား"

"ဟုတ်ပါတယ်"

"ခင်ဗျားတို့အဖွဲ့ခေါင်းဆောင်ရဲ့နာမည်ကကော ဘယ်[illegible]ခေါ်သလဲ"

"ရှင်သိချင်တဲ့အဖွဲ့ဌာနချုပ်စခန်းနေရာကို ပြောပြပြီး[illegible]နောက်ထပ်ရှည်ရှည်ဝေးဝေးတွေ မေးမနေနဲ့တော့၊ ရှင်ပေးထား[illegible]ကတိတည်ပါစေ"

ကွေ့ခက်သည် ဤသို့ပြောပြီးသည်နှင့်ပြေးထွက်သွား[illegible]ကိုယ်ဖော့ပညာသုံးကာပြေးသွားသည်မို့ တစ်ခဏအတွင်းမှာ[illegible]ကြူးလန်းရှု၏မြင်ကွင်းမှပျောက်သွားသည်။

◆◆

ပန်းတစ်ရာတောင်ကုန်းသို့ ကြူးလန်းရှုရောက်ရှိလာ[illegible]သည်။ ပန်းတစ်ရာတောင်ကုန်းသည် တောနက်ကြီးတစ်ခုထဲ[illegible]ရှိသည်။

ပန်းတစ်ရာတောင်ကုန်း၏ပတ်ပတ်လည်တွင် သစ်[illegible]များထူထပ်စွာပေါက်နေသည်။ တောနက်ပြီး အသွားအလာခေ[illegible]သောကြောင့် လူသူကင်းရှင်းသည်။



ပန်းတစ်ရာတောင်ကုန်းသို့လာရာလမ်းတွင်လည်း လူနေအိမ်ခြေဟူ၍မတွေ့ခဲ့ရပေ။ တိတ်ဆိတ်နေသည့်တောအုပ်၏အသွင်သဏ္ဌာန်မှာ လျှို့ဝှက်ကာထိတ်လန့်စရာကောင်းနေသည်။

ပန်းတစ်ရာတောင်ခြေသို့ရောက်သောအခါမှ တောင်ပေါ်သို့တက်သွားသည့်လူသွားလမ်းကြောင်းလေးကို တွေ့ရသည်။

လူသွားလမ်းလေးကိုတွေ့သောကြောင့် ဤနေရာဝယ် လူများနေထိုင်လျက်ရှိကြောင်း သိသာနိုင်သည်။ ထိုသို့နေထိုင်သူများမှာလည်း မိုးနတ်မယ်အဖွဲ့ဝင်များပင်ဖြစ်မည်ဟုလည်း ကြူးလန်းရှုတွေးမိသည်။

ကြူးလန်းရှုသည် သတိထားကာ မျက်စိကိုဖွင့်နားကိုစွင့်လျက် လူသွားလမ်းလေးအတိုင်း ပန်းတစ်ရာတောင်ကုန်းပေါ်သို့တက်လာခဲ့သည်။ ကိုက်(၁၀၀)ခန့် တက်မိသောအခါ လမ်းဘေးတွင် သစ်သားပြားတစ်ခုစိုက်ထူထားသည်ကိုတွေ့ရသည်။

"အတွင်းဘက်တွင် တောင်စောင့်နတ်မြွေကြီးရှိနေသည်။ ဤနေရာထက်ကျော်လွန်၍ မသွားပါနှင့်"

သစ်သားပြားပေါ်မှစာကြောင်းများဖြစ်သည်။

"ဒါက သူတို့ဌာနချုပ်စခန်းကို အပြင်လူတွေ ရုတ်တရက်မဝင်ရဲအောင် ပရိယာယ်ဆင်ပြီးခြိမ်းခြောက်ထားတာဖြစ်ရမယ်"

www.burmeseclassic.com

www.burmeseclassic.com



သစ်သားပြားပေါ် ရေးထွင်းထားသောစာများကိုဖတ်ကြည့်ပြီးနောက် ကြူးလန်းရှု၏စိတ်ထဲဝယ် ဤသို့တွေးမိသည်။

စာထဲတွင်ရေးထားသည့်အတိုင်း တကယ်စင်စစ် မြွေကြီးရှိနေလျှင်လည်း ကြူးလန်းရှုကအရေးမထားပေ။ ထို့ကြောင့် ရဲရဲတင်းတင်း ရှေ့သို့ဆက်ကာလျှောက်လှမ်းလာခဲ့သည်။

လျှောက်လှမ်းလာရင်း လမ်းဘေးဝယ် ပြန့်ကြဲနေသော အရိုးစုတစ်ခုကိုတွေ့လိုက်ရသည်။ အရိုးစုမှာ ပြည့်ပြည့်စုံစုံကောင်းမွန်မွန်မရှိ။ ပေါင်ရိုးများကြေမွပြီး ကျောဆစ်ရိုးများလည်း ကွဲကြေပြုတ်နေသည်။

ကြီးမားသော တိရစ္ဆာန်တစ်ကောင်၏ကိုက်ခဲတိုက်ခိုက်ခြင်းခံရပြီးသေဆုံးသွားရသူ၏အလောင်းမှ ကြွင်းကျန်သောအရိုးစုဖြစ်ဟန်တူသည်။

ကြူးလန်းရှုသည် သတိရှိရှိဖြင့်ဆက်လက်၍ တောင်ကုန်းပေါ်သို့တက်လာခဲ့သည်။ မကြာမီမှာပင် လိုဏ်ဂူဝတစ်ခုသို့ရောက်လာခဲ့သည်။ လိုဏ်ဂူဝမှာ... လူတစ်ယောက်ခေါင်းငုံ့ဝင်နိုင်ရုံသာကျယ်သည်။ လိုဏ်ဂူအပြင်ဘက်တွင်ပြန့်ကြဲနေသောအရိုးစုများကိုလည်းတွေ့ရသည်။

ကြူးလန်းရှုသည် လိုဏ်ဂူရှေ့၌ရပ်တန့်လိုက်သည်။



လိုဏ်ဂူထဲတွင် ကြီးမားသောမြွေကြီးနေထိုင်လေမည်လားဟုလည်းတွေးမိသည်။ သေချာဝင်ရောက်စစ်ဆေးကြည့်ရန် စိတ်ပိုင်းဖြတ်ပြီးနောက် ဓားရှည်ကိုအသင့်ကိုင်ကာ လိုဏ်ဂူထဲသို့ဝင်ခဲ့သည်။ ဂူ၏အတွင်းဘက်သည် လူတစ်ရပ်ခန့်မြင့်၏။ အကျယ် (၁၅)ပေခန့်ရှိပြီး ပေ (၅၀)ခန့်ရှည်လျားသည်။

ကြူးလန်းရှုက ဂူအတွင်းဘက်ကိုသေချာလိုက်လံစစ်ဆေးကြည့်သည်။ ထူးခြားသည့်အရာဆို၍ ဘာကိုမျှမတွေ့ရပေ။ စိတ်တိုင်းကျစစ်ဆေးကြည့်ပြီးနောက် ပြန်ထွက်မည်အပြုတွင် ဂူဝ၌ ကြီးမားသောမြွေကြီးတစ်ကောင်ပိတ်ဆို့လျက်ရှိနေသည်ကို တွေ့လိုက်ရလေတော့သည်။

ရုတ်တရက်မို့ ကြူးလန်းရှုလန့်ဖျတ်သွားမိသည်။

မြွေကြီးမှာ တကယ်ပင်ကြီးမားသည်။ ဦးခေါင်းက မြင်းခေါင်းလောက်ရှိကာ ကိုယ်လုံးကလည်းလူ၏ကိုယ်လုံးလောက်ကြီးသည်။ မြွေကြီးကပြူးကြောင်သောမျက်လုံးကြီးများဖြင့် ကြူးလန်းရှုကိုကြည့်သည်။ တိုက်ခိုက်ရန်ပြုတော့မည့်အသွင်မျိုး....

လိုဏ်ဂူထဲ၌မြွေကြီးနှင့်တိုက်ခိုက်ရပါက မိမိအတွက် စိတ်တိုင်းကျမလှုပ်ရှားနိုင်ဘဲ တစ်ပန်းရှုံးမည်ဖြစ်ကြောင်း ကြူးလန်းရှုရိပ်မိသည်။

www.burmeseclassic.com

www.burmeseclassic.com



မြွေကြီးက လိုဏ်ဂူဝတွင် ပိတ်ဆို့လျက်ရှိသောကြောင့် ကြူးလန်းရှုအဖို့ လိုဏ်ဂူအပြင်ဘက်သို့ထွက်ရန်လည်း အခွင့်အလမ်း မသာပေ။

ရုတ်တရက် အကြံကောင်းတစ်ခုစဉ်းစားမိသောကြောင့် အသင့်ဆောင်ထားသော မီးစာကောက်တစ်ခုကိုထုတ်ယူကာ မီးညှိလိုက်သည်။ မီးလောင်နေသောမီးစာတောက်ကို ဓားဖျားတွင် ထိုးကပ်သည်။ ထို့နောက် ဓားရှည်ကိုဆန့်တန်းကိုင်ကာ မြွေကြီးရှိရာသို့တစ်လှမ်းချင်းချဉ်းကပ်လာသည်။

ကြူးလန်းရှု၏အကြံမှာအတော်ပင်ဟုတ်သည်။ တိရစ္ဆာန်တိုင်းမီးကိုကြောက်သည်ဖြစ်ရာ မြွေကြီးမှာလည်းမီးတောက်လောင်နေသောမီးစာတောက်ကိုမြင်သည်နှင့် ချက်ချင်းပင် နောက်သို့တွန့်ဆုတ်သွားသည်။

ကြူးလန်းရှု အားတက်လာပြီး ရှေ့သို့ဆက်တက်လာ၏။ မြွေကြီးနောက်သို့ထပ်ဆုတ်သွားပြန်သည်။ ဤသို့ဖြင့် ဂူဝပွင့်သွားသည်။ မီးစာတောက် မီးလောင်၍မကုန်ဆုံးမီမှာပင် ကြူးလန်းရှုသည် လိုဏ်ဂူအပြင်သို့အရောက်ထွက်လာနိုင်ခဲ့သည်။

အပြင်သို့ရောက်ပြီးသည်နှင့် တုံ့ဆိုင်းမနေဘဲ ပေ(၁၀၀)ခန့် လျင်မြန်စွာ အားသွန်ပြေးပြီးမှ နောက်သို့လှည့်ကြည့်သည်။



မြွေကြီး၏အသွင်အပြင်အပြည့်အစုံကို ကြူးလန်းရှုမြင်ရပြီ။ ထိုအချိန်တွင် မြွေကြီးသည် ကြူးလန်းရှုရှိရာသို့ဦးတည်လာနေသည်။ မြွေကြီး၏လှုပ်ရှားမှုမှာ လျင်မြန်လှသည်။

တစ်ခဏအတွင်းမှာပင်... ကြူးလန်းရှု၏အနီးသို့ရောက်လာသည်။ ထိုအချိန်တွင်... မီးစာတောက်မှာ မီးငြိမ်းသွားပြီဖြစ်၍ မြွေကြီးသည်ကြောက်လန့်ခြင်းမရှိတော့။

ကြူးလန်းရှုအနီးသို့ရောက်သည်နှင့် ပါးစပ်ကြီးကိုဟကာ တအားကိုက်ချသည်။ မြွေကြီးပါးစပ်ဟထားသည်မှာ အလွန်ကျယ်လှသည်။ လူတစ်ယောက်ကိုကောင်းကောင်းမျိုချနိုင်မည့် ပါးစပ်မျိုးဖြစ်သည်။ အာခေါင်မှ မှုတ်ထုတ်လိုက်သောလေကလည်း ညှီစို့စို့နှင့် အော့အန်ချင်စရာကောင်းသည်။

ကြူးလန်းရှုက တုံ့ဆိုင်းမနေ ချက်ချင်း ဘေးသို့ ခြေတစ်ကွက်လှမ်းကာခုန်ရှောင်ပြီး မြွေကြီး၏ကိုယ်လုံးကိုဓားရှည်ဖြင့် ထိုးထည့်လိုက်သည်။ အားကုန်အင်ကုန်သုံး၍ထိုးလိုက်သောကြောင့် ဓားချက်ကပြင်းထန်လှသည်။ ဓားကလည်း ဦးတည်ရာကို တည့်တည့်ပင်ထိုးမိသည်။

သို့သော်... မြွေကြီး၏အကြေးခွံမှာမာကျောသည့်အပြင် ချောမွတ်နေသောကြောင့် ဓားကအသားထဲသို့စူးဝင်ခြင်းမရှိဘဲ

www.burmeseclassic.com

www.burmeseclassic.com



ဘေးသို့ချော်ထွက်သွားသည်။ ကြူးလန်းရှူမှာလည်း အားလွန်ကာ ဟန်ချက်ကိုမထိန်းနိုင်ဘဲ ကိုယ်ခန္ဓာရှေ့သို့ယိမ်းယိုင်လျက် မြွေကြီး၏ကိုယ်လုံးနှင့်ဝင်တိုးမိလုလုဖြစ်သွားသည်။

ကြူးလန်းရှူမှာ ရင်ထဲဝယ် ထိတ်ခနဲဖြစ်သွားပြီး ကြိုးစားကာ ကိုယ်ရှိန်သတ်၍ဟန်ချက်ကိုထိန်းလိုက်သည်။

"ဝှစ်....."

ထိုအခိုက် လေတိုးသံတစ်ခုကို ကြူးလန်းရှူကြားလိုက်ရသည်။ အသံလာရာသို့ ကပျာကယာကြည့်လိုက်ရာ မြွေကြီးက မိမိကိုအမြီးဖြင့်သိမ်း၍ရိုက်လာကြောင်းတွေ့ရသည်။

ကြူးလန်းရှူသည် မြေခွေးဘီလူးသိုင်းကွက်ဖြင့် မြွေကြီးပေါ်ဝယ်လှဲချလူးလိမ့်ကာ တိမ်းရှောင်လိုက်သည်။ ပြင်းထန်သောအဟုန်ဖြင့်ရိုက်လိုက်သောအမြီးကြီးက ကြူးလန်းရှူ၏ကိုယ်ပေါ်မှ ကပ်ကာလွဲထွက်သွားသည်။ လေရိုက်ခတ်ခံလိုက်ရသောကြောင့် ကြူးလန်းရှူ၏ကျောထဲစိမ့်သွားသည်။

မိမိ၏ဓားရှည်ဖြင့် မြွေကြီးကိုတိုက်ခိုက်၍မရနိုင်ကြောင်း ကြူးလန်းရှူရိပ်မိသည်။ ထို့ကြောင့်... ဓားရှည်ကိုပြန်သိမ်းပြီး မြွေကြီးအားတိုက်ခိုက်နိုင်မည့်နည်းလမ်းကို ရှာကြံစဉ်းစားသည်။

ကြူးလန်းရှူစဉ်းစားနေဆဲမှာပင်....



မြွေကြီးက ထပ်မံတိုက်ခိုက်လာပြန်သည်။ ကြီးမားသောပါးစပ်ကြီးကိုဖြဲကာ ကြူးလန်းရှူကိုကိုက်လာပြန်သည်။

ကြူးလန်းရှူသည် စိတ်ကူးတစ်ခုရသောကြောင့် ကမန်းကတန်းနောက်သို့ဆုတ်ကာ လူ့ခေါင်းခန့်ရှိသောကျောက်တုံး တစ်တုံးကိုကောက်ယူကာ အသင့်ပြင်ပြီး မြွေကြီးထပ်မံတိုက်ခိုက်လာမည်ကိုစောင့်နေလိုက်သည်။ မြွေကြီးသည် ကိုယ်ကိုတစ်ပတ်လှည့်ကာ ကြူးလန်းရှူရှိနေရာသို့ ပြန်ဦးတည်ပြီး ပါးစပ်ကြီးကိုဟလျက် တိုက်ခိုက်လာပြန်သည်။

ကြူးလန်းရှူကလက်ထဲတွင် ကိုင်ထားသောကျောက်တုံးကို မြွေကြီး၏ပါးစပ်ထဲသို့ပစ်သွင်းပြီး နောက်သို့ခုန်ကာ ရှောင်လိုက်သည်။ ကျောက်တုံးက ဖြဲထားသောပါးစပ်ထဲသို့ တန်းတန်းမတ်မတ်ပင်ဝင်သွားသည်။ မြွေကြီးသည် ခေါင်းကိုတစ်ချက် လှုပ်ရှားပြီး အာခေါင်တွင်းသို့ဝင်လာသောကျောက်တုံးကို မျိုချလိုက်သည်။

"တယ်ဟုတ်ပါလား... မင်းက ကျောက်တုံးကိုလဲ ဥတွေစားသလို စားတတ်တာကိုး၊ ကဲ... မင်းကို ကျောက်တုံးဥတွေ အဝကျွေးရမယ်"

ကြူးလန်းရှူက ပါးစပ်မှရေရွတ်ပြောကြားပြီး လှည်းခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ခနဲ့ရှိသောကျောက်တုံးတစ်ခုကိုကောက်ယူလိုက်ပြန်၏။ မြွေကြီးကအေါ်သတကြီးဖြင့် ပါးစပ်ဖြဲကာကိုက်လာရာ... ကြူးလန်းရှုကကျောက်တုံးကိုမြွေကြီး၏ပါးစပ်ထဲသို့ပစ်ထည့်လိုက်ပြန်သည်။

မြွေကြီးကလည်း စောစောကနည်းတူ ကျောက်တုံးကိုမျိုချလိုက်ပြန်သည်။ ဤသို့ဖြင့်... မြွေကြီးကပါးစပ်ဟကာတိုက်ခိုက်လိုက် ကြူးလန်းရှုကကျောက်တုံးကိုပစ်သွင်းလိုက်၊ မြွေကြီးက မျိုချလိုက်နှင့်ဖြစ်နေသည်။

နောက်ဆုံးတွင်... မြွေကြီး၏ဝမ်းဗိုက်ထဲသို့ ကျောက်တုံး (၂၀)ကျော်ရောက်ရှိသွားသည်။ ကျောက်တုံးများ၏အလေးချိန်မှာလည်း သေးသည်မဟုတ်။ ဝမ်းဗိုက်ထဲဝယ် ကျောက်တုံးများဖြင့်ပြည့်ကျပ်နေပြီဖြစ်ရာ မြွေကြီး၏လှုပ်ရှားမှုများမှာ နှေးကွေးလာသည်။ ကြူးလန်းရှုအတွက် အကွက်ကောင်းပေါ်လေပြီ။

ကြူးလန်းရှုသည် ခပ်ချွန်ချွန်ကျောက်တုံးငယ်တစ်ခုကိုကောက်ယူပြီး မြွေကြီး၏လက်ဝဲဘက်မျက်လုံးကိုချိန်ရွယ်ကာ ပစ်လိုက်သည်။

ကျောက်တုံးချွန်လေးက မြွေကြီး၏လက်ဝဲဘက်မျက်လုံးကိုစူးဝင်သွားသည်။ နာကျင်လှသောကြောင့် မြွေကြီးသည် အကြီးအကျယ်လှုပ်ရှားကာ ရုန်းကန်လေသည်။



ဤသို့ကိုယ်ခန္ဓာကိုတွန့်လိမ်ကာ လှုပ်ရှားသောအခါ ဝမ်းဗိုက်ထဲရှိကျောက်တုံးများလည်းလှုပ်ရှားပြီး အူများ အစာအိမ်များကိုရိုက်ခတ်မိကြလေရာ အူပေါက် အစာအိမ်ကြေဖြစ်ပြီး မကြာမီမှာပင် မြွေကြီးသည် မြေကြီးပေါ်ဝယ် ဆန့်ဆန့်ကြီးဖြစ်သွားတော့သည်။

အသက်မသေသေးသော်လည်း အချိန်ကြာကြာ အသက်ရှင်စရာအကြောင်းမရှိတော့။ ယခုမှပင်... ကြူးလန်းရှု သက်ပြင်းချလိုက်နိုင်သည်။ ဓားဖြင့်ထိုးခုတ်၍ပင်မရနိုင်သောမြွေကြီးကို ဉာဏ်ကူကာ အနိုင်ယူလိုက်နိုင်သောကြောင့် အတော်လေးကျေနပ်သွားသည်။ မလှုပ်မယှက်လဲကျနေသောမြွေကြီးကို ကျေနပ်စွာကြည့်နေခိုက် ရုတ်တရက် နောက်ဘက်မှမြားတစ်စင်းဝင်လာသံကို ကြူးလန်းရှုကြားလိုက်ရသည်။

ကျင့်သားရနေသော မျက်လုံးများက ချက်ချင်းပင် အသံလာရာသို့ရောက်သွားသည်။ မိမိတို့ထံရှေ့ရှုကာ လွင့်ပျံဝင်ရောက်လာသောမြားတစ်စင်းကို ကြူးလန်းရှုတွေ့လိုက်ရသည်။

မြားမှာ... သာမန်မြားများထက်အနည်းငယ်တိုပြီး အရိုးလည်းသေးသွယ်သည်။ မြားမြီးကမူ အလွန်လှပသောငှက်မွေးရှည်များဖြစ်သည်။

www.burmeseclassic.com



မြားလွှင့်ပျံဝင်ရောက်လာသည်မှာ... လှပသောငှက်တစ်ကောင်ပျံသန်းလာသည့်နှယ် ကြည့်၍ကောင်းနေလေသည်။

သို့သော် ထိုမြားတံသည် အသက်ဇီဝိန်ကိုခြွေယူသွားနိုင်သောကြောင့် ကြူးလန်းရှ ကမန်းကတန်းဘေးသို့ခုန်ရှောင်လိုက်သည်။ မြားကလည်း ချက်ချင်းပင် လမ်းကြောင်းပြောင်းကာ ကြူးလန်းရှုရှောင်သည့်ဘက်သို့ ဦးတည်လာသည်။

ကြူးလန်းရှုလန့်သွားသည်။

"ဟာ... ပစ်မလွဲမြားပါလား"

ပါးစပ်မှလည်း လွှတ်ခနဲရေရွတ်လိုက်မိသည်။

ပစ်မလွဲမြားအကြောင်းကို ကြူးလန်းရှုကြားဖူးထားသည်မှာကြာပြီ။ မြားကိုပစ်လွှတ်တိုက်ခိုက်ပါက မည်သို့မျှတိမ်းရှောင်၍မရ။ တိမ်းရှောင်ရာနေရာသို့ မြားကလမ်းကြောင်းပြောင်း လိုက်ပါလာပြီး ထိမှန်နိုင်သည်ဟုအဆိုရှိသည်။

ပစ်မှတ်ရွေ့လျားသည့်အတိုင်း လမ်းကြောင်းပြောင်း၍ ထိမှန်နိုင်အောင် ပစ်မလွဲမြားကို ဆန်းပြားသောစက်ယန္တရားများဖြင့် စီမံပြုလုပ်ထားသည်ဟုလည်းပြောကြသည်။

ပစ်မလွဲမြားအကြောင်းကြားဖူးသော်လည်း တစ်ကြိမ်တစ်ခါမျှ ကိုယ်တွေ့မကြုံခဲ့ရသောကြောင့် ပစ်မလွဲမြားဆိုသည်မှာ



သိုင်းသမားများ၏စိတ်ကူးယဉ်ချက်တစ်ခုသာဖြစ်မည်ဟု ကြူးလန်းရှုထင်ခဲ့သည်။

ယခုတော့ ပစ်မလွဲမြားကို ကိုယ်တိုင်ရင်ဆိုင်နေရလေပြီ။

မည်သို့တိမ်းရှောင်ရမည်နည်း။

တိမ်းရှောင်ရာနောက်သို့ လမ်းကြောင်းပြောင်း၍လိုက်လာနေသောပစ်မလွဲမြား၏စက်ကွင်းမှ ကြူးလန်းရှုလွတ်နိုင်ပါမည်လား။

ရုတ်တရက် ပစ်မလွဲမြားနှင့်ပတ်သက်သော ထူးခြားသည့်ဆိုရိုးစကားတစ်ခုကို ကြူးလန်းရှုအမှတ်ရမိသည်။ ပစ်မလွဲမြားနှင့်ပစ်ခတ်ခြင်းခံရလျှင်တိမ်းရှောင်၍လည်းမရ။ လက်ရှိလက်နက်ဖြင့် ခုခံပယ်ရှား၍လည်းမဖြစ်။ လက်တွင်ကိုင်ထားသောလက်နက်ကိုခပ်ဝေးဝေးသို့စွန့်ပစ်မှသာ ပစ်မလွဲမြားကိုရှောင်ရှားနိုင်မည်ဟုလည်းပြောစမှတ်ပြုသည်။

ထို့ကြောင့် ကြူးလန်းရှုသည် စွန့်စားစမ်းသပ်သည့်အနေဖြင့် ဓားရှည်ကိုကောင်းကင်ပေါ်သို့ မြှောက်ပစ်တင်လိုက်သည်။ ပစ်မလွဲမြားနှင့်ပတ်သက်သည့် ဆိုရိုးစကားမှန်သည်ဟုဆိုရမည်။ ကြူးလန်းရှုရှိရာသို့ ဦးတည်လာနေသောမြားသည် ဓားရှည်နောက်သို့လမ်းကြောင်းပြောင်းကာလိုက်သွားပြီး....

www.burmeseclassic.com

www.burmeseclassic.com



လေထဲတွင်ရှိနေသောဓားရှည်ကို ခေါင်ခနဲသွားရောက်ထိမှန်သည်။ ထို့နောက်.... မြားရော ဓားရှည်ပါ အောက်သို့ပြုတ်ကျလာသည်။

ကြူးလန်းရှု ဓားကိုပြန်ကောက်ထားလိုက်သည်။

ထိုအချိန်မှာပင်... ပစ်မလွဲမြားပစ်ခတ်သူကို ကြူးလန်းရှု တွေ့ရလေတော့သည်။ ထိုသူမှာ ထိုအမျိုးသမီးတစ်ယောက်ဖြစ်သည်။ သို့သော် ကြူးလန်းရှုမျှော်မှန်းထားသလို နတ်မိမယ်တမျှလှပသောအမျိုးသမီးတစ်ယောက်ကား မဟုတ်ပေ။

မိုးနတ်မယ်အဖွဲ့၏ ဌာနချုပ်စခန်းတွင်... အလှထိပ်ခေါင်တင်အမျိုးသမီးများကိုသာတွေ့ရမည်ဟု ကြူးလန်းရှုက ထင်မြင်ယူဆထားခဲ့သည်။

ယခုတွေ့ရသည့်အမျိုးသမီးမှာမူ သာမန်ရွက်ကြမ်းရေကျိုရုပ်ရည်မျိုးသာဖြစ်သည်။ အလှထိပ်ခေါင်တင်များကို မြင်ရမည်ဟု မျှော်မှန်းထားသော ကြူးလန်းရှု၏မျက်စိတွင်မူ ဤသာမန်ရွက်ကြမ်းရေကျိုရုပ်ရည်ပိုင်ရှင်ကို ရုပ်ဆိုးမဟုပင်ထင်မိသည်။

ထိုအမျိုးသမီးသည် အသက်(၂၅)နှစ်ခန့်ရှိသည်။ အစိမ်းရောင်ဝတ်စုံကိုဝတ်ထားသည်။ ကိုယ်လုံးကိုယ်ထည် တောင့်တင်းကာ သန်စွမ်းပုံရသည်။



ကျောတွင် မြားကျည်တောက်တစ်ခုလွယ်ထားပြီး လက်တွင် လေးတစ်စင်းကိုကိုင်ထားသည်။

သစ်ပင်ချုံနွယ်များကြားမှ ခြေလှမ်းတစ်လှမ်းချင်းဆောင့်နင်းကာထွက်လာခြင်းဖြစ်သည်။ ခြေလှမ်းများမှာ အားပါလှ၏။

ခြေတစ်လှမ်းချင်း လှမ်းလိုက်တိုင်း မြေပြင်ပင် သိမ့်သိမ့်တုန်သွားသလို ကြူးလန်းရှုထင်မိသည်။

"မိုးနတ်မယ်အဖွဲ့မှာ ဒီလိုရုပ်ရည်မျိုးနဲ့အမျိုးသမီးတွေလဲရှိသေးတာကိုး"

ကြူးလန်းရှုက ဤသို့တွေးလိုက်မိသည်။

"ရှင်ကဘယ်သူလဲ"

အမျိုးသမီးသည် ကြူးလန်းရှုနှင့် (၁၀)ပေခန့်အကွာတွင်ရပ်ပြီးမေးလိုက်သည်။

"ခင်ဗျားကကောဘယ်သူလဲ"

ကြူးလန်းရှုသည် မိမိအမည်ကိုမပြောလိုသောကြောင့် ပြန်လည်မေးခွန်းထုတ်လိုက်သည်။

"ကျွန်မနာမည်ရန်ရှန်ပါ၊ မေမေကတော့ အလှဘုရင်မရန်ရှန်လို့အမည်တပ်ပေးထားပါတယ်"

ရွက်ကြမ်းရေကျိုရုပ်ရည်ရှိသူအမျိုးသမီးက သူ့ကိုယ်သူ

www.burmeseclassic.com

www.burmeseclassic.com



အလှဘုရင်မဟုပြောလိုက်သည့်အတွက် ကြူးလန်းရှမှာ ရယ်ချင်စိတ်ကို မနည်းပင်ချုပ်တည်းထားလိုက်ရသည်။

"ခင်ဗျားဘယ်နယ်ကလဲ"

ကြူးလန်းရှကထပ်မေးသည်။

"ကျွန်မ ဒီပန်းတစ်ရာတောင်ကုန်းမှာမွေးပြီး ဒီမှာပဲ ကြီးပြင်းလာခဲ့ပါတယ်"

"ပန်းတစ်ရာတောင်ကုန်းမှာပဲ အမြဲနေသလား၊ အပြင်ကိုကော ထွက်လည်ဖူးသလား"

"ဟင့်အင်း... အပြင်ကိုထွက်မလည်ဖူးဘူး၊ ဒီမှာပဲနေတယ်... မေမေကပြောတယ် အပြင်လောကကအမျိုးသမီးတွေဟာ ကျွန်မလိုမလှဘူး မချောဘူးတဲ့"

"ပြီးတော့... ကိုယ်ပေါ်မှာလဲ အနာရောဂါမျိုးစုံရှိတယ်တဲ့၊ အဲဒါ... အပြင်လောကကိုထွက်ပြီး အဲဒီအမျိုးသမီးတွေနဲ့တွေ့ရရင် ကျွန်မကိုရောဂါတွေကူးမယ်... သူတို့က ကျွန်မရဲ့အလှကိုလဲ မနာလိုဖြစ်ပြီး အန္တရာယ်ပေးကြမယ်လို့လဲပြောတယ်... ရှင်က အပြင်လောကကအမျိုးသမီးတွေကိုမြင်ဖူးခဲ့တဲ့လူဆိုတော့ ပြော စမ်းပါဦး.... ကျွန်မဟာ အပြင်လောကက အမျိုးသမီးတွေထက် ပိုလှရဲ့လား"



ဤစကားများအရ ရန်ရှန်သည် ပြင်ပလောကသို့မရောက်ဘူးကြောင်း ထင်ရှားသည်။

အတွေ့အကြုံဗဟုသုတလည်း အလွန်နည်းကာ....

ရိုးအပြီး ပွင့်လင်းလှကြောင်း... ကြူးလန်းရှ အကဲခတ်မိလေသည်။

"ခင်ဗျားဟာ ကျွန်တော်တွေ့ဖူးသမျှ အမျိုးသမီးတွေထဲမှာတော့ အချောဆုံးအလှဆုံး အလှထိပ်ခေါင်တင်တစ်ယောက်ပါပဲ"

ကြူးလန်းရှက ရန်ရှန်ကိုအကြိုက်ဆောင်ကာ ပြောလိုက်သည်။ ကြူးလန်းရှ၏စကားကို ရန်ရှန်အလွန်သဘောကျပြီး ဖြုံးပြုံးကြီးဖြစ်သွားသည်။

"အင်း... ရှင်ဟာ တကယ့်ကိုခင်မင်စရာကောင်းတဲ့လူပဲ၊ ကျွန်မတို့ရဲ့အစောင့်နတ်မြွေကြီးကို ရှင်ကသတ်ပစ်လိုက်ပေမဲ့ ရှင့်အပေါ်မှာတော့ ကျွန်မက အပြစ်မတင်ပါဘူး၊ ရှင့်နာမည်ကို ပြောပါဦးလေ"

ကြူးလန်းရှက မိမိအမည်ကိုမပြောလိုသေးသည့်အတွက် စကားလမ်းကြောင်းကိုပြောင်းလိုက်သည်။

"ဟောဒီမြွေကြီးက ခင်ဗျားတို့ရဲ့အစောင့်မြွေလား"

"ဟုတ်ပါတယ်... ဒီမြွေကြီးကို ကျွန်မအမေမကိုယ်တိုင်

www.burmeseclassic.com



တောင်ပိုင်းပြည်နယ်ကရှာဖွေဖမ်းယူပြီး ခေါ်လာခဲ့တာပါ"

"ခင်ဗျားအမေကဘယ်သူလဲ"

"ကျွန်မအမေရဲ့နာမည်က ရှာယွင်ပါ၊ သူ့ကို ကျားဖြူမရှာယွင်လို့လဲခေါ်တယ်"

"ခင်ဗျားအမေက မိုးနတ်မယ်အဖွဲ့မှာအတော်လေး အရေးပါတဲ့လူတစ်ယောက်ဖြစ်မယ်"

"မိုးနတ်မယ်အဖွဲ့ဟုတ်လား၊ အဲဒါကို ကျွန်မ မကြားဖူးပါဘူး၊ ကဲ... ရှင်ဒီမှာခဏစောင့်နေ၊ မေမေ့ကို ကျွန်မသွားခေါ်လိုက်မယ်၊ မေမေနဲ့တွေ့တော့မှ ရှင်ကိုယ်တိုင်မေးကြည့်ပေတော့"

ဤသို့ပြောပြီးနောက် ရန်ရှန်သည် ကြူးလန်းရှ၏အဖြေစကားကိုပင်မစောင့်တော့ဘဲ ချာခနဲလှည့်ကာ သစ်ပင်ချုံနွယ်များကြားသို့ပြေးဝင်သွားသည်။ ကြူးလန်းရှသည် ကျောက်တုံးကြီးတစ်လုံးပေါ်ဝယ်ထိုင်ချပြီး ရန်ရှန်တို့သားအမိပြန်အလာကိုစောင့်နေလိုက်သည်။

*ပထမပိုင်းပြီး၏။*

*၃–ဇာတ်သိမ်းဆက်လက်ဖတ်ရှုပါရန်။*

www.burmeseclassic.com